မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၀ ပြည့်နှစ်၊ နှောင်းတန်ခူးလဆန်း ၅ ရက်၊ ၂၀၀၉ ခုနှစ်၊ မတ် ၃၀ ရက်၊ တနင်္လာနေ့၊ အတွဲ (၄၈)၊ အမှတ် (၁၈၁)

ပဏ္ဍိတာနဉ္စသေဝနာ ဧတံ မင်္ဂလ မုတ္တမံ

ပညာရှိသောသူကို
မှီဝဲဆည်းကပ်ခြင်းသည်
မြတ်သော မင်္ဂလာမည်၏။

(၆၄)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့်
သန်လျင်မြို့နယ်၌ ကျောင်းဆောင်သစ်များ လွှဲပြောင်းပေးအပ်ပွဲကျင်းပ

ရန်ကုန် မတ် ၂၉

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့် လိုက်ပါလျက် မတ် ၂၆ရက် နံနက် ၉နာရီခွဲတွင် ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ် ချောင်းစောက်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်းခွဲသို့ ရောက်ရှိသည်။

ပေးအပ်

ထို့နောက် ကျောင်းဆောင်သစ်အတွင်း၌ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ တိုင်းမှူး၊ ရွှေတောင်ဖွံ့ဖြိုးမှုကုမ္ပဏီလီမိတက်ဥက္ကဋ္ဌနှင့် ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများ၊ သံရုံးတာဝန်ရှိသူများက ကျောင်းသား ကျောင်းသူများအတွက် ကျောင်းသုံးဗလာစာအုပ်၊ ဘောပင်နှင့် ခဲတံများကို ဆရာမနှင့် ကျောင်းသူများထံ ပေးအပ်ကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် အဖွဲ့ဝင်များသည် နံနက် ၁၀နာရီ ၁၅မိနစ်တွင် သန်လျင်မြို့နယ် ငါးပြေမကျေးရွာ အခြေခံပညာမူလတန်းကျောင်းသို့ ရောက်ရှိကြသည်။ *စာမျက်နှာ ၃ ကော်လံ ၁* ❐

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ (၆၄)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် လွှဲပြောင်းပေးအပ်သော သန်လျင်မြို့နယ် ငါးပြေမကျေးရွာ အခြေခံပညာမူလတန်းကျောင်းဆောင်သစ်အတွင်း ပညာသင်ကြားနေသည့် ကျောင်းသားကျောင်းသူများအား ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

ကုန်စည်ပို့ဆောင်ရေး၊ ပညာရေး၊ ကျန်းမာရေးကဏ္ဍများအတွက် အထောက်အပံ့ဖြစ်စေပြီး
လမ်းပန်းဆက်သွယ်မှု ပိုမိုမြန်ဆန်လာမည့် ပဲခူးမြစ်ကူးတံတား(ကဝ)တည်ဆောက်ဖွင့်လှစ်

နေပြည်တော် မတ် ၂၉

(၆၄)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တံတားဆောက်လုပ်ရေးစီမံကိန်း အထူးအဖွဲ့(၁)က ပဲခူးတိုင်း ပဲခူးမြစ်ကို ဖြတ်သန်းပြီး ပဲခူးမြို့နယ်နှင့် ကဝမြို့နယ်တို့ကို ဆက်သွယ်တည်ဆောက်ပြီးစီးသွားသော ပဲခူးမြစ်ကူးတံတား(ကဝ)ဖွင့်ပွဲအခမ်းအနားကို မတ်၂၁ရက် နံနက် ၇နာရီတွင် ပဲခူးမြို့နယ် ထုံးကြီးကျေးရွာဘက်ကမ်း အဆိုပါတံတားအနီးရှိ မင်္ဂလာမဏ္ဍပ်၌ ကျင်းပသည်။

တက်ရောက်

တံတားဖွင့်ပွဲအခမ်းအနားသို့ ပဲခူးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှမင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင့်ဆွေ၊ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်ဝင်း၊ တိုင်း၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ တံတားဆောက်လုပ်ရေးစီမံကိန်း အထူးအဖွဲ့(၁)မှ အရာထမ်း အမှုထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဒေသခံတိုင်းရင်းသား၊ တိုင်းရင်းသူ ပြည်သူများ တက်ရောက်ကြသည်။ *စာမျက်နှာ ၈ ကော်လံ ၁* ✳

ပဲခူးမြစ်ကူးတံတား(ကဝ)ကို တွေ့ရစဉ်။ (သတင်းစဉ်)

30-3 (01).pmd 1 3/30/2009, 1:54 AM

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၉ ခုနှစ် မတ် ၃၀ ရက်)

နက္ခတ်တာရာပြခန်း(နေပြည်တော်) အောင်မြင်စွာဖွင့်လှစ်နိုင် မျိုးဆက်သစ်လူငယ်များ အာကာသသိပ္ပံပညာ စူးစမ်းလေ့လာနိုင်ကြမည်

သစ်တောရေးရာဝန်ကြီးဌာန နက္ခတ်တာရာပြခန်း(နေပြည်တော်) ဖွင့်ပွဲအခမ်းအနားကို နေပြည်တော်ရှိ တိရစ္ဆာန်ဥယျာဉ်(နေပြည်တော်)အနီး အဆိုပါပြခန်း၌ မတ်လ၂၆ရက်နေ့က ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး တက်ရောက် ဖွင့်လှစ်ပေးခဲ့သည်။

နက္ခတ်တာရာပြခန်း(နေပြည်တော်)ကို ပြည်သူလူထုအပန်းဖြေကြည့်ရှုနိုင်ရန်၊ ဗဟုသုတများ တိုးပွားစေရန်နှင့် အနာဂတ်မျိုးဆက်သစ် လူငယ်လူရွယ်များ အာကာသသိပ္ပံပညာရပ်များကို လေ့လာစူးစမ်းလိုစိတ်များ ကိန်းအောင်းဖြစ်ပေါ်လာစေရန် ရည်ရွယ်တည်ဆောက်ပေးခဲ့ခြင်း ဖြစ်သည်။

နက္ခတ်တာရာပြခန်း ဒီဇိုင်းပုံစံနှင့် အဆောက်အအုံတည်ဆောက်မှုအားလုံးကို နိုင်ငံသားအင်ဂျင်နီယာများ၏ ကြိုးပမ်းဆောင်ရွက်ခဲ့မှုဖြင့် တည်ဆောက်ထားခြင်းဖြစ်ပြီး မြန်မာအင်ဂျင်နီယာတို့၏ပညာရပ်စွမ်းပကားဖြင့် တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်ခဲ့ကြခြင်း ဖြစ်သည်။

ယနေ့ကမ္ဘာပေါ်တွင် ခေတ်မီနက္ခတ်တာရာပြခန်း တည်ဆောက်ထားနိုင်သည့် နိုင်ငံများစွာမရှိသေးဘဲ နက္ခတ်တာရာပြခန်း စုစုပေါင်း ၃၀၀ကျော်ခန့်သာရှိပြီး ခေတ်မီနည်းပညာနှင့် အဆင့်မြင့်ဒစ်ဂျစ်တယ်သုံး စက်ကိရိယာများ တပ်ဆင်နိုင်သော နက္ခတ်တာရာပြခန်းများကို ဖွံ့ဖြိုးပြီးနိုင်ငံ အချို့၌သာ တည်ဆောက်ဖွင့်လှစ်နိုင်ခဲ့သည်။

အပြည်ပြည်ဆိုင်ရာ နက္ခတ္တဗေဒနှစ်တွင် မြန်မာနိုင်ငံအနေဖြင့် ၂၀၀၉ခုနှစ်အစပိုင်း၌ နက္ခတ်တာရာပြခန်း(နေပြည်တော်)ကို အောင်မြင်စွာ ဖွင့်လှစ်နိုင်ခဲ့ခြင်းသည် မြန်မာနိုင်ငံ၌သာမက ကမ္ဘာ၌ပါ ဂုဏ်ယူဖွယ်ရာဖြစ်ပေသည်။

ယင်းပြခန်းတွင် နက္ခတ်ပြခန်းပင်မဆောင်၊ ပညာပေးပြခန်းနှင့် ရှင်းလင်းဆောင်တို့ ပါဝင်ဖွဲ့စည်းထားပြီး တင်ဆက်ပြသမှုဆိုင်ရာ စက်ကိရိယာ ပစ္စည်းများကို နောက်ဆုံးပေါ်ခေတ်မီစက်သစ်များဖြင့် တပ်ဆင်အသုံးပြုထားသည်။

သို့ဖြစ်ပေရာ အနာဂတ်မျိုးဆက်သစ်များ နိုင်ငံတကာနှင့် ရင်ပေါင်တန်းကာ အာကာသသိပ္ပံပညာရပ်များတွင် ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်ပြီး ခေတ်မီအဆင့်မြင့် နက္ခတ်တာရာပြခန်း(နေပြည်တော်)ကို ဖွင့်လှစ်နိုင်ခဲ့ခြင်းသည် မြန်မာနိုင်ငံ၏ဂုဏ်အင်ကို ကမ္ဘာသို့တိုင် ဖော်ထုတ်ပြသနိုင်ခြင်းဖြစ်၍ နိုင်ငံဂုဏ်ဆောင် ပြယုဂ်တစ်ခုဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မြဝတီ ရုပ်မြင်သံကြား

၃၀-၃-၂၀၀၉ (တနင်္လာနေ့)

နံနက်ပိုင်း

၇:၀၀	၁။	မြဝတီအဖွင့်
၇:၀၅	၂။	အဖွင့်သီချင်း
၇:၁၀	၃။	မိုးချစ်တပ်မတော်
၇:၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၇:၄၅	၆။	**မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၇:၅၀	၇။	သာယာသီကြွေး ခေတ်ဆန်းတေး
၇:၅၅	၈။	အမျိုးသားရေးတေးကဗျာ
၈:၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၁၀။	အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄:၀၀	၁။	မြဝတီအဖွင့်
၄:၀၅	၂။	အဖွင့်သီချင်း
၄:၁၀	၃။	အမျိုးသားရေးတေးကဗျာ
၄:၁၅	၄။	ချိုမြလက်သံငြိမ့်ညောင်းဟန်
၄:၂၀	၅။	ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄:၂၅	၆။	မိုးချစ်တပ်မတော်
၄:၄၀	၇။	**မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၄:၅၀	၈။	ဗွီစီဒီကျော်ကြားတေးများ
၅:၄၀	၉။	သာယာသီကြွေး ခေတ်ဆန်းတေး
၆:၀၀	၁၀။	မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၁၁။	နိုင်ငံတကာသတင်း
၆:၂၀	၁၂။	အမျိုးသားရေးတေးကဗျာ
၆:၂၅	၁၃။	လျှပ်တစ်ပြက်
၆:၄၀	၁၄။	သွက်လက်လှုပ်ရှား ကစားစို့လား
၇:၀၀	၁၅။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ကျွန်တော့်ချစ်သူ** (အပိုင်း-၁၈)
၈:၀၀	၁၆။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၇။	မိုးလေဝသသတင်း
	၁၈။	အမျိုးသားရေးတေးကဗျာ
	၁၉။	မေးမြန်းစူးစမ်း
	၂၀။	သီဆိုဖြေဖျော်တစ်ကိုယ်တော်
	၂၁။	ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
	၂၂။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ကိတ်မုန့်ချစ်သူ** (အပိုင်း-၉)

ရေငန်ငါး၊ ပုစွန် မျိုးစိုက်ထည့်ခြင်းနှင့် ကတ္တရာလမ်းသစ်များ ဖွင့်ပွဲ
တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်ဦး တက်ရောက်

နေပြည်တော် မတ် ၂၉

တနင်္သာရီတိုင်း ငါးလုပ်ငန်းဦးစီးဌာနနှင့် တိုင်းငါးလုပ်ငန်းအဖွဲ့ချုပ်၊ ရေလုပ်ငန်းကုမ္ပဏီများ၊ ရေလုပ်ငန်းရှင်များ ပူးပေါင်းဆောင်ရွက်သော ရေငန်ငါး၊ ပုစွန်သားပေါက်များ မျိုးစိုက်ထည့်ခြင်းအခမ်းအနားကို မတ်၂၁ရက်က မြိတ်မြို့ အပြည်ပြည်ဆိုင်ရာ ငါးလေလံဈေး၌ ကျင်းပရာ အခမ်းအနားသို့ တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်ဦး၊ တိုင်း၊ ခရိုင်၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ရေလုပ်ငန်းရှင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းမှူးက အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ရေငန်ပုစွန်သားပေါက်များနှင့် ကကတစ်ငါးသားပေါက်များအား ငါးလေလံဈေးအနီး ရေပြင်၌ ငါးမျိုးစိုက်ထည့်ပေးကြသည်။ **(အပေါ်ပုံ)**

ဖြတ်သန်းကြည့်ရှု

ဆက်လက်၍ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် (၆၄)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ဗိုလ်ဗထူးလမ်း ကတ္တရာလမ်း အပိုင်း(၁) ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ပြီး တိုင်းမှူးနှင့် တက်ရောက်လာကြသူများက လမ်းသစ်တစ်လျှောက် ဖြတ်သန်းကြည့်ရှုကြသည်။

ဆက်လက်၍ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် ဘုရားကိုးဆူလမ်း ကတ္တရာလမ်းသစ် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ပြီး တိုင်းမှူးနှင့် တက်ရောက်လာကြသူများက လမ်းသစ်တစ်လျှောက် ဖြတ်သန်းကြည့်ရှုကြသည်။

ကြည့်ရှုအားပေး

ထို့နောက် တိုင်းမှူးသည် တာဝန်ရှိသူများလိုက်ပါလျက် မြိတ်မြို့သစ် တည်ဆောက်ရေးလုပ်ငန်းခွင်သို့ရောက်ရှိပြီး ဆိပ်ခံတံတားနှင့် လူနေဆိုင်ခန်းများ တည်ဆောက်ရေးလုပ်ငန်းများ၊ အဝင်လမ်း ကျောက်ချောခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုများ၊ ကုန်တင်စက်လှေကြီးများ ဆိုက်ကပ်ရပ်နားမှုနှင့် ကုန်စည်စီးဆင်းမှု အခြေအနေများကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် မြိတ်မြို့သစ်သို့ သောက်သုံးရေဖြန့်ဝေခြင်းဆောင်ရွက်မည့် ကဘင်းရေလှောင်တမံ တည်ဆောက်ရေးစီမံကိန်းသို့ရောက်ရှိပြီး လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၃၀-၃-၂၀၀၉ (တနင်္လာနေ့)

AM & PM

၇:၀၀-၁:၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇:၀၅-၁:၀၅	**ဝိသုဒ္ဓိဒါန(၄)ပါး တရားတော်** (အောင်စကြာဆရာတော် အရှင်စန္ဒသိရီ)
၇:၅၀-၁:၅၀	ရွှေရောင်ခရီးစဉ်များ (Aureum Palace Hotel, Bagan)
၈:၂၀-၂:၂၀	နိုင်ငံတကာအနုပညာရေးရာ
၈:၄၀-၂:၄၀	နွေဦး၏ဓမ္မသံစဉ်များနှင့်အတူ လိမ္မာယဉ်ကျေး ဗုဒ္ဓ၏ကလေးများ
၈:၅၅-၂:၅၅	Biz Net
၉:၀၅-၃:၀၅	တေးဂီတအစီအစဉ်
၉:၁၀-၃:၁၀	ပြည်တွင်းသတင်းအကျဉ်း
၉:၂၀-၃:၂၀	မြေလတ်ရဲ့ ဆည်ကန်သာ မဒေးရေလှောင်တမံပါ
၉:၃၅-၃:၃၅	လှပသစ်ဆန်းအလှပြင်ခန်း (G-Six Hair & Beauty Spa)
၉:၅၅-၃:၅၅	နိုင်ငံတကာသတင်းအကျဉ်း
၁၀:၀၀-၄:၀၀	မီးအပူပေးပြုပြင်ခြင်း နည်းပညာ
၁၀:၁၀-၄:၁၀	တေးဂီတအစီအစဉ်
၁၀:၁၅-၄:၁၅	မိုးလေဝသခန့်မှန်းချက်
၁၀:၂၀-၄:၂၀	Yangon Panorama (သီချင်းရှင်ရဲ့ခရီးစဉ် စာနယ်ဇင်းရှင်းလင်းပွဲ)
၁၀:၄၀-၄:၄၀	ပြည်တွင်းသတင်းအကျဉ်း
၁၀:၅၀-၄:၅၀	ဟူးကောင်းချို့ဝှမ်းမှ ဆင်သုတေသနလုပ်ငန်း
၁၁:၁၅-၅:၁၅	နိုင်ငံတကာသတင်းအကျဉ်း
၁၁:၂၀-၅:၂၀	MRTV-4 ကျန်းမာရေးကဏ္ဍ (ဆီးကျောက်တည်ခြင်း အကြောင်းရင်း) (ပါမောက္ခ ဒေါက်တာဦးတိုးလွင်နှင့် တွေ့ဆုံခြင်း) (အပိုင်း-၁)
၁၁:၄၅-၅:၄၅	တေးဂီတအစီအစဉ်
၁၁:၅၀-၅:၅၀	Splendour Floral ဒဏ္ဍာရီထဲက ချစ်ပုံပြင်
၁၂:၀၅-၆:၀၅	ဘဝများ (တေးသံရှင် Rဇာနည်ရဲ့ တေးသံရှင်ဘဝအကြောင်း)
၁၂:၃၅-၆:၃၅	**အမွှန်မြတ်ဆုံးလက်ဆောင်** နေရဲလင်း၊ နှင်းဥ၊ မေနံ့သာခင်၊ စောနိုင်(ရှမ်းပြည်)၊ ဒေါ်တင်တင်လှ (ဒါရိုက်တာ-မောင်မောင်မြင့်)
၁:၀၀-၇:၀၀	MRTV-4 အပိတ် Logo၊

MRTV-4 အစီအစဉ်ကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီး ဒေါက်တာကျော်မြင့်အား မလေးရှားနိုင်ငံမှ ဧည့်သည်အဖွဲ့တွေ့ဆုံ

ရန်ကုန် မတ် ၂၉

ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်အား မလေးရှားနိုင်ငံ မာစီ မလေးရှားအလုပ်အမှုဆောင်အဖွဲ့ဝင် Mdm.Raja Riza နှင့်အဖွဲ့ဝင်များသည် မတ် ၂၁ရက် မွန်းလွဲပိုင်းက ရန်ကုန်မြို့ ဗဟန်းမြို့နယ် နတ်မောက်လမ်းရှိ အဆောက်အအုံခန်းမ၌ လာရောက်တွေ့ဆုံပြီး မုန်တိုင်းသင့်ဒေသ ဧရာဝတီတိုင်းအတွင်းရှိ ကျန်းမာရေးဌာန အဆောက်အအုံများ၊ ကျေးလက်ကျန်းမာရေးဌာနများ၊ ကျေးလက်ကျန်းမာရေးဌာနခွဲများ တည်ဆောက်ရေးအတွက် စီမံကိန်းချမှတ် အကောင်အထည်ဖော် ဆောင်ရွက်နေမှုများကို ညှိနှိုင်းဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ဆေးသုတေသနဦးစီးဌာန(အောက်မြန်မာပြည်) ညွှန်ကြားရေးမှူးချုပ် ဒေါက်တာခင်ပြုံးကြည်၊ ဆေးသိပ္ပံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသန်းဇော်မြင့်၊ ကျန်းမာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာကျော်ညွှန့်စိန်၊ ဒေါက်တာကြီးမြင့်နှင့် ညွှန်ကြားရေးမှူးများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တောင်ဥက္ကလာပမြို့နယ် (၆)ရပ်ကွက် ကေတုမတီလမ်း အမှတ် ၇၇၁ နေ ဦးအောင်ချိန်-ဒေါ်လှရီနှင့် မိသားစုက ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် အမှတ်(၂) အဝေးပြေးလမ်းမကြီးပေါ်ရှိ ဦးလှထွန်းမေတ္တာရိပ်မွန်(ကင်ဆာ)ဖောင်ဒေးရှင်း အတွင်း လူနာ(ကင်ဆာ)ဗဟိုသို့ အလှူငွေကျပ်တစ်သိန်းလှူဒါန်းရာ ဖောင်ဒေးရှင်းဥက္ကဋ္ဌ ကိုယ်စား အုပ်ချုပ်ရေးမှူး ဦးပြုံးနှင့် သူနာပြုအုပ် ဒေါ်မြင့်မေတို့ လက်ခံယူစဉ်။
(ကင်ဆာဖောင်ဒေးရှင်း)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ရွှေနဂါးမင်းကုမ္ပဏီလီမိတက်၏ မျိုးစပါးစိုက်ခင်းကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

စက်မှုလယ်ယာစံပြစိုက်ပျိုးရေးစနစ် အထူးဇုန်စပါးခင်းများ

ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ကြည့်ရှုစစ်ဆေး

ရန်ကုန် မတ် ၂၉

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်နှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့ လိုက်ပါလျက် ယနေ့နံနက် ၇နာရီတွင် ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် စက်မှုလယ်ယာစံပြစိုက်ပျိုးရေးအထူးဇုန်(၁)ရှိ ဒဂုံအင်တာနေရှင်နယ်ကုမ္ပဏီလီမိတက်သို့ရောက်ရှိပြီး အောင်မြင်ဖြစ်ထွန်းလျက်ရှိသည့် နွေစပါးစိုက်ခင်း၊ ကုန်ထုတ်လမ်းဖောက်လုပ်ပြီးစီးမှု၊ မိုးစပါးစိုက်ပျိုးရန် မြေကြိုတင်ပြုပြင်ထားမှု၊ ဆင်းနွယ်ရင်မျိုးစပါး စိုက်ပျိုးထားမှုနှင့် ရွှေဘို(၁)စပါးခင်းများကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ယုဇနကုမ္ပဏီလီမိတက်၏ စပါးစိုက်ခင်းနှင့် ကုန်ထုတ်ပတ်လမ်း ဖောက်လုပ်ပြီးစီးမှု၊ ဆင်းရွှေလီကုမ္ပဏီလီမိတက်၏ စပါးစိုက်ပျိုးထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် အဖွဲ့ဝင်များသည် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အထူးဇုန်(၂) အကွက်အမှတ်(၂)ရှိ ရွှေနဂါးမင်းကုမ္ပဏီလီမိတက်၏ ရှင်းလင်းဆောင်သို့ ရောက်ရှိကြသည်။

ဆက်လက်၍ စက်မှုလယ်ယာစံပြ စိုက်ပျိုးရေးအထူးဇုန် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ကျင်းပရာ ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက အမှာစကားပြောကြားသည်။

ထို့နောက် တိုင်းမှူးနှင့် မြို့တော်ဝန်တို့က အမှာစကားပြောကြားကြသည်။

ဖြည့်ဆည်းဆောင်ရွက်

ယင်းနောက် တက်ရောက်လာကြသည့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် လုပ်ငန်းရှင်များက မိမိတို့ကဏ္ဍအလိုက် ဆောင်ရွက်နေသည်များနှင့် စပ်လျဉ်း၍ တင်ပြကြရာ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ က လိုအပ်သည်များကို ပံ့ပိုးညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

အစည်းအဝေးအပြီးတွင် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ရွှေနဂါးမင်းကုမ္ပဏီလီမိတက်၏ မျိုးစပါးစိုက်ခင်းကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။

မှာကြား

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ရွှေဟိန်းထက်ကုမ္ပဏီလီမိတက်၊ Green Asia Co.,Ltd.၊ ပင်လယ်ကိုးသွယ်ကုမ္ပဏီလီမိတက်နှင့် အမျိုးသားကြီးပွားတိုးတက်ရေးကုမ္ပဏီလီမိတက်တို့သို့ရောက်ရှိကာ ပင်မရေသွင်းမြောင်းနှင့် ရေထုတ်မြောင်း ဖောက်လုပ်ပြီးစီးမှု၊ ကုန်ထုတ်လမ်းများ ဖောက်လုပ်ပြီးစီးမှု၊ မြေယာများကြိုတင် ပြင်ဆင်ထွန်ယက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။ **(သတင်းစဉ်)**

■ ရှေ့ဖုံးမှ

ဖဲကြိုးဖြတ်ဖွင့်လှစ်

ဆက်လက်၍ (၆၄)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ကျောင်းဆောင်သစ်များ လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို အဆိုပါ ကျောင်းဝင်း အတွင်း၌ ကျင်းပရာ ရှေးဦးစွာ တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်၊ အမှတ်(၃) အခြေခံပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမျိုးမြင့်နှင့် ရွှေတောင်ဖွံ့ဖြိုးမှု ကုမ္ပဏီလီမိတက်မန်နေဂျင်းဒါရိုက်တာ ဒေါ်စန္ဒာထွန်းတို့က ကျောင်းဆောင်သစ်များကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ကျောင်းဆောင်သစ်များ လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကို ကျောင်းခန်းမ၌ ဆက်လက်ကျင်းပရာ အမှတ်(၃) အခြေခံပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမျိုးမြင့်ထံ ရွှေတောင်ဖွံ့ဖြိုးမှု ကုမ္ပဏီလီမိတက် မန်နေဂျင်းဒါရိုက်တာက ငါးပြေမကျေးရွာ အခြေခံပညာမူလတန်းကျောင်း၊ လဟာရက်ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းနှင့် ချောင်းစောက်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်းခွဲတို့၌ ဆောက်လုပ်ထားသော ကျောင်းဆောင်သစ်သုံးဆောင်နှင့် ပတ်သက်သည့် စာရွက်စာတမ်းများကို လွှဲပြောင်းပေးအပ်ပြီး ဒုတိယညွှန်ကြားရေးမှူးချုပ်က လက်ခံ၍ ဂုဏ်ပြု မှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ပေးအပ်လှူဒါန်း

ယင်းနောက် ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများနှင့် ရန်ကုန်မြို့ရှိ ကုလသမဂ္ဂရုံးမှ တာဝန်ရှိသူတို့က ကွန်ပျူတာ သုံးလုံးနှင့် ဆက်စပ်ပစ္စည်းများ၊ ကျောင်းသုံးဗလာစာအုပ်၊ ခဲတံနှင့် ဘောပင်များ၊ စာသင်ခုံနှင့် ထိုင်ခုံ အစုံ၅၀တို့ကို ငါးပြေမကျေးရွာ အခြေခံပညာမူလတန်းကျောင်း ကျောင်းအုပ်ဆရာမကြီးထံ ပေးအပ်လှူဒါန်းကြသည်။

ဆက်လက်၍ ရန်ကုန်တောင်ပိုင်းခရိုင် ပညာရေးမှူး ဦးအာရ်မြလွင်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ကြည့်ရှုအားပေး

ထို့နောက် ကျောင်းဆောင်သစ်ရှေ့၌ စုပေါင်း မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြပြီး ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် အဖွဲ့ဝင်များသည် ကျောင်းဆောင်သစ်နှင့် ကျောင်းဆောင်သစ်အတွင်း၌ ကျောင်းသားကျောင်းသူလေးများ ပညာသင်ယူမှုကို လှည့်လည်ကြည့်ရှု အားပေးကြသည်။

အဆိုပါ လွှဲပြောင်းပေးအပ်သည့် ကျောင်းဆောင်သစ်သုံးဆောင်ကို ရွှေတောင်ဖွံ့ဖြိုးမှု ကုမ္ပဏီလီမိတက်က ဆောက်လုပ်လှူဒါန်းခြင်းဖြစ်ပြီး အလျားပေ ၄၀၊ အနံပေ ၃၀ ရှိကာ Steel Structure တစ်ထပ် အဆောက်အအုံဖြစ်သည်။ **(သတင်းစဉ်)**

ရန်ကုန်အနောက်ပိုင်းခရိုင် အလုံမြို့နယ် စောရန်ပိုင်မြောက်ရပ်ကွက် သွေးလွန်တုပ်ကွေးကာကွယ်နှိမ်နင်းရေး ဆယ်အိမ်စုမှူး စေတနာ့ဝန်ထမ်း ရပ်ကွက်အဆင့် သင်တန်းဖွင့်ပွဲ အခမ်းအနားကို မတ် ၂၃ရက်က ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်း၌ ကျင်းပရာ ရပ်ကွက်ဥက္ကဋ္ဌ ဦးမြင့်စိုးက သင်တန်းဖွင့် အမှာစကားပြောကြားစဉ်။ (မြို့နယ် ပြန်/ဆက်)

■ *ကျောဖုံးမှ*

ရေပေါ်တွင် ပေါလောပေါ်နေမည့် အင်တာနက်ရုံတွင် တပ်ဆင်ထားသည့် တာဘိုင်များက ပင်လယ်ပြင်ကို ဖြတ်သန်းတိုက်ခတ်လာသော လေ၏ အားကို ရယူကာ ဂျင်နရေတာများ လည်စေပြီး ဓာတ်အားထုတ်ပေးမည်ဖြစ်သည်။

အင်တာနက်လုပ်ငန်း

ထို့အတူ ပင်လယ်ရေလှိုင်းများ၏ အားကြောင့် ဂျင်နရေတာများမှ ဓာတ်အား ရယူကာ အင်တာနက်ထုတ်လွှင့်မည့် အစီအစဉ်များကို ဓာတ်အားထောက်ပံ့ပေးမည်ဖြစ်သည်။ ထို့အပြင် ပင်လယ်နှင့်သမုဒ္ဒရာ ရေများက အင်တာနက်ရုံတွင်ပါရှိသော ဆာဗာများကို အအေးဓာတ်ပေးမည်ဖြစ်ရာ ၂၄ နာရီပတ်လုံး အင်တာနက်လုပ်ငန်းစဉ်များဆောင်ရွက်နိုင်မည်ဖြစ်သည်။

သီးခြားသုံးစွဲနိုင်

ထိုသို့ ရေပေါ်အင်တာနက်ရုံများ တည်ဆောက်ရခြင်းမှာ အမေရိကန်နိုင်ငံတွင် မြေပေါ်၌ တည်ဆောက်ထားသော အင်တာနက်ရုံများ၏ ဓာတ်အားသုံးစွဲမှုမှာ တစ်နိုင်ငံလုံး ဓာတ်အားသုံးစွဲမှု၏ နှစ်ရာခိုင်နှုန်းခန့်ရှိကြောင်း၊ ဗြိတိန်နိုင်ငံတွင် ၁ ဒသမ ၈ရာခိုင်နှုန်းနှင့် ဂျာမနီတွင် ၁ ဒသမ ၇ရာခိုင်နှုန်းရှိရာ ဓာတ်အားသုံးစွဲမှုများ အခမဲ့ သီးခြားသုံးစွဲနိုင်ရန်အတွက်ဖြစ်သည်။

ကုန်ကျစရိတ် မြင့်မား

ထို့အပြင် အင်တာနက်တပ်ဆင် အသုံးပြုနိုင်ရန် အင်တာနက်ဆာဗာများကို မြေဧကများစွာ အသုံးပြုတည်ဆောက်ရသည်။ ထိုဆာဗာများပေါ်မှတစ်ဆင့် အင်တာနက်ထုတ်လွှင့်မှုများ ချိတ်ဆက်အသုံးပြုခြင်းဖြစ်ရာ ကုန်ကျစရိတ်လည်း မြင့်မားသည်။

တီထွင်တည်ဆောက်

ထို့ကြောင့် ပင်လယ်သမုဒ္ဒရာရေပြင်ပေါ်တွင် ပေါလောမျောနေသော ရေပေါ် အင်တာနက်ဆာဗာများကို တီထွင်တည်ဆောက်ခြင်းဖြစ်သည်။ ပင်လယ်သမုဒ္ဒရာ ရေပြင်ပေါ်တွင် တည်ဆောက်ထားခြင်းကြောင့် နေရာအခက်အခဲနှင့် နေရာကြောင့် ကုန်ကျစရိတ်များ လုံးဝမရှိတော့ချေ။

ဖြည့်ဆည်းပေး

ယခုအခါ ရေပေါ်တွင် တည်ဆောက်ထားသော အင်တာနက်ရုံများကြောင့် စရိတ်နှင့် ကုန်ကျမှုသက်သာပြီး လေနှင့်ပင်လယ်ရေလှိုင်းတို့အားဖြင့် ဓာတ်အား လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်တော့မည်ဖြစ်ပါကြောင်း။ ။

ကိုးကား-အင်တာနက်

ရန်ကုန်အရှေ့ပိုင်းခရိုင် ပြန်/ဆက်လုပ်ငန်းညှိနှိုင်းစည်းဝေး

ရန်ကုန် မတ် ၂၉

ရန်ကုန်အရှေ့ပိုင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်နှင့်မြို့နယ်ရုံးများ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မတ်၂၅ရက် နံနက်၁၀နာရီက သဃ်န်းကျွန်းမြို့နယ် ခရိုင်ရုံး စာကြည့်တိုက်ခန်းမ၌ ကျင်းပသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ ခရိုင်အတွင်း မြို့နယ်များမှ မြို့နယ်ဦးစီးမှူးများက မိမိတို့ မြို့နယ်အတွင်းရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုများကိုလည်းကောင်း၊ ခရိုင်ဦးစီးအရာရှိ ဦးဝင်းခင်က ခရိုင်အတွင်း စာကြည့်တိုက်လုပ်ငန်းများ ဆောင်ရွက်ထားရှိမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများကိုလည်းကောင်း ရှင်းလင်း တင်ပြသည်။

ဆွေးနွေး

ဆက်လက်၍ ရန်ကုန်တိုင်း ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန တိုင်းဦးစီးမှူး ဦးမြင့်ဆွေက ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး၏ ၂၀၀၉-၂၀၁၀ လုပ်ငန်းညွှန်ကြားချက်(၁၁)ရပ်၊ စာကြည့်တိုက်များ စံ(၅)ချက်နှင့်အညီ ခိုင်မာဆောင်ရွက်ရမည့် လုပ်ငန်းများ အောင်မြင်အောင် ဆောင်ရွက်ရေးတို့နှင့် စပ်လျဉ်း၍ ညှိနှိုင်းဆွေးနွေးသည်။ **(ခရိုင်ပြန်/ဆက်)**

ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ထိုင်းကိုယ်စားလှယ်အဖွဲ့တို့ တွေ့ဆုံ

ရန်ကုန် မတ် ၂၉

ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် တွဲဖက်အတွင်းရေးမှူး(၂) ဦးထွန်းအောင်နှင့် ဗဟိုအလုပ်အမှုဆောင်များ၊ အလုပ်အမှုဆောင်များအား မတ် ၁၇ရက်တွင် ထိုင်းနိုင်ငံ Office of Board of Investment မှ ညွှန်ကြားရေးမှူး Mrs. Vasana Mututanont ခေါင်းဆောင်၍ အဖွဲ့ဝင် ၂၅ဦးတို့ ပါဝင်သော စီးပွားရေးကိုယ်စားလှယ်အဖွဲ့သည် ရန်ကုန်မြို့ရှိ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ရုံးသို့ လာရောက်တွေ့ဆုံကြသည်။

အဆိုပါ တွေ့ဆုံပွဲတွင် အပြန်အလှန်ကုန်သွယ်မှု တိုးမြှင့်ဆောင်ရွက်ရေးကိစ္စ၊ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများဆိုင်ရာကိစ္စနှင့် နယ်စပ်ကုန်သွယ်ရေးလုပ်ငန်းဆိုင်ရာကိစ္စများကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တရုတ်နိုင်ငံ ဘိုဟိုင်းပင်လယ်ကွေ့တွင် ရေနံတွင်းသစ်နှစ်တွင်း ရှာဖွေတွေ့ရှိ

ပေကျင်း မတ် ၂၉

တရုတ်အမျိုးသား ကမ်းလွန်ရေနံကုမ္ပဏီလီမိတက်(စီနော့)က အရှေ့ပိုင်း တရုတ်ဘိုဟိုင်းပင်လယ်ကွေ့တွင် ရှာဖွေတွေ့ရှိခဲ့သည့် ရေနံတွင်းသစ်နှစ်တွင်းနှင့် သဘာဝဓာတ်ငွေ့ကြောမှ ရေနံနှင့်ဓာတ်ငွေ့များကို စတင်ထုတ်ယူနေသည်ဟု စီနော့က မတ် ၂၇ရက်တွင် ကြေညာသည်။

ရှာဖွေတွေ့ရှိ

ဘိုဇုန် (ဘီဇက်)ရေနံတွင်းသည် ဘိုဇုန်ဆက်ဒေသ၏ မြေလွှာ အနက် ၅၀ဒသမ ၉ မီတာတွင် ရေနံရှာဖွေတွေ့ရှိခဲ့ခြင်း ဖြစ်သည်။ ၃ ဒသမ ၉၁၀ အနက်အထိ ရေနံတူးပြီးသည်ဟု ဆင်ဟွာသတင်းတွင် ဖော်ပြထားသည်။

အဆိုပါရေနံတွင်းမှ နေ့စဉ် ရေနံစည်ပေါင်း ၁၂၇၀အထိနှင့် သဘာဝဓာတ်ငွေ့ ကုဗပေ ၃၉၃၀၀၀ ထုတ်လုပ်နိုင်စွမ်းရှိသည်။

သဘာဝဓာတ်ငွေ့ကြော

ကင်ဟွမ်ဒေါင်အမည်ရှိ နောက်ထပ် ရေနံတွင်းသစ်ကို ကင်နမ်ဆက်ဒေသတွင် တွေ့ရှိခဲ့သည်။ ၃၄ ဒသမ ၇မီတာအနက်တွင် ရေနံကြောနှင့် ၄၇ဒသမ ၉မီတာအနက်၌ သဘာဝဓာတ်ငွေ့ကြောကို တွေ့ရှိခဲ့ခြင်းဖြစ်သည်။ **အမ်အင်န်အေ၊ဆင်ဟွာ**



ဒစ္စကာဗာရီလွန်းပြန်ယာဉ်

နိုင်ငံတကာအာကာသစခန်းယာဉ်မှ ပြန်လာသည့် ဒစ္စကာဗာရီလွန်းပြန်ယာဉ် အမေရိကန်နိုင်ငံ ဖလော်ရီဒါပြည်နယ် ကနေဒီအာကာသယာဉ် လွှတ်တင်ရေးစခန်းသို့ မတ် ၂၈ရက်က ပြန်လည်ဆင်းသက်လာစဉ်။

(အင်တာနက်ဓာတ်ပုံ)

အာဖဂန်သို့ တပ်ပွဲ့ဝင် တိုးမြှင့်ပို့လွှတ်ရေး ပိုလန်အစိုးရစီစဉ်နေ

ဝါဆော မတ် ၂၉

အာဖဂန်နစ္စတန်နိုင်ငံတွင် ပိုလန်တပ်ဖွဲ့ဝင် ၁၆၀၀မှ ၂၀၀၀အထိ တိုးမြှင့်ချထားရန် အဆိုပြုချက်တစ်ရပ်ကို ပိုလန်အစိုးရက သမ္မတလက်ရှိကက်ဇင်စကီးထံသို့ မတ် ၂၄ ရက်တွင် တင်ပြကြောင်း ဆင်ဟွာသတင်းတစ်ရပ်၌ ဖော်ပြထားသည်။ ပိုလန်တပ်ဖွဲ့ဝင်များကို လာမည့် ဧပြီလလယ်တွင် စေလွှတ်မည်ဟု ပိုလန်ပီအေပီသတင်းဌာနက ဖော်ပြသည်။

အဆိုပြုချက်

ဂါဇနီပြည်နယ်တွင် ပေါ်ပေါက်ခဲ့သည့် ပြဿနာနှင့်ပတ်သက်၍ တင်းမာမှုများ မြင့်တက်လာခဲ့ရာမှ ပိုလန်အစိုးရက အထက်ပါအတိုင်း အဆိုပြုချက်တင်ပြခဲ့ခြင်းဖြစ်သည်။

ပိုလန်သမ္မတက ဖော်ပြပါအဆိုကို ထောက်ခံဖွယ်ရှိသည်ဟု ပီအေပီသတင်းဌာနက ဖော်ပြသည်။ နေတိုးဦးဆောင်သည့် နိုင်ငံတကာလုံခြုံရေး အကူအညီပေး မစ်ရှင်တပ်ဖွဲ့သို့ ပိုလန်နိုင်ငံမှ တပ်ဖွဲ့ဝင် ၁၆၀၀ စေလွှတ်ထားပြီးဖြစ်သည်။

အမ်အင်န်အေ၊ဆင်ဟွာ

တရုတ်နိုင်ငံ အရှေ့မြောက်ပိုင်း လျောင်နင်းပြည်နယ်ရှိ ဝတ်စားဆင်ယင်မှုပြပွဲတစ်ရပ်၌ ပါဝင်ပြသနေသူတစ်ဦးအား မတ်၂၉ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

တူရကီနိုင်ငံ၌ ဆေးခြောက် ၁၇၅ကီလိုကို လုံခြုံရေးတပ်ဖွဲ့ဝင်များက သိမ်းဆည်းရမိ

အန်ကာရာ မတ် ၂၉

တူရကီနိုင်ငံတွင် မူးယစ်ဆေးဝါး တိုက်ဖျက်ရေးစစ်ကြောင်းနှစ်ခု ဆင်နွှဲခဲ့စဉ်အတွင်း တူရကီ လုံခြုံရေးတပ်ဖွဲ့ဝင်များက ဆေးခြောက် ၁၇၅ကီလို ဖမ်းမိခဲ့ကြောင်း အနာတိုလီယာ သတင်းဌာနက ဖော်ပြသည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များက သတင်းအရ လော်ရီကားတစ်စီးကို ရပ်တန့်စေပြီး အနံ့ခံခွေးအကူအညီဖြင့် ရှာဖွေခဲ့ရာ ကားအတွင်းသို့ ဝှက်ထားသည့်နေရာမှ ဆေးခြောက် ၈၈ကီလို တွေ့ရှိပြီး သိမ်းဆည်းခဲ့ကြောင်း အဆိုပါကားသည် ဒိုင်ယာဘာကာပြည်နယ်မှ ကစ်ဇမာပြည်နယ်ရှိ တော်ဘာလီမြို့သို့ မောင်းနှင်လာခြင်းဖြစ်ကြောင်း သတင်းများက ဆိုသည်။

မူးယစ်ဆေးဝါး ရောင်းဝယ်မှုနှင့် ပတ်သက်ပြီး သင်္ကာမကင်း ဖြစ်ရသူ ခြောက်ဦးအား ထိန်းသိမ်းထားသည်ဟု သိရသည်။ အခြားမူးယစ်ဆေးဝါး တိုက်ဖျက်ရေးစစ်ကြောင်းအတွင်း လုံခြုံရေးတပ်ဖွဲ့ဝင်များက ဗန်ပြည်နယ် ဂါပင်နာမြို့ရှိ မီနီဘတ်စ် ကားငယ်တစ်စီးကို ရပ်တန့်စေပြီး ရှာဖွေခဲ့ရာ ဆေးခြောက် ၈၇ဒသမ ၁ ကီလို တွေ့ရှိ သိမ်းဆည်းခဲ့ရကြောင်း သတင်းများအရ သိရသည်။

အမ်အင်န်အေ၊ဆင်ဟွာ

စစ်သွေးကြွ ၂၆ဦးတို့အား ပါကစ္စတန်လုံခြုံရေးတပ်ချေမှုန်း

အစ္စလမ္မာဘတ် မတ် ၂၉

ပါကစ္စတန် လုံခြုံရေးတပ်ဖွဲ့ဝင်များက ရဟတ်ယာဉ်များ၊ အမြောက်များဖြင့် ပစ်ခတ်ပေးမှုကို အကာအကွယ်ယူလျက် မိုမန်လူမျိုးစုများဒေသအတွင်း စစ်သွေးကြွ ၂၆ဦးတို့ကို မတ် ၂၈ရက်က ချေမှုန်းသုတ်သင်နိုင်ခဲ့ကြောင်း လုံခြုံရေးတပ်ဖွဲ့ဝင် တစ်ဦးက ပြောကြားသည်။

ထွက်ပြေးလွတ်မြောက်

လွန်ခဲ့သည့် ခြောက်လကတည်းက အိမ်နီးချင်း ဘာဂျာလူမျိုးစုဒေသအတွင်းမှ လုံခြုံရေးတပ်များက တိုက်ထုတ်သဖြင့် စစ်သွေးကြွအများအပြားသည် မိုမန်လူမျိုးစုများဒေသသို့ ထွက်ပြေးလွတ်မြောက်ခဲ့ကြသည်။

ချေမှုန်းတိုက်ခိုက်

လိုက်လံချေမှုန်း စစ်ဆင်ရေးကာလအတွင်းတွင် စစ်သွေးကြွများ၏ ပစ်ခတ်မှုခံရပြီးနောက် မတ် ၂၈ရက်က စစ်သွေးကြွများရှိရာ နေရာများကို လုံခြုံရေးတပ်ဖွဲ့များက လက်နက်ကြီးများအပါအဝင် အလုံးအရင်းဖြင့် ချေမှုန်းတိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။

အမ်အင်န်အေ၊ရိုက်တာ

တရားမဝင်စီဒီနှင့် ဒီဗွီဒီများ ကမ္ဘောဒီးယား သိမ်းဆည်းဖျက်ဆီးပစ်

ဖနောင်ပင် မတ် ၂၉

ကမ္ဘောဒီးယား ယဉ်ကျေးမှုနှင့် အနုပညာဝန်ကြီးဌာနနှင့် ဖနောင်ပင်မြို့တော် မြူနီစီပယ် အုပ်ချုပ်ရေးအဖွဲ့တို့သည် ၂၀၀၈ ခုနှစ်အတွင်းက ဖမ်းမိထားသော တရားမဝင် စီဒီနှင့် ဒီဗွီဒီ ကော်ပီ ၈၀၀၀၀ ကျော်ကို မတ် ၂၇ရက်က ဖျက်ဆီးပစ်ခဲ့သည်။

အဆိုပါ စီဒီနှင့် ဒီဗွီဒီကော်ပီများမှာ ကမ္ဘောဒီးယားလူ့ဘောင်အတွင်း မကောင်းမှုဒုစရိုက်များကို ပွားများစေနိုင်သည့်အပြင် ဉာဏ်ရည်ဉာဏ်သွေးဆိုင်ရာ မူပိုင်ခွင့်ကိုလည်း ချိုးဖောက်ရာကျကြောင်း သက်ဆိုင်ရာက ထုတ်ပြန်ကြေညာသည်။

အမ်အင်န်အေ၊ဆင်ဟွာ

တိမ်းမှောက်

မတ်၂၉ရက်က ရုရှားနိုင်ငံ မော်စကိုမြို့ အရှေ့ဘက် ၆၂မိုင်အကွာရှိ ဗာဒီမီရာဒေသ၌ ဘတ်စ်ကားတစ်စီး တိမ်းမှောက်မှုဖြစ်ပွားပြီးနောက် တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

နေတိုးတပ်ဖွဲ့ဝင်များပစ်ခတ်မှု အာဖဂန်၌ လယ်သမားနှစ်ဦးသေဆုံး

ကဘူးလ် မတ် ၂၉

အာဖဂန်နစ္စတန်နိုင်ငံ အရှေ့ပိုင်းဒေသတွင် လယ်မြေများကို ရေဖျန်းနေသည့် အာဖဂန်လယ်သမားနှစ်ဦးအား နေတိုးဦးဆောင်သော တပ်ဖွဲ့ဝင်များက သေနတ်ဖြင့် ပစ်သတ်ခဲ့ကြောင်း ရဲတပ်ဖွဲ့အကြီးအကဲတစ်ဦးက ရိုက်တာသတင်းဌာနသို့ ပြောကြားသည်။

တင်းမာမှုမြင့်မား

အရပ်သားများ သေဆုံးနေမှုသည် အာဖဂန်အစိုးရနှင့်အနောက်အုပ်စုမှ အာဖဂန်အစိုးရအား ထောက်ခံသည့်သူများအတွင်း တင်းမာမှုမြင့်မားစေသည့် အကြောင်းရင်းဖြစ်သည်ဟု အာဖဂန်သမ္မတ ဟာမစ်ကာဇိုင်းက ပြောကြားသည်။ အာဖဂန်တွင် တာလီဘန် ဦးဆောင်တွန်းလှန်သူများအား တိုက်ခိုက်နေသည့်ပြည်ပတပ်ဖွဲ့ဝင် ၇၀၀၀၀ ခန့်ရှိနေသည်။

အသတ်ခံရ

ကဘူးလ်မြို့တော် အရှေ့ဘက်ရှိ ခို့စ်မြို့ပြင်တွင် အာဖဂန်လယ်သမား နှစ်ဦး မတ်၂၄ရက်ညနေပိုင်းက အသတ်ခံရကြောင်း၊ သေဆုံးသူများမှာ အပြစ်မဲ့လယ်သမားများဖြစ်ကြပြီး လယ်ယာလုပ်ငန်းများဆောင်ရွက်နေသူများဖြစ်ကြောင်း ရဲတပ်ဖွဲ့မှ အကြီးအကဲ အဗ္ဗဒူကေယွမ်က ပြောကြားသည်။

အမ်အင်န်အေ၊ရိုက်တာ

အမေရိကန်၌ အယ်လ်ဇိုင်းမားရောဂါဖြစ်ပွားမှု ၅ ဒသမ ၃ သန်းရှိဟု အစီရင်ခံစာတစ်ခု၌ဖော်ပြ

ဝါရှင်တန် မတ် ၂၉

ခန့်မှန်းခြေ ၅ဒသမ ၃ သန်းရှိ အမေရိကန်နိုင်ငံသူ နိုင်ငံသားများသည် အယ်လ်ဇိုင်းမားရောဂါ ခံစားနေကြရပြီး ၄င်းတို့တစ်ဦးချင်းစီ၏ ရောဂါကုသမှု ကုန်ကျစရိတ်သည် ရောဂါမဖြစ်သူများထက် သုံးဆရှိနေကြောင်း အယ်လ်ဇိုင်းမား သုတေသနအဖွဲ့က မတ် ၂၇ရက်တွင် ဖော်ပြသည်။

စမ်းသပ်တွေ့ရှိ

၂၀၁၀ပြည့်နှစ်တွင် စိတ်ယိုယွင်းမှုရောဂါ နောက်ထပ်ဖြစ်ပွားသူ ဝဒသမ၅သန်းအထိ နှစ်စဉ်မြင့်မားလာနိုင်ပြီး ၂၀၅၀ပြည့်နှစ်၌ ယင်းရောဂါနောက်ထပ် ဖြစ်ပွားသူများနှစ်စဉ်စမ်းသပ်တွေ့ရှိနိုင်သည်ဟု ဖော်ပြပါအသင်း၏ နှစ်ပတ်လည် အစီရင်ခံစာတွင် ဖော်ပြထားသည်။

ကုန်ကျစရိတ်

စိတ်ယိုယွင်းမှုရောဂါနှင့် အခြားစိတ်ဖောက်ပြန်မှုရောဂါများအတွက် တိုက်ရိုက်သို့တည်းမဟုတ် သွယ်ဝိုက်၍ အသုံးပြုရသည့် ကုန်ကျစရိတ်သည် နှစ်စဉ် အမေရိကန်ဒေါ်လာ ၁၄၈ ဘီလီယံကျော်ရှိသည်ဟု အစီရင်ခံစာတွင် ပါရှိသည်။

အမ်အင်န်အေ၊ရိုက်တာ

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း သီရိလင်္ကာဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံ ကိုလံဘိုမြို့တွင်ကျင်းပသည့် တောင်အာရှဒေသဆိုင်ရာ ဝန်ကြီးအဆင့် အစည်းအဝေးသို့ တက်ရောက်စဉ်။ (နိုင်ငံခြားရေး)

နိုင်ငံခြားရေးဝန်ကြီး ဦးဉာဏ်ဝင်း တောင်အာရှဒေသဆိုင်ရာ ဝန်ကြီးအဆင့်အစည်းအဝေးတက်ရောက် ကျန်းမာရေးထိန်းသိမ်းစောင့်ရှောက်မှုအတွက် ဘဏ္ဍာငွေထောက်ပံ့ရေး

မဟာဗျူဟာများချမှတ်ရေးကိစ္စ အဓိကထားဆွေးနွေးခဲ့

နေပြည်တော် မတ် ၂၉

သီရိလင်္ကာ ဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာရိုဟီသာဘိုဂိုလာဂါးမားနှင့် ကုလသမဂ္ဂ စီးပွားရေးနှင့်လူမှုရေးရာဌာန ကုလသမဂ္ဂ လက်ထောက်အတွင်းရေးမှူးချုပ် မစ္စတာရှာဇူကန်တို့၏ ဖိတ်ကြားချက်အရ နိုင်ငံခြားရေး ဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းသည် သီရိလင်္ကာဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံ ကိုလံဘိုမြို့၌ မတ် ၁၆ရက်မှ ၁၈ရက် အထိ ကျင်းပသည့် တောင်အာရှဒေသဆိုင်ရာ ဝန်ကြီးအဆင့် အစည်းအဝေးသို့ တက်ရောက်ခဲ့ပြီး မတ် ၁၉ရက်တွင် လေကြောင်း ခရီးဖြင့် ပြန်လည်ရောက်ရှိလာသည်။

အဓိကထားဆွေးနွေး

အဆိုပါအစည်းအဝေးတွင် ကုလသမဂ္ဂထောင်စုနှစ် ရည်မှန်းချက်ပန်းတိုင် ဖော်ဆောင်ရေးဘောင်အတွင်းမှ ကျန်းမာရေး ထိန်းသိမ်းစောင့်ရှောက်မှုအတွက် ဘဏ္ဍာငွေ ထောက်ပံ့ရေး မဟာဗျူဟာများ ချမှတ်ရေးကိစ္စကို အဓိကထားဆွေးနွေးခဲ့သည်။

တွေ့ဆုံဂါရဝပြု

ဝန်ကြီး ဦးဉာဏ်ဝင်းသည် မတ် ၁၇ရက် နံနက် ၁၁နာရီတွင် အစည်းအဝေးသို့ တက်ရောက်လာကြသည့် ဝန်ကြီးများ၊ အဆင့်မြင့် အရာရှိကြီးများနှင့်အတူ သီရိလင်္ကာ ဒီမိုကရက်တစ်ဆိုရှယ်လစ် သမ္မတနိုင်ငံသမ္မတ မစ္စတာမဟင်ဒါရာဂျာပါ(ခ်)စာအား ၎င်း၏ ရုံးခန်းသို့ သွားရောက်တွေ့ဆုံ ဂါရဝပြုသည်။

တက်ရောက်

ဝန်ကြီးသည် ယင်းနေ့ နံနက်ပိုင်းတွင် သီရိလင်္ကာ ဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် ရတနာသီရိ ဝစ်ခရမ်မာနာရာကာက တည်ခင်းသည့် နံနက်စာ စားပွဲသို့ တက်ရောက်၍ သီရိလင်္ကာ ဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ်နှင့် နှစ်နိုင်ငံ အကျိုးတူကိစ္စရပ်များကို ဆွေးနွေးခဲ့သည်။

ဝန်ကြီးဦးဉာဏ်ဝင်းသည် မတ် ၁၆ရက် မွန်းလွဲ ၂နာရီတွင် သီရိလင်္ကာ ဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံ နိုင်ငံခြားရေး ဝန်ကြီးဌာနသို့သွားရောက်၍ သီရိလင်္ကာ ဒီမိုကရက်တစ် ဆိုရှယ်လစ် သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာရိုဟီသာ ဘိုဂိုလာဂါးမား နှင့်တွေ့ဆုံ၍ နှစ်နိုင်ငံ အကျိုးတူကိစ္စရပ်များကို ဆွေးနွေးခဲ့သည်။

အဆိုပါ အစည်းအဝေးသို့ သီရိလင်္ကာ ဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး ဦးတင်ဦးလွင်၊ နိုင်ငံခြားရေးဝန်ကြီးဌာန အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများနှင့် စီးပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန့်ကျော်နှင့် ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေး စီမံကိန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်ကြိုင်တို့ ပါဝင်တက်ရောက်ခဲ့သည်။

(သတင်းစဉ်)

သတ္တုတွင်းဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့် ပေါင်နှင့်သထုံမြို့နယ်တို့၌ ဒေသခံပြည်သူများနှင့် တွေ့ဆုံ

နေပြည်တော် မတ် ၂၉

သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်သည် မတ်၁၇ ရက် နံနက်ပိုင်းက ပေါင်မြို့နယ် ထန်းပင်ချောင်ကျေးရွာ၌ ဒေသခံပြည်သူများနှင့်တွေ့ဆုံပြီး ထန်းပင်ချောင်ကျေးရွာမှ ဦးဝင်းနိုင် တီထွင်အသုံးပြုလျက်ရှိသော စွန့်ပစ်ပစ္စည်းများဖြစ်သည့် ရေသန့်ဘူးခွံနှင့် အားကုန်သည့် ဓာတ်ခဲများကို နွားချေး၊ အိမ်သုံးဆားတို့ အသုံးပြု၍ LED မီးလုံးများ တပ်ဆင်အသုံးပြုထားမှုကို ကြည့်ရှုအားပေးသည်။

ယင်းနောက် ဝန်ကြီးသည် ထန်းပင်ချောင် ဆားလုပ်ငန်းသို့ ရောက်ရှိစစ်ဆေး၍ ဝန်ထမ်းများနှင့် တွေ့ဆုံကာ ထောက်ပံ့ငွေများပေးအပ်သည်။

တွေ့ဆုံ

ထိုမှတစ်ဆင့် ဝန်ကြီးသည် သထုံမြို့နယ် မရမ်းကုန်းကျေးရွာသို့ ရောက်ရှိပြီး မရမ်းကုန်း၊ ဆိပ်ကျွန်း၊ ဘူဒင်ချောင်နှင့် ကတိုက်ကြီးကျေးရွာများမှ ဒေသခံပြည်သူများနှင့် တွေ့ဆုံသည်။

ဖြည့်ဆည်းဆောင်ရွက်

ဝန်ကြီးသည် မတ်၁၈ရက် နံနက်ပိုင်းတွင် ဖက်ကလိပ်ကျေးရွာ၌ လည်းကောင်း၊ မွန်းလွဲပိုင်းတွင် မုပ္ပလင်ကျေးရွာ၌လည်းကောင်း ဒေသခံများအား ရင်းရင်းနှီးနှီး တွေ့ဆုံ၍ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဝက်လက်၌ ကျေးရွာချင်းဆက် လမ်းသစ်ဖွင့်

ဝက်လက် မတ် ၂၉

ရွှေဘိုခရိုင် ဝက်လက်မြို့နယ်တွင် (၆၄)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် သခွတ္တော-ကော်တုံ-ဖက်သန်းကြီး ကျေးရွာချင်းဆက် ကိုယ့်အားကိုယ်ကိုး ကျောက်ချော လမ်းဖွင့်ပွဲအခမ်းအနားကို အဆိုပါလမ်းမုခ်ဦး၌ မတ် ၁ရက် နံနက် ၈ နာရီက ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးတင်မြင့်နှင့် အလှူရှင် ဦးသန်းညွန့်(မြင့်စားသောက်ဆိုင်)တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ အဆိုပါလမ်းမှာ ၁မိုင် ၇ဖာလုံရှည်ပြီး အလှူရှင် ဦးသန်းညွန့်(မြင့်စားသောက်ဆိုင်) မိသားစုက ငွေကျပ်သိန်း ၂၀၊ သခွတ္တော၊ ကော်တုံနှင့်ဖက်သန်းကြီး ကျေးရွာပြည်သူများက ငွေကျပ်သိန်း ၂၃၀ စုစုပေါင်းငွေကျပ်သိန်း ၂၅၀ဖြင့် အကုန်အကျခံ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ဖျာပုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်တွင် အဖွဲ့ ရန်ပုံငွေဖြင့် ဆောင်ရွက်သည့်မြို့ပတ်လမ်း ကျောက်ချောခင်းခြင်းလုပ်ငန်းကို ဖေဖော်ဝါရီ ၂၈ရက်က အမှုဆောင်အရာရှိဦးမြင့်မောင်နှင့် လက်ထောက်အင်ဂျင်နီယာ ဦးကျော်ခိုင်တို့ ကွင်းဆင်းကြီးကြပ်ဆောင်ရွက်ပေးစဉ်။ (၁၃၇)

ရန်ကုန်တိုင်း စည်ပင်သာယာအဖွဲ့ ညွှန်ကြားရေးမှူး သုံးခွ၊ ကျောက်တန်း၌ လမ်းလုပ်ငန်းများစစ်ဆေး

ရန်ကုန် မတ် ၂၉

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာန စည်ပင်သာယာရေးဦးစီးဌာန ရန်ကုန်တိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်ကျော်ငြိမ်သည် မတ် ၇ ရက် နံနက်ပိုင်းက သုံးခွမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်၌ ဆောင်ရွက်ထားသည့် အရှည်ပေ ၉၀၀၊ အကျယ် ၁၀ပေရှိ နံ့ယော-ရေပေါ်ကန် ကျေးရွာချင်းဆက် ဂဝံလမ်းခင်းပြီးမှု၊ အရှည်ပေ ၉၁၀၊ အကျယ် ၁၀ပေရှိ သုံးခွ-ရဲန္တ့ကျေးရွာချင်းဆက် ဂဝံလမ်းခင်းပြီးမှုနှင့် အရှည် ၇၆၉၃ပေ၊ အကျယ် ၁၈ပေရှိ သိုက်တူးကန်-ညောင်နီ ကျေးရွာချင်းဆက် မြေသားလမ်း ဖောက်လုပ်နေမှု အခြေအနေတို့ကို သွားရောက်ကြည့်ရှု စစ်ဆေးသည်။

ယင်းနောက် ညွှန်ကြားရေးမှူးသည် ကျောက်တန်းမြို့နယ် တံတားမြို့၌ နိုင်ငံတော် ထောက်ပံ့ငွေဖြင့် ဆောင်ရွက်သည့် အရှည်ပေ၉၀၀၊ အကျယ် ၁၀ပေရှိ နွယ်သာကီလမ်း ကျောက်ချောခင်းနေမှုနှင့် တွံတေးမြို့နယ်၌ နိုင်ငံတော်ထောက်ပံ့ငွေဖြင့် ဆောင်ရွက်သည့် ဖောင်းတော်ချုပ်လမ်း အကြီးစား ပြန်လည်ပြုပြင်ပြီးစီးမှုတို့ကို သွားရောက်ကြည့်ရှု စစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

Lifeline Co.,Ltd. အရောင်းကိုယ်စားလှယ်များအား ဂုဏ်ပြုပွဲကျင်းပ

ရန်ကုန် မတ် ၂၉

Lifeline Co.,Ltd. က တင်သွင်း ဖြန့်ချိလျက်ရှိသည့် Slenfig (ခန္ဓာကိုယ် အလေးချိန် လျှော့ချပေးသောဆေး)ကို ထပ်ဆင့်ဖြန့်ဖြူးရောင်းချကြသော ဆေးအရောင်း ကိုယ်စားလှယ်များနှင့် အရောင်းဆိုင်များအား ကျေးဇူးတုံ့ပြန် ဂုဏ်ပြုပွဲအခမ်းအနားကို မတ် ၂၅ရက် ည ၆နာရီခွဲက ရန်ကုန်မြို့ ကမ္ဘာအေးဘုရားလမ်းရှိ ဆီဒိုးနားဟိုတယ်၌ ကျင်းပသည်။

ရှင်းလင်းပြောကြား

အခမ်းအနားတွင် Lifeline Co., Ltd. မှ Product Manager ဒေါက်တာကျော်ကျော်ဌေးက Slenfig ၏ အကျိုးအာနိသင်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် Lifeline Co.,Ltd. မန်နေဂျင်းဒါရိုက်တာ ဒေါက်တာစိန်ဝင်း၊ ဒါရိုက်တာများဖြစ်ကြသော ဒေါက်တာဆွေလှနှင့် ဒေါက်တာခင်စန်းအေးတို့က Slenfig ရောင်းအားအကောင်းဆုံး ကိုယ်စားလှယ်များနှင့် အရောင်းဆိုင်များအား ကျေးဇူးတုံ့ပြန်သည့် ဂုဏ်ပြုလက်ဆောင်များကို ပေးအပ်ကြသည်။ **(အောက်ပုံ)**

တည်ခင်းဧည့်ခံ

ယင်းနောက် မန်နေဂျင်း ဒါရိုက်တာ ဒေါက်တာစိန်ဝင်းကကျေးဇူးတင်စကားပြောကြားပြီး ညစာစားပွဲဖြင့်တည်ခင်းဧည့်ခံသည်။

ရလဒ်ကောင်း

Slenfig(ခန္ဓာကိုယ်အလေးချိန် လျှော့ချပေးသောဆေး)ကိုသုံးစွဲခြင်းဖြင့် ဦးနှောက်အတွင်းရှိ အစာတင်းတိမ်စေသော Center သို့ သက်ရောက်သည့်အတွက် ခန္ဓာကိုယ်မှ လိုအပ်သော ကယ်လိုရီပမာဏ စားရုံမျှဖြင့် သဘာဝအတိုင်း တင်းတိမ်စိတ်ကို ဖြစ်ပေါ်စေကာ ဗိုက်ပြည့်စေပြီး မကြာခဏ အစာစားချင်စိတ်ကိုတားဆီးပေးသည်။ Slenfig သည် အန္တရာယ်ကင်းရှင်း၍ စိတ်ချရသော ခန္ဓာကိုယ်အလေးချိန်ကို လျှော့ချပေးသည့် ဆေးအမျိုးအစားဖြစ်ပြီး ခါးနှင့် တင်ကို အချိုးညီစွာ ကျဆင်းစေကာ ကျစ်လျစ်သွယ်လျသော ခန္ဓာကိုယ်ကို ရရှိစေမည်ဖြစ်ကြောင်းနှင့် ခန္ဓာကိုယ်အတွင်းရှိ ဘေးအန္တရာယ်ဖြစ်စေသည့် အဆီများကို လျှော့ကျစေကြောင်း၊ ထို့ပြင် အဝလွန်ခြင်း၏ နောက်ဆက်တွဲ ရောဂါများဖြစ်သော သွေးတိုး၊ နှလုံးနှင့် ဆီးချိုရောဂါများကို ကာကွယ်တားဆီးပေးခြင်းကြောင့် ဘဝ နေထိုင်မှု အရည်အသွေးပြည့်ဝစွာ ပျော်ရွှင်ကျန်းမာစွာ နေထိုင်သွားနိုင်ရန် အထောက်အကူပြုသည့် အကျိုးရလဒ်ကောင်းများ ရရှိမည်ဖြစ်ကြောင်း သိရသည်။

ဝယ်ယူနိုင်

Slenfig ကို အိန္ဒိယ သမ္မတနိုင်ငံ Torrent Pharmaceutical Co.,Ltd. က ထုတ်လုပ်ပြီး Lifeline Co., Ltd. က မြန်မာတစ်ပြည်လုံးသို့ဖြန့်ချိရောင်းချပေးလျက်ရှိရာ ရန်ကုန်မြို့ လမ်းမတော်မြို့နယ် ဗဟိုစည်အိမ်ရာ အမှတ် ၃၉ အခန်းအမှတ် (၅) ဖုန်း-၂၂၃၁၄၄၊ ၂၂၆၈၁၂ နှင့် ၂၂၀၁၆၅ တို့သို့ လက်လီလက်ကားရောင်းချလိုသူများ ဆက်သွယ်ဝယ်ယူနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

မြင်းခြံမြို့နယ်၌ မြေယာရှုခင်းအလှ လုပ်ငန်းများဆောင်ရွက်

မြင်းခြံ မတ် ၂၉

မြင်းခြံမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် မြို့သန့်ရှင်းသာယာလှပရေး လုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ မြင်းခြံမြို့အဝင် မြေယာရှုခင်းအတွင်း ပန်းအလှပင်များဖြင့် စိမ်းလန်းသာယာလှပရေးအတွက် မတ်၁၃ရက်က အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူးဦးလေးလွင်ဦးစီး၍ အဖွဲ့ဝန်ထမ်းများ ပန်းအလှပင်များ စိုက်ပျိုးခြင်း၊ ရေလောင်းပေါင်းသင်ခြင်း လုပ်ငန်းများ ဆောင်ရွက်ကြသည်။

(မြို့နယ်စည်ပင်)

လောင်စာတွေကိုရှင်း မီးဘေးအန္တရာယ်ကင်း

လားရှိုး စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဒေသဖွံ့ဖြိုးမှုနှင့် စာပေရေးရာဆွေးနွေး

လားရှိုး မတ် ၂၉

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့(ဗဟို) အမှုဆောင်ကော်မတီဝင် စာရေးဆရာခင်မောင်ထွန်း(လမ်းမတော်)သည် ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ဝင်များနှင့်တွေ့ဆုံရာ လားရှိုးမိုတယ်ဧည့်ခန်း၌ မတ် ၈ရက် မွန်းလွဲ ၂နာရီက လားရှိုးမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးဘိုနီ (ဘိုနီ-သတင်းထောက်)၊ အတွင်းရေးမှူး ဦးသိန်းဟန် (ရာမည-သွေးမွန်)၊ အမှုဆောင်များနှင့် အဖွဲ့ဝင်များအား ဒေသဖွံ့ဖြိုးမှု တိုင်းကျိုးပြည်ပြုသတင်းဆောင်းပါးနှင့် ရသ စာပေရေးရာ ကိစ္စရပ်များ ဆွေးနွေးကြသည်။ (၀၂၆)

ကောလင်း၌ နွေရာသီ အားကစားသင်တန်းများဖွင့်

ကောလင်း မတ် ၂၉

စစ်ကိုင်းတိုင်း ကောလင်းမြို့နယ် အားကစားရုံတွင် မတ် ၁၀ရက်က နွေရာသီအားကစားသင်တန်းဖွင့်ပွဲ အခမ်းအနား ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးအောင်ဇင်က အမှာစကားပြောကြားသည်။ အဆိုပါ သင်တန်းတွင် ဘောလုံး၊ စစ်တုရင်၊ ပင်ပေါင်၊ ကြက်တောင်နှင့်တိုက်ကွမ်ဒို အားကစားနည်းများကို နွေရာသီကျောင်းပိတ်ရက်အတွင်း သင်ကြားပို့ချသွားမည်ဖြစ်ရာ မြို့နယ် အားကစားနှင့် ကာယပညာဦးစီးဌာန ဦးစီးအရာရှိ ဦးကျော်ဆွေဝင်းနှင့် ဝန်ထမ်းများက သင်တန်းလိုအပ်ချက်များကို ကူညီဆောင်ရွက် ပေးကြကြောင်း သိရသည်။ (၀၃၂)

ကိုယ်အင်္ဂါမသန်စွမ်းသူများအသင်း ရုံးခန်းသစ်ဖွင့်

ရန်ကုန် မတ် ၂၉

(၆၄)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် မြန်မာနိုင်ငံကိုယ်အင်္ဂါမသန်စွမ်းသူများအသင်း ရုံးခန်းသစ်ဖွင့်ပွဲကို မတ် ၂၈ရက် နံနက်က အသင်းတည်ရာ စမ်းချောင်းမြို့နယ် ကျွန်းတော(တောင်)ရပ်ကွက် ညောင်တုန်းလမ်း အမှတ်(၅၁)မြေညီထပ်တွင် ကျင်းပသည်။

ဖဲကြိုးဖြတ်

ရေးဦးစွာ မြန်မာနိုင်ငံကိုယ်အင်္ဂါမသန်စွမ်းသူများအသင်းရုံးခန်းသစ်ကို ဗိုလ်မှူးကြီး မျိုးမြင့်(ငြိမ်း) ညွှန်ကြားရေးမှူးချုပ် ဗန္ဓုလ သယ်ယူ ပို့ဆောင်ရေး မြန်မာ့စီးပွားရေး ဦးပိုင်လီမိတက်၊ ကိုယ်အင်္ဂါမသန်စွမ်းသူများအသင်း ဥက္ကဋ္ဌ ဦးမြတ်ဦး (ဘောဂဗိုက်တာ)နှင့် စမ်းချောင်း မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးတင့်လွင်တို့က ရုံးခန်းသစ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။ **(အပေါ်ပုံ)**

ဆက်လက်၍ ရုံးခန်းသစ် ဆိုင်းဘုတ်ကို မြန်မာနိုင်ငံ ကိုယ်အင်္ဂါမသန်စွမ်းသူများအသင်း အတွင်းရေးမှူးဦးအေးကိုကိုက ဆိုင်းဘုတ်သစ်လိုက်ကာ ဖဲပြားကြိုးကိုဆွဲ၍ ဖွင့်လှစ်ပေးသည်။

အစီအစဉ်အရ အသင်း၏ နာယကဖြစ်သော ဗိုလ်မှူးကြီးမျိုးမြင့်(ငြိမ်း)၊ ဦးငွေသိမ်းနှင့် မြန်မာနိုင်ငံ ကိုယ်အင်္ဂါမသန်စွမ်းသူများအသင်း ဥက္ကဋ္ဌဦးမြတ်ဦး (ဘောဂဗိုက်တာ)တို့က အသီးသီးအမှာစကား ပြောကြားသည်။

ချီးမြှင့်

ဆက်လက်၍ ဗိုလ်မှူးကြီး မျိုးမြင့်(ငြိမ်း) ဗန္ဓုလက ငွေကျပ် တစ်သိန်း၊ ဦးမြင့်အောင်၊ ဒေါက်တာရင်ရင်က ငွေကျပ် တစ်သိန်း၊ ဦးမြတ်ဦး (ဘောဂဗိုက်တာ)က ငွေကျပ်သိန်း ၂၀၊ ဦးတင်တိုး၊ ဦးမျိုးထွန်းတို့ကငွေကျပ်သုံးသောင်း၊ ဦးကိုလွင်၊ ဦးခင်မောင်သန်းအေးတို့က ကွန်ပျူတာတစ်စုံ၊ ဒေါက်တာမိုက်-ဒေါက်တာဇော်မိုးအောင်တို့က ငွေကျပ်လေးသောင်း၊ ဦးစောနိုင်၊ ဒေါ်အေးအေးဝင်း(ပုလဲမြန်မာလက်မှုအနုပညာ)တို့က FEC ၁၀၀တို့ကို ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံယူကြပြီး ဂုဏ်ပြုလွှာများ ပြန်လည်ချီးမြှင့်ကြောင်း သိရသည်။ **(၁၀၃)**

ဒလမြို့နယ်တွင် စာကြည့်တိုက်မြေနေရာ ငွေနှင့် ပစ္စည်းလှူဒါန်းပွဲ ကျင်းပ

ရန်ကုန် မတ် ၂၉

(၆၄)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ဒလမြို့နယ် ခနောင်ရွာမကျေးရွာအုပ်စု ချောင်းဝကျေးရွာတွင် စာကြည့်တိုက်ဆောက်လုပ်ရန် အကျယ် (၃၀×၂၇) ပေရှိ ငွေကျပ်၁၅သိန်းတန် မြေနေရာကို ချောင်းဝကျေးရွာ ပုဗ္ဗာရုံကျောင်းတိုက်ဆရာတော် ဦးပိဏ္ဍောလက လှူဒါန်းရာ ရန်ကုန်တိုင်း ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးမြင့်ဆွေက ဂုဏ်ပြုလွှာ ပြန်လည်ပေးအပ်သည်။ ဆက်လက်၍ ငွေနှင့် ပစ္စည်း အလှူရှင်ဦးပြုံးချို-ဒေါ်အုန်းသန်း၊ ဦးသွင်မောင်မောင်ဖြိုး၊ ဦးလှစိုး၊ ဦးသန်းလှိုင်၊ ဦးဆန်းဝင်း၊ ဦးမျိုးဆွေဦး၊ ဒေါ်သီတာခိုင်၊ ဦးကျော်မင်းထိုက်နှင့် ဦးကြည်ဝင်းတို့အား ရန်ကုန်တိုင်း ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးမြင့်ဆွေနှင့် ဒလမြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်ဝင်း **(အပေါ်ပုံ)**တို့က ဂုဏ်ပြုလွှာများ ပြန်လည်ပေးအပ်သည်။

ဟောပြော

ရန်ကုန်တိုင်း ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးမြင့်ဆွေက စာကြည့်တိုက်၏အကျိုးကို ဟောပြောခဲ့ပြီး ဒလမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်ဝင်းက စာပေ၏တန်ဖိုးနှင့် အကျိုးရှိပုံများကို ဟောပြောကြသည်။ **(မြို့နယ် ပြန်/ဆက်)**

သဃ်န်းကျွန်း စစ်မှုထမ်းဟောင်း ထောက်ပံ့ငွေပေးအပ်

ရန်ကုန် မတ် ၂၉

(၆၄)နှစ်မြောက် တပ်မတော်နေ့ကိုဂုဏ်ပြုသောအားဖြင့် မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ သဃ်န်းကျွန်းမြို့နယ် လူမှုရေးနှင့် သက်သာချောင်ချိရေးကဏ္ဍ ထောက်ပံ့ငွေပေးအပ်ခြင်းနှင့် စေတနာရှင်ပြည်သူများ အလှူငွေများလှူဒါန်းခြင်းကို မတ်၂၇ရက် ညနေ ၆နာရီက သဃ်န်းကျွန်းမြို့နယ်ခန်းမ၌ကျင်းပရာ ရှေးဦးစွာ ဗိုလ်မှူးချုပ်မျိုးမြင့်(ငြိမ်း)က ဂုဏ်ပြုအမှာစကား ပြောကြားသည်။ (အောက်ပုံ)

လက်ခံယူ

ဆက်လက်၍ မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့မှ လူမှုရေးအဖွဲ့များသို့ ထောက်ပံ့ငွေများပေးအပ်ရာ ဗိုလ်မှူးကြီးအောင်သန်း(ငြိမ်း)က လူမှုရေးအသင်းအဖွဲ့များသို့ တစ်ဖွဲ့လျှင် ထောက်ပံ့ငွေကျပ်ငါးသောင်းစီနှင့် ဒုတိယဗိုလ်မှူးကြီးမောင်ကို(ငြိမ်း)က မြို့နယ်မီးသတ်နှင့် အရန်မီးသတ် တပ်ရင်းရုံးသို့ ထောက်ပံ့ငွေကျပ်ငါးသောင်း၊ အမက (၂၅) ကျောင်းသို့ ပညာရေးထောက်ပံ့ငွေကျပ်တစ်သိန်းတို့ကို ထောက်ပံ့ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံယူကြသည်။

မှတ်တမ်းလွှာပေးအပ်

ထို့နောက် မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့သို့ စေတနာရှင်ပြည်သူများက အလှူငွေများလှူဒါန်းရာ ဒေါ်ညွန့်ညွန့်စိန် မိသားစုက ငွေကျပ်ငါးသောင်း၊ ဦးစန်းပွင့်မိသားစုက ငွေကျပ်ငါးသောင်း၊ SIP ရေသန့် ဦးဝေလင်းအောင်က ငွေကျပ်သုံးသောင်း၊ ဦးထွန်းနွဲ့နှင့် ဦးကျော်လွင်တို့က ငွေကျပ်တစ်သောင်းစီလှူဒါန်းကြရာ မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌ ဗိုလ်ကြီးခိုင်ကိုလွင်(ငြိမ်း)၊ ဒုတိယ ဥက္ကဋ္ဌ ဗိုလ်ကြီး တင်ယု (ငြိမ်း)တို့နှင့် မြို့နယ်အလုပ်အမှုဆောင်များက လက်ခံယူ ကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ကြသည်။ (၁၂၁)

တီဘီရောဂါ တိုက်ဖျက်ရေးနေ့ ပခုက္ကူ၌ကျင်းပ

ရန်ကုန် မတ် ၂၉

၂၀၀၉ခုနှစ် ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားကို မတ် ၂၄ရက် နံနက် ၉နာရီက ပခုက္ကူမြို့ ဆေးရုံကြီးအစည်းအဝေးခန်းမ၌ ကျင်းပရာ ခရိုင် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာ ဒေါ်တေဇာမြတ်ထွေး၊ လက်ထောက်ဆေးရုံအုပ် ဒေါက်တာခင်သီစံ၊ တီဘီရောဂါတိုက်ဖျက်ရေးဌာနမှ ဒေါက်တာဝင်းမော်နှင့် မြန်မာနိုင်ငံ ဆရာဝန်အသင်း(ပခုက္ကူအသင်းခွဲ)တီဘီစီမံချက်မှ မြို့နယ်ညှိနှိုင်းရေးမှူး ဒေါက်တာ ဦးဌေးလှိုင်တို့က အမှာစကားပြောကြားကြကြောင်း သိရသည်။

(၀၇၀)

ရန်ကုန် မတ် ၂၉

မလေးရှားနိုင်ငံထုတ် အဆင့်မြင့် Electrical & Electronic ပစ္စည်းများကို တင်သွင်းဖြန့်ချိလျက်ရှိသော Monarch Company က Nano နည်းပညာသုံး Khind အမှတ်တံဆိပ် ကျန်းမာရေး အထောက်အကူပြု ပန်ကာအသစ်များ ဈေးကွက်မိတ်ဆက်ပွဲကို မတ် ၁၇ရက် နံနက်ပိုင်းက ရန်ကုန်မြို့ ဒဂုံမြို့နယ် အလံပြဘုရားလမ်းရှိ Khind Electro World ၌ ကျင်းပသည်။

Nano ကျန်းမာရေးပန်ကာတွင် လေစစ်ကိရိယာသုံးဆင့် တပ်ဆင်ထား၍ ထိုလေစစ်များမှ လေထဲတွင်ပါဝင်သော အန္တရာယ်ရှိသည့် ပိုးမွှား၊ ဖုန်မှုန့်၊ ဗက်တီးရီးယားများနှင့် မှိုအမျိုးမျိုးတို့ကို ရှင်းလင်းဖယ်ရှားပေးပြီး သန့်ရှင်းစင်ကြယ်သော လေများကို ဖန်တီးပေးသည်။ အဆိုပါလေသည် ပြောင်းလဲလွယ်သော အော်ဂဲနစ်ဓာတ်ပေါင်း (VOC)ကို ဖယ်ရှားရာတွင်လည်းကောင်း၊ အနံ့ဆိုးများကို စုပ်ယူရာတွင် လည်းကောင်း ကောင်းစွာ ဆောင်ရွက်နိုင်စွမ်းရှိကြောင်း။

အထောက်အကူပြု

လူဦးရေများ၍ လေထုညစ်ညမ်းမှုရှိနိုင်သည့် စက်ရုံ၊ အလုပ်ရုံ၊ ဆေးရုံ၊ ဆေးခန်း၊ စားသောက်ဆိုင်၊ ဈေးဆိုင်၊ အစည်းအဝေးခန်းမ၊ ဌာနဆိုင်ရာအဆောက်အအုံ၊ ကလေးမူကြိုနှင့်စာသင်ခန်း အစရှိသောနေရာများတွင် Nano ကျန်းမာရေးပန်ကာများကို အသုံးပြုခြင်းဖြင့် သန့်ရှင်းစင်ကြယ်သော လေကောင်း လေသန့်များကို ရှူရှိုက်နိုင်ပြီး ကျန်းမာရေးကို များစွာအထောက်အကူပြုစေကြောင်း။

Nano Hygiene ပန်ကာများကို အရွယ်အစား လေးမျိုး တင်သွင်းရာ

ကျန်းမာရေးပန်ကာများ ဈေးကွက်မိတ်ဆက်

၁၆လက်မ Stand Fan၊ ၁၆လက်မ Wall Fan၊ ၁၆ လက်မ Table Fan၊ ၁၂ လက်မ Table Fan များ ဖြစ်ကြောင်း။

Nano ကျန်းမာရေးပန်ကာများသည် မိသားစုများအတွက် အသုံးပြုသင့်သော ကျန်းမာရေးအထောက်အကူပြု ပန်ကာများဖြစ်ကြောင်း သိရသည်။

Khind အမှတ်တံဆိပ် Nano ကျန်းမာရေးပန်ကာများအပြင် နည်းပညာဆန်းသစ်ပြီး ပုံစံဒီဇိုင်းများမျိုးစုံဖြင့် ပန်ကာအမျိုးပေါင်း ၄၃ မျိုး၊ နွေရာသီ လိုအပ်ချက်ဖြစ်သော Air Cooler၊ Aircon၊ Kitchen Appliances (99) မျိုးတို့ကိုလည်း သက်သာသော ဈေးနှုန်းများဖြင့် ရွေးချယ်ဝယ်ယူနိုင်ကြောင်း သိရသည်။

ယခုအခါ မလေးရှားနိုင်ငံထုတ် Maco အမှတ်တံဆိပ် ရေခဲသေတ္တာ၊ Deep Freezer များကို မိတ်ဆက်အထူးဈေးနှုန်းဖြင့် Khind Electro World Showroom များ၌ Maco အမှတ်တံဆိပ် ရေခဲသေတ္တာ Single door လီတာ ၁၈၀ကိုငွေကျပ်၁၈၀၀၀၀၊Deep Freezer သုံးပေ လီတာ ၂၃၀ကို ငွေကျပ် ၂၃၀၀၀၀၊ နှစ်ပေ လီတာ ၁၁၀ကို ငွေကျပ် ၁၇၅၀၀၀၊ Semi Auto Washing Machine ကို ငွေကျပ် ၁၁၈၀၀၀ဖြင့် လည်းကောင်း ရောင်းချသွားမည်ဟု သိရသည်။

Monarch Co., Ltd. မှ တင်သွင်းသည့် Khind, Mistral, Maco နှင့် Maselisno အမှတ်တံဆိပ်များကို လက်လီလက်ကားဝယ်ယူလိုပါက Khind Electro World အမှတ် ၃၉ အလံပြဘုရားလမ်း ယူနိုက်တက်ကွန်ဒို (လပြည့်ဝန်း ပလာဇာအနီး) ဒဂုံမြို့နယ် ရန်ကုန်မြို့ ဖုန်း-၂၄၂၃၀၇နှင့် ၃၈၀၄၇၅တို့တွင် ဆက်သွယ်ဝယ်ယူရရှိနိုင်ကြောင်း၊ ထို့ပြင် စူပါမားကတ်ကြီးများ၊ လျှပ်စစ်ပစ္စည်းအရောင်းဆိုင်ကြီးများတွင်လည်း ရွေးချယ်ဝယ်ယူရရှိနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကျန်းမာရေး အထောက်အကူပြုပန်ကာ

Nano နည်းပညာသုံး Khind အမှတ်တံဆိပ် ကျန်းမာရေးအထောက်အကူပြု ပန်ကာအသစ်များကို တွေ့ရစဉ်။ (သတင်းစဉ်)

ပန်နန်းဒင်၌ အာရုံဦးစာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်

ပန်နန်းဒင် မတ် ၂၉

ပူတာအိုခရိုင် နောင်မွန်မြို့နယ် ပန်နန်းဒင်မြို့ ဒဗူလောင်ကျေးရွာ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၅ရက် နံနက် ၁၀နာရီက ကျင်းပရာ အခမ်းအနားတွင် ဒုတိယဦးစီးမှူး တာဝန်ခံ ဦးခင်ဖန်ဆိန်းအောင်က စာကြည့်တိုက် ရေရှည်တည်တံ့ ခိုင်မာစေရေးလုပ်ငန်းများကို ရှင်းလင်းဟောပြောဆွေးနွေးကြပြီး မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး တာဝန်ခံနှင့် ကျေးရွာဥက္ကဋ္ဌ ဦးယောဆက်တို့က အာရုံဦးစာကြည့်တိုက်အဆောက်အအုံသစ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ (မြို့နယ် ပြန်/ဆက်)

တောင်တွင်းကြီးမြို့နယ် ပုဏ္ဏဝတီမဂ္ဂဇင်းထုတ်ဝေမည်

တောင်တွင်းကြီး မတ် ၂၉

မကွေးတိုင်း တောင်တွင်းကြီးမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ မဂ္ဂဇင်းကော်မတီက ၂၀၀၉ခုနှစ် ပုဏ္ဏဝတီမဂ္ဂဇင်း ထုတ်ဝေမည်ဖြစ်ရာ စာမူနှင့်ကြော်ငြာများ၊ အလှူငွေများကို ဧပြီ ၃၀ရက် နောက်ဆုံးထား၍ တောင်တွင်းကြီးမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ဇရတနာဖြိုးတည်းခိုခန်း မန်နေဂျာ ဦးခင်မောင်ရင်၊ ဦးဘိုကြည်(အင်းစိန်မြို့)နှင့် ဦးဝိုင်းမောင် (ရွှေပျိုးသာစိုက်ပျိုးရေးဆေးဆိုင်) မကွေးမြို့တို့သို့ ပေးပို့နိုင်ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

Follow Me & Secret Beauty Products

ကုန်ပစ္စည်းသစ်များ မိတ်ဆက်ပွဲ

ရန်ကုန် မတ် ၂၉

Ta-Fa Trading Co.,Ltd. ၏ Follow Me & Secret Beauty Products ကုန်ပစ္စည်းသစ်များမိတ်ဆက်ပွဲ၊ ရွှေမဟာကံထူးရှင်ရွေးချယ်ပွဲနှင့် ဂုဏ်ပြုလက်ဆောင်ပေးအပ်ပွဲ အခမ်းအနားကို မတ် ၂၂ရက် နံနက် ၁၁နာရီက ရန်ကုန်မြို့ Chatrium Hotel ၌ ကျင်းပရာ စာနယ်ဇင်းဆိုင်ရာပုဂ္ဂိုလ်များ၊ အနုပညာရှင်များနှင့် အရောင်းကိုယ်စားလှယ်ကြီးများ တက်ရောက်ကြသည်။

မိတ်ဆက်

ရှေးဦးစွာ Ta-Fa Trading Co., Ltd. မန်နေဂျင်းဒါရိုက်တာ ဦးကျင်စိန်က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီး Marketing Executive (Junior) ဒေါ်ထက်ဝေရီကျော်က ကုန်ပစ္စည်းသစ်တစ်ခုဖြစ်သည့် Nutox Wrinkle Away Products Range နှင့် စပ်လျဉ်း၍ ပရိဂျက်တာဖြင့် ရှင်းလင်းပြသ မိတ်ဆက်သည်။

ပေးအပ်ချီးမြှင့်

ထို့နောက် Ta-Fa Trading Co., Ltd. အရောင်းကိုယ်စားလှယ်ကြီးများ ရွေးချယ်ဖော်ထုတ်၍ ဆုများပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ရောင်းအားအကောင်းဆုံး ဆိုင်များကိုလည်း ရွေးချယ်ကာ ကံစမ်းမဲများဖြင့် မေတ္တာလက်ဆောင် ချီးမြှင့်ကြပြီး တက်ရောက်လာကြသူများအား ကံစမ်းမဲများ ရွေးချယ်ပေးသည်။

တည်ခင်းဧည့်ခံ

ယင်းနောက် Ta-Fa Trading Co., Ltd. မှ အုပ်ချုပ်မှုဒါရိုက်တာ ဦးထွန်းကြည်က ကျေးဇူးတင်စကားပြောကြားပြီး တက်ရောက်လာကြသူများအား နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံသည်။

အထက်မြန်မာပြည်မှ လက်ကားကိုယ်စားလှယ်ကြီးများအတွက် အလားတူ ကျေးဇူးတုံ့ပြန်သောအားဖြင့် ဂုဏ်ပြုလက်ဆောင်ပေးအပ်ပွဲကို မတ် ၂၅ ရက်တွင် မန္တလေးမြို့ရှိ Hotel Mandalay ၌ ကျင်းပခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

Ta-Fa Trading Co., Ltd. ၏ Follow Me & Secret Beauty Products ကုန်ပစ္စည်းသစ် မိတ်ဆက်ပွဲတွင် Managing Director ဦးကျင်စိန် နှုတ်ခွန်းဆက်စကား ပြောကြားစဉ်။ (သတင်းစဉ်)

နိုင်ငံတကာအဆင့်မီ အရည်အသွေးကောင်းဆန်များ ကြိတ်ခွဲထုတ်လုပ် တင်ပို့ရောင်းချနိုင်ရေး ရည်ရွယ် ဆန်ကြိတ်ခွဲရေးဆိုင်ရာ ကျွမ်းကျင်မှုသင်တန်းဖွင့်

ရန်ကုန် မတ် ၂၉

နိုင်ငံတကာအဆင့်မီ အရည်အသွေးကောင်းဆန်များ ကြိတ်ခွဲထုတ်လုပ် တင်ပို့ရောင်းချနိုင်ရေးအတွက် ရည်ရွယ်ဖွင့်လှစ်သော ဆန်ကြိတ်ခွဲရေးဆိုင်ရာ ကျွမ်းကျင်မှု သင်တန်း အမှတ်စဉ်(၁/၂၀၀၉)ကို စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ရန်ကုန်တိုင်းရုံး၌ ကျင်းပသည်။

အမှာစကားပြောကြား

အခမ်းအနားတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် တင်နိုင်သိန်း တက်ရောက်၍ အဖွင့်အမှာ စကားပြောကြားရာတွင် မြန်မာ့ဆန်စပါး ထုတ်လုပ်တင်ပို့ရောင်းချမှု အရည်အသွေးမြင့်မားပြီး စျေးကောင်းရရှိရေးအတွက် ဆန်စပါး မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးထုတ်လုပ်ရေးနှင့် ဆန်ကြိတ်ခွဲမှု အဆင့်မြင့်မားရေးသည် အဓိကအရေးပါသည့် အချက်များဖြစ်ကြောင်း၊ စပါးမျိုးကောင်းမျိုးသန့်များ စိုက်ပျိုးထုတ်လုပ်ရေးအတွက် နိုင်ငံတော်က အားပေးမြှင့်တင်လျက်ရှိသကဲ့သို့ ကြိတ်ခွဲမှု အရည်အသွေး မြင့်မားရေးအတွက် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ ခေတ်မီစက်များ ထူထောင်ခြင်း၊ ခေတ်မီ နည်းပညာများ အသုံးပြုဆောင်ရွက်ခြင်းတို့အတွက် အသင်းအဖွဲ့များက ဦးဆောင်ပြီး ဆန်စပါးလုပ်ငန်းဦးဆောင်ကုမ္ပဏီကြီးများနှင့် ဆန်တင်ပို့ရောင်းချလျက်ရှိသည့် ကုမ္ပဏီများက ဝိုင်းဝန်းပူးပေါင်း ကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း၊ သို့ဖြစ်၍ မြန်မာ့ဆန်ပြည်ပတင်ပို့ရာတွင် ဂုဏ်သတင်းကောင်းမွန်ရေးကို အမျိုးသားရေး တာဝန်တစ်ရပ်အနေဖြင့် ခံယူဆောင်ရွက်ကြရန်လိုကြောင်း ပြောကြားသည်။

ဖွင့်လှစ်ပို့ချ

အဆိုပါသင်တန်းကို မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးမှကျွမ်းကျင်သူ ပညာရှင် အရာရှိများ၊ အငြိမ်းစား ကျွမ်းကျင်သူအရာရှိများ၊ မြန်မာနိုင်ငံဆန်စက် လုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူများက ပို့ချပေးကြမည်ဖြစ်ပြီး ဆန်စပါးအထူးပြု ကုမ္ပဏီကြီးများ၊ ဆန်ပြည်ပတင်ပို့နေသည့် ကုမ္ပဏီများ၊ ပြည်နယ်နှင့်တိုင်းများမှ ဆန်စက်လုပ်ငန်းရှင်များ အပါအဝင် သင်တန်းသား ၄၃ဦးဖြင့် ရက်သတ္တနှစ်ပတ်ကြာ ဖွင့်လှစ်ပို့ချမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အမှာစကား ပြောကြား

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် တင်နိုင်သိန်း ဆန်ကြိတ်ခွဲရေးဆိုင်ရာ ကျွမ်းကျင်မှုသင်တန်း အမှတ်စဉ် (၁/၂၀၀၉)ဖွင့်ပွဲတွင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

(၆၄)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြု ပဲခူးပြည်သူ့ဆေးရုံ၌ သွေးလှူဒါန်းပွဲကျင်းပ

ပဲခူး မတ် ၂၉

(၆၄)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ပဲခူးတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်နိုင်နိုင်မော်နှင့် တိုင်း၊ ခရိုင်၊ မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့ဝင်များသည် မတ် ၂၅ရက် မွန်းလွဲ ၂နာရီက ပဲခူးမြို့ ပြည်သူ့ဆေးရုံ ပြင်ပလူနာဌာနတွင် ကျင်းပသော သွေးလှူဒါန်းပွဲသို့ တက်ရောက်အားပေးခဲ့သည်။

ယင်းသွေးလှူဒါန်းပွဲတွင် မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဝင်များက သွေးများလှူဒါန်းခဲ့ပြီး ယင်းသွေးလှူရှင်များအား ပဲခူးတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်နိုင်နိုင်မော်နှင့် အဖွဲ့ဝင်များက အာဟာရများ ပြန်လည်ပံ့ပိုးပေးခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

မြို့ရွာတစ်ခွင် သာစေချင် မီးတွင် မပေါ့နှင့်

ဇန်းမော်မြို့နယ်စည်ပင် မြို့သန့်ရှင်းသာယာ လုပရေးဆောင်ရွက်

ဇန်းမော် မတ် ၂၉

ဇန်းမော်မြို့ သန့်ရှင်းသာယာလှပရေးအတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိရာ မတ် ၇ရက်က ဗိုလ်ချုပ်လမ်းဘေးဝဲယာတစ်လျှောက် အဖွဲ့သန့်ရှင်းရေး ဝန်ထမ်းများဖြင့် အထူးသန့်ရှင်းရေးဆောင်ရွက်ရာ ဒုတိယဦးစီးမှူး(သန့်) ဦးသိုက်ဦးဝင်း ကြီးကြပ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲဝင် ဇေယျာရွှေမြေ F.C အသင်း ၁၉ယောက်မြောက် ကစားသမားအဖြစ် ကမ္ဘောဇမှ အောင်မိုးအား ခေါ်ယူစာချုပ်

သတင်းမှတ်စုနှင့်ဓာတ်ပုံ-ဖိုးသော်ဇင် ❖ စာမျက်နှာဖွဲ့စည်းမှု-သက်နိုင်(မြန်မာ့အလင်း)

ရန်ကုန် မတ် ၂၉

မတ်၂၀ရက်ပြီးကတည်းက အပြောင်းအရွှေ့ဈေးကွက် အနည်းငယ်အေးသွားသည့် မြန်မာနေရှင်နယ်လိဂ် ကစားသမားများ၏ အပြောင်းအရွှေ့မှာ မတ် ၂၈ရက်တွင် ပြန်လည်လှုပ်ရှားလာပြီဖြစ်သည်။ စစ်ကိုင်းတိုင်းကိုယ်စားပြု ယှဉ်ပြိုင်မည့် ဇေယျာရွှေမြေ F.C က ၎င်းတို့၏ ၁၉ယောက်မြောက် ကစားသမားခေါ်ယူမှုအဖြစ် ကမ္ဘောဇအသင်းမှ အောင်မိုးကို စာချုပ်ချုပ်ဆိုခေါ်ယူနိုင်ခဲ့ခြင်း ဖြစ်သည်။

ကျပ်သိန်း ၁၈၀၀ ကျော် သုံးစွဲ

ဇေယျာရွှေမြေ F.C အသင်းမှာ အောင်မိုးကို လက်မှတ်ထိုးကြေး ကျပ်သိန်း ၃၀၊ လစာတစ်လလျှင် ကျပ်ငါးသိန်းဖြင့် စာချုပ်ချုပ်ဆိုခဲ့ခြင်းလည်း ဖြစ်သည်။ ဇေယျာရွှေမြေအသင်းမှာ လက်ရှိအချိန်အထိ နာမည်ကြီးကစားသမားများ အပါအဝင် ကစားသမား ၁၉ဦးကို ခေါ်ယူနိုင်ခဲ့ပြီဖြစ်ပြီး ကစားသမားများ၏ လက်မှတ်ထိုးကြေး ကျပ်သိန်း ၅၀၀ ကျော်သုံးစွဲထားပြီးဖြစ်သည်။ ယနေ့အပြီးအထိ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်တွင် တရားဝင်လာရောက် စာချုပ်ချုပ်ဆိုပြီးသော ကစားသမား ၈၄ဦးရှိပြီး မကွေး F.C မှ ၂၈ဦး၊ ဇေယျာရွှေမြေ F.C မှ ၁၉ဦး၊ Delta United F.C မှ ၁၉ဦး၊ ကမ္ဘောဇ F.C မှ ၁၆ဦး၊ ရန်ကုန်ယူနိုက်တက် F.C နှင့် ရတနာပုံ F.C တို့မှ တစ်ဦးစီတို့ ဖြစ်ကြသည်။

Southern Myanmar F.C နှင့် ဥဿာယူနိုက်တက် F.C တို့မှ ကစားသမားတစ်ဦးမျှ စာချုပ်လာရောက်ချုပ်ဆိုခြင်း မရှိသေးပေ။ ယင်းကစားသမား ၈၄ဦးအတွက် လက်မှတ်ထိုးကြေးတစ်ခုတည်းအတွက်ပင် ကျပ်သိန်း ၁၈၀၀ ကျော် သုံးစွဲထားသည်ကို တွေ့ရသည်။

ဇေယျာရွှေမြေ F.C သို့ ပြောင်းရွှေ့ခဲ့သူ အောင်မိုးက "ဇေယျာရွှေမြေ အသင်းမှာ ကစားသမားကောင်းတွေရှိသလို နည်းပြ ဦးဉာဏ်ဝင်းလက်အောက်တွင်လည်း ကစားထားဖူး၍ ယခုကဲ့သို့ပြောင်းရွှေ့ရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်း၊ မိမိတို့ ယခင်ကလပ် ကမ္ဘောဇအသင်းကလည်း ကမ်းလှမ်းမှုမရှိခဲ့ကြောင်း၊ ဇေယျာရွှေမြေအသင်းတွင် နေရာရအောင်ကြိုးပမ်းပြီး အောင်မြင်မှုရရှိအောင် ကြိုးစားကစားသွားမည် ဖြစ်ကြောင်း" ပြောကြားခဲ့သည်။ ။ **(မြန်မာ့အလင်း)**

လစာငွေ ကျပ်ငါးသိန်းဖြင့် ဇေယျာရွှေမြေ F.C အသင်းတွင် ကစားရန် အောင်မိုး စာချုပ်ချုပ်ဆိုစဉ်။

ဇေယျာရွှေမြေ F.C ခေါ်ယူထားသော ကစားသမားများ

အမည်	လက်မှတ်ထိုးကြေး(ကျပ်သိန်း)	လစာ(ကျပ်သိန်း)
ဇော်လင်းထွန်း	၅၀	၁၀
အောင်မျိုးသန့်	၅၀	၁၀
မင်းသူ	၅၀	၁၀
ရာဇာဝင်းသိန်း	၅၀	၁၀
စည်သူသန်း	၃၀	၆
အောင်မိုး	၃၀	၅
ဇော်မိုးထက်	၃၀	၅
မျိုးဇော်ထွန်း	၃၀	၅
ထူးကျော်	၃၀	၅
ကျော်ဇင်ဝင်း	၂၀	၅
ကျော်ငွေဦး	၂၀	၅
ချမ်းချမ်း	၂၀	၅
တင်ယု	၂၀	၅
ဇော်ဇော်အောင်	၁၅	၄
မင်းကိုကို	၁၅	၄
ကျော်ကိုကို(၂)	၁၅	၄
ဇော်လင်းထက်	၁၅	၄
အောင်မြင့်ထွန်း	၁၅	၄
အောင်ကိုကိုဝင်း	၁၀	၃

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ အမြဲတမ်းကော်မတီအဖွဲ့ဝင် H.E. Mr. Li Changchun ခေါင်းဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များ မန္တလေးမြို့ရှိ မြနန်းစံကျော် ရွှေနန်းတော်ကို ကြည့်ရှုလေ့လာကြစဉ်။ (သတင်းစဉ်)

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ အမြဲတမ်းကော်မတီအဖွဲ့ဝင် H.E. Mr. Li Changchun ခေါင်းဆောင်သည့် ချစ်ကြည်ရေးအဖွဲ့ မန္တလေးမြို့သို့ သွားရောက်ကြည့်ရှုလေ့လာ

နေပြည်တော် မတ် ၂၉

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး၏ ဖိတ်ကြားချက်အရ ပြည်ထောင်စုမြန်မာနိုင်ငံတော်၌ ချစ်ကြည်ရေးခရီး လည်ပတ်ရန် ရောက်ရှိနေသော တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ အမြဲတမ်းကော်မတီ အဖွဲ့ဝင် H.E. Mr.Li Changchun ခေါင်းဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာယဲ့တာပို လိုက်ပါလျက် ယမန်နေ့နံနက် ၉နာရီခွဲတွင် အထူးလေယာဉ်ဖြင့် မန္တလေးမြို့သို့ ရောက်ရှိကြသည်။

ကြိုဆိုနှုတ်ဆက်

ဧည့်သည်တော် H.E. Mr.Li Changchun ခေါင်းဆောင်သည့် ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များအား မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်တင်ငွေ၊ မန္တလေး မြို့တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်၊ အမှတ်(၂) စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ကျော်စွာခိုင်၊ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်မှ တပ်မတော်အရာရှိကြီးများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံကောင်စစ်ဝန်ချုပ် Mr. Tang Yang နှင့် ကောင်စစ်ဝန်ချုပ်ရုံးမှ တာဝန်ရှိသူများက မန္တလေး အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် ဧည့်သည်တော် H.E. Mr. Li Changchun ခေါင်းဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ် အဖွဲ့ဝင်များသည် မြနန်းစံကျော် ရွှေနန်းတော်ကို လည်းကောင်း၊ အောင်မြေသာစံမြို့နယ်ရှိ အမှတ်(၂) စက်မှုဝန်ကြီးဌာန စက်မှုသင်တန်းကျောင်း(မန္တလေး)ကို လည်းကောင်း ကြည့်ရှုလေ့လာကြသည်။

ကြည့်ရှု

ယင်းနောက် ဧည့်သည်တော် H.E. Mr. Li Changchun ခေါင်းဆောင်သည့် ချစ်ကြည်ရေး ကိုယ်စားလှယ် အဖွဲ့ဝင်များသည် ပဋ္ဌမသင်္ဂါယနာတင် မဟာလောကမာရဇိန်စေတီ ကုသိုလ်တော်ဘုရားနှင့် မန္တလေးတောင်တော်ရှိဆုတောင်းပြည့် မြတ်စွာဘုရားတို့အား ဖူးမြော်ကြည်ညိုကြပြီး မန္တလေးတောင်တော်ပေါ်မှ မန္တလေးမြို့၏ နေဝင်ချိန် ဆည်းဆာအလှကို ကြည့်ရှုကြသည်။

တည်ခင်း

ညပိုင်းတွင် မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်က ဧည့်သည်တော် H.E. Mr. Li Changchun ခေါင်းဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များအား Mandalay Hill Resort Hotel ၌ ဂုဏ်ပြု ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။ **(သတင်းစဉ်)**

* *ရှေ့ဖုံးမှ*

ရာသီမရွေးသွားလာ

ရှေးဦးစွာ ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်မှူးချုပ်လှမင်းက အမှာစကားပြောကြားရာတွင် နိုင်ငံတော်အနေဖြင့် ပြည်နယ်၊ တိုင်း၊ ဒေသအနှံ့ လမ်းများ၊ တံတားများကို တည်ဆောက်ခဲ့ရာ ယနေ့ဆိုလျှင် ပြည်ထောင်စုကြီး၏ အရှေ့၊ အနောက်၊ တောင်၊ မြောက် ရာသီမရွေး သွားလာ၍ရသော လမ်းကွန်ရက်စနစ် ဖြစ်ထွန်းနေပြီဖြစ်ကြောင်း။

ပဲခူးမြစ်ကူးတံတား(ကဝ)သည် ပဲခူးတိုင်းအတွက် အရေးပါသည့် နိုင်ငံတော်၏ (၂၂၁)စင်းမြောက် တံတားသစ်ကြီးဖြစ်ကြောင်း၊ ပဲခူးတိုင်းအတွင်း၌ စစ်တောင်းမြစ်ကူး (ရွှေကျင်-မဒေါက်)၊ ဧရာဝတီမြစ်ကူးတံတား (နဝဒေး တံတား-ပြည်)စသော မြစ်ကူးတံတားကြီးများကို တည်ဆောက်ခဲ့ပြီးဖြစ်ကြောင်း၊ ပဲခူးမြစ်ကူးတံတား(ကဝ)သည် ပဲခူးတိုင်းအတွက် ပေ ၁၈ဝနှင့်အထက် ၁၇စင်း မြောက် တံတားကြီးဖြစ်ကြောင်း။

ယခင်က ပဲခူးမြစ်ကိုဖြတ်သန်းရန် ကူးတို့လှေကိုသာ အားထားကြရပြီး ရာသီဥတုအခြေအနေ စသည်တို့ကို စောင့်ဆိုင်းခဲ့ကြရကြောင်း၊ ကုန်စည်ပို့ဆောင်ရေး၊ ပညာရေး၊ ကျန်းမာရေး ကဏ္ဍများအတွက် အထောက်အပံ့ကောင်းဖြစ်စေရန် ဤပဲခူးမြစ်ကူးတံတား(ကဝ)ကို တည်ဆောက်လိုက်နိုင်ခြင်းကြောင့် လမ်းပန်းဆက်သွယ် သွားလာရေးကဏ္ဍ ပိုမိုမြန်ဆန် လွယ်ကူလာစေမည်ဖြစ်ကြောင်း။

ဝိုင်းဝန်းထိန်းသိမ်း

ပဲခူးမြစ်ကူးတံတား(ကဝ) ပေါ်ထွန်းလာခြင်းကြောင့် ရန်ကုန်မြို့သို့ သွားလိုလျှင် ၃၇မိုင်ခန့် ပိုမိုတိုတောင်း မြန်ဆန်သွားပြီး ပဲခူးမြို့သို့ သွားလိုပါက ကိုးမိုင်ခန့် သက်သာစွာဖြင့် သွားလာနိုင်တော့မည်ဖြစ်ကြောင်း၊ ဒေသခံပြည်သူလူထု၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးတို့အတွက် အချိန်တိုအတွင်း ခရီးပေါက်နိုင်အောင် အခွင့်အလမ်းကောင်းများ ရရှိလာပြီဖြစ်ကြောင်း၊ ပဲခူးမြစ်ကူးတံတား(ကဝ) အပါအဝင် နိုင်ငံတော်က ဆောင်ရွက်ပေးခဲ့သည့် ဖွံ့ဖြိုးတိုးတက်ရေး အခြေခံကောင်းများကို သက်ဆိုင်ရာ စည်းမျဉ်းစည်းကမ်းများနှင့်အညီ စနစ်တကျအသုံးပြုရင်း ဝိုင်းဝန်းထိန်းသိမ်းပေးကြပါဟု တိုက်တွန်းပြောကြားသွားသည်။

ထို့နောက် ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးတင့်ဆွေက ပဲခူးမြစ်ကူးတံတား(ကဝ) တည်ဆောက်မှုနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဒေသခံပြည်သူများကိုယ်စား ကဝမြို့နယ်မှ ဒေသခံပြည်သူ ဦးအေးနိုင်က ပဲခူးမြစ်ကူးတံတား(ကဝ) တည်ဆောက်ပြီးစီးသွားခြင်းကြောင့် ဒေသဖွံ့ဖြိုးတိုးတက်မှုများ ပိုမိုဖြစ်ထွန်းလာတော့မည်ဖြစ်၍ နိုင်ငံတော်အစိုးရအား ကျေးဇူးတင်ရှိကြောင်း ပြောကြားသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ထို့နောက် ဒုတိယဝန်ကြီး ဦးတင့်ဆွေနှင့် ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးဖေသိန်းတို့က ပဲခူးမြစ်ကူးတံတား (ကဝ)ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် တိုင်းမှူး၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများ၊ ဒေသခံပြည်သူများစုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။ ဆက်လက်၍ တိုင်းမှူး ဗိုလ်မှူးချုပ်လှမင်းက စက်ခလုတ်နှိပ်ကာ ပဲခူးမြစ်ကူးတံတား(ကဝ) ကမွည်းမော်ကွန်းကျောက်စာတိုင်ကို ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးသည်။

ထို့နောက် တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ပဲခူးမြစ်ကူးတံတား(ကဝ)ကို ဖြတ်သန်းကြည့်ရှုကြပြီး ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကြကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဘေလီသံပေါင်တံတား

အဆိုပါ ပဲခူးမြစ်ကူးတံတား(ကဝ)သည် သံကူကွန်ကရစ် ဘေလီသံပေါင် တံတား အမျိုးအစားဖြစ်ပြီး အရှည်ပေ၅၆ဝ၊ ယာဉ်သွားလမ်းအကျယ် ၁၂ပေ ၄လက်မ၊ ရေလမ်းကင်းလွတ်နယ်မြေ အမြင့်၁၂ပေနှင့် အကျယ်၇၆ပေ၊ ခွင့်ပြုယာဉ်အလေးချိန် တန်၂ဝဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အမျိုးသမီးအိမ်တွင်းသက်မွေးလုပ်ငန်း သင်တန်းဆင်း

ရန်ကုန် မတ် ၂၉

လားရှိုးမြို့ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဦးစီးဌာန အမျိုးသမီး အိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်တန်း၌ အဆင့်မြင့်စက်ချုပ်သင်တန်းအမှတ်စဉ် (၂၂/၂၀၀၉)၊အခြေခံစက်ချုပ်သင်တန်း အမှတ်စဉ်(၅၀/၂၀၀၉)နှင့် အိမ်တွင်း လက်မှုလုပ်ငန်း (ကြိမ်) သင်တန်း အမှတ်စဉ်(၄/၂၀၀၉)တို့မှသင်တန်းသူ ၄၅ဦးအား မတ်၂၀ရက် နံနက်ရနာရီ တွင် သင်တန်းဆင်းပွဲ အခမ်းအနား ကျင်းပရာ ပြည်နယ် အတွင်းရေးမှူး ဦးခိုင်ထွန်းဦးက အောင်လက်မှတ်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

သင်ကြား

လားရှိုးမြို့ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်တန်း ကျောင်း၌ ကွမ်းလုံ၊ ဟိုပန်၊ မူဆယ်၊ ကွတ်ခိုင်၊ မဘိမ်း၊ မိုးမိတ် စသော ဝေးလံသည့် နယ်စွန်နယ်ဖျားမှ ဒေသခံ တိုင်းရင်းသူများ တစ်ပိုင်တစ်နိုင် မိသားစု စီးပွားရေးဆောင်ရွက်နိုင်ရန် မိမိဒေသတွင်း၌ ကိုယ့်အားကိုယ်ကိုး စီးပွားရေး ဆောင်ရွက်နိုင်ရန်အတွက် သင်တန်းတစ်ခုလျှင်ရက်သတ္တ၁၄ပတ် ဖြင့် သင်ကြားကာ စားဝတ်နေရေးကို သင်တန်းကျောင်းမှ ထောက်ပံ့၍ သင်ကြားပေးလျက်ရှိသည်။

မျိုးဆက်ပွား

တိုင်းရင်းသူ မိန်းကလေးများ သင်တန်းကဏ္ဍတိုင်း၌ နယ်စပ်ဒေသ၌ ဖြစ်ပွားတတ်သည့် လူကုန်ကူးနှင့် လူမှောင်ခိုဆိုင်ရာသိကောင်းစရာများ၊ မျိုးဆက်ပွား ကျန်းမာရေးကိစ္စများ၊ မုန့်လုပ်နည်းအမျိုးမျိုး စသည်တို့ကို သင်တန်းနည်းပြဆရာမများ၊ မိခင်နှင့် ကလေး စောင့်ရှောက်ရေးအသင်းနှင့် အမျိုးသမီးရေးရာတို့မှ တာဝန်ရှိသူတို့က ပို့ချပေးနေကြောင်းသိရသည်။ သင်တန်းကျောင်းဖွင့်သည်မှ ယနေ့အထိ နယ်စပ်ဒေသမှ သင်တန်းသူ ၂၅၃၂ဦးကို သင်ကြားပေးခဲ့ကြောင်း ကျောင်းအုပ်ကြီး နန်းငွေလှက ပြောကြားခဲ့သည်။

(လားရှိုး/ကိုယ်ပွား)

ကလေးခရိုင်လုံးကျွတ်သန့်ရှင်းသောသောက်သုံးရေရရှိ

ကလေး မတ် ၂၉

ကလေးခရိုင် ခရိုင်လုံးကျွတ် ကျေးလက်ဒေသ သန့်ရှင်းသောသောက်သုံး ရေရရှိမှု အထိမ်းအမှတ် ဆိုင်းဘုတ်ဖွင့်ပွဲအခမ်းအနားကို မတ်၂၁ရက် နံနက် ၉နာရီက ကလေးမြို့ ညောင်ပင်သာရပ်ကွက် ဗိုလ်ချုပ်လမ်းနှင့် ပင်လုံလမ်းမတော်အကြားတွင် ကျင်းပသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ ခရိုင်လုံးကျွတ် ကျေးလက်ဒေသနေ ပြည်သူများနှင့် သန့်ရှင်းသော သောက်သုံးရေရရှိမှု ဆောင်ရွက်ချက်များကို ကလေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးမိုးဟိန်းက ရှင်းလင်းတင်ပြသည်။

ထို့နောက် ကလေးတပ်နယ်မှ ဗိုလ်မှူးကြီးအောင်စန်းချစ်က ဘင်ခရာအဖွဲ့နှင့် ပန်းဖွားအဖွဲ့တို့အား ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ပြီး ခရိုင်အဖွဲ့ဝင် ဒုတိယရဲမှူးကြီးဝင်းခိုင်နှင့် မြို့နယ်အမှုဆောင်အရာရှိတို့က ခရိုင်လုံးကျွတ် ကျေးလက်ဒေသ သန့်ရှင်းသော သောက်သုံးရေရရှိမှု အထိမ်းအမှတ်ဆိုင်းဘုတ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ကလေးခရိုင်အတွင်း ၂၀၀၀-၂၀၀၁ခုနှစ်မှ ၂၀၀၈-၂၀၀၉ခုနှစ်အထိ ကျေးရွာပေါင်း ၂၅၇ရွာတွင် လုပ်ငန်းပေါင်း ၃၄၃ခု၌ သန့်ရှင်းသော သောက်သုံးရေများ ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

ပဲခူးမြစ်ကူးတံတား(ကဝ) ဖွင့်ပွဲ အခမ်းအနား ကျင်းပစဉ်။ (သတင်းစဉ်)

* ကျောဖုံးမှ

လမ်းမပေါ်တွင်လည်း ကိုယ်ပိုင်ဆလွန်းကားများ၊ မော်တော်ဆိုင်ကယ်များ၊ ခရီးသည်တင်ယာဉ်များ၊ ကုန်တင် ၁၀ဘီး၊ ၁၂ဘီးကားကြီးများဖြင့် ပျားပန်းခပ်မျှ လူးလွန့်လှုပ်ရှား သွားလာလျက်ရှိသည်။ညဘက်မူဆယ်ညဈေးတွင် ရောင်းသူ ဝယ်သူများဖြင့် စည်ကားလျက်ရှိသည်။

ထိုသို့ စည်ကားတိုးတက်လျက်ရှိသော မူဆယ်မြို့အကြောင်း သိရှိနိုင်ရန်အတွက် မူဆယ်ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးထွန်းမင်းဇော်အား တွေ့ဆုံမေးမြန်းခဲ့ရာခရိုင်ဥက္ကဋ္ဌက "မူဆယ်မြို့ ဖွံ့ဖြိုးရေးအကြောင်း ပြောမယ်ဆိုရင် မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်နှင့် ဆက်စပ်ပြောဆိုပါမှ ပြီးပြည့်စုံမှာ ဖြစ်ပါတယ်၊ မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန် ဖွင့်လှစ်နိုင်လို့ ဒေသခံ ပြည်သူတွေ အလုပ်အကိုင် အခွင့်အလမ်းတွေရရှိလို့ စီးပွားရေး ဖွံ့ဖြိုးတိုးတက်လာတယ်၊ စီးပွားရေး တိုးတက်လို့ လူနေမှုအဆင့်အတန်းတွေ မြင့်တက်လာရခြင်းဖြစ်ပါတယ်" ဟု သတင်းအဖွဲ့အား ရှင်းလင်းပြောပြသည်။

"သွင်းကုန် ပို့ကုန် အားလုံးကို ခေတ်မီ ဓာတ်မှန်ရောင်ခြည်စက်ဖြင့် စစ်ဆေးရပါတယ်"
ဦးအောင်သူ
အကောက်ခွန်မှူး
မူဆယ်(၁၀၅)မိုင်
ကုန်သွယ်ရေးဇုန်။

မော်တော်ယာဉ်ဖြင့် သယ်ဆောင်လာသော ကုန်ပစ္စည်းများကို အကောက်ခွန်ဥပဒေအရ စစ်ဆေးမည့် ခေတ်မီဓာတ်ရောင်ခြည်သုံး အကောက်ခွန် စစ်ဆေးရေးယာဉ်။ (မြန်မာ့အလင်း)

မြှင့်တင်ရန်

ဆက်လက်၍ ဒေသတွင်း စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုနေသည့် မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်အကြောင်း သိရှိနိုင်ရန်အတွက် နယ်စပ်ကုန်သွယ်ရေး ဦးစီးဌာနမှ ဒုတိယ ညွှန်ကြားရေးမှူး ဦးသန်းဝင်းအား မေးမြန်းခွင့် ရရှိခဲ့သည်။

ဒုတိယ ညွှန်ကြားရေးမှူး ဦးသန်းဝင်းက "မြန်မာ-တရုတ် ကုန်သွယ်မှုကို ၁၉၈၈ခုနှစ် ဒီဇင်ဘာ ၁ ရက်တွင် မြန်မာ-တရုတ် နယ်စပ် ကြိုကုတ်၊ ပန်ဆိုင်း၊ နမ့်ခမ်း၊ မူဆယ် ဒေသများတွင် စတင်ဆောင်ရွက်ခဲ့ကြောင်း ကုန်သွယ်မှု ပမာဏ မြှင့်တင်ရန်နှင့် ကုန်စည်စီးဆင်းမှု မှန်ကန် မြန်ဆန်စေရန်အတွက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အစိုးရ လက်ထက်တွင် နယ်စပ် ကုန်သွယ်ရေး ဦးစီးဌာနကို ဖွဲ့စည်းပြီး ယခင်ကြိုကုတ်၊ ပန်ဆိုင်း၊ နမ့်ခမ်း၊ မူဆယ်ဒေသများတွင် ကုန်သွယ်မှု ဆောင်ရွက်နေရာမှ အချက်အချာကျသော မိုင်းယုရွာ(၁၀၅)မိုင်သို့ ၁၉၉၈ ခုနှစ်တွင် ပြောင်းရွှေ့ဆောင်ရွက်ခဲ့ကြောင်း၊ မြန်မာ-တရုတ် ကုန်သွယ်မှု ပမာဏ တိုးတက်မြင့်မားရေး ဆောင်ရွက်ရန် နိုင်ငံတော် အကြီးအကဲ၏ လမ်းညွှန်ချက်အရ ၂၀၀၅ခုနှစ် မတ်လမှစတင်၍အဆင့်မြင့် ကုန်သွယ်ရေးဇုန်အဖြစ် မြှင့်တင်ပြီး ပို့ကုန်သွင်းကုန် ယာဉ်ရပ်နားကွင်းများ၊ ယာဉ်စစ်ဆေးရေးကွင်းများ၊ပွဲရုံ၊ ဂိုဒေါင် အဆောက်အအုံများ ဆောက်လုပ်ခဲ့ရာ ၂၀၀၆ ခုနှစ် ဧပြီ ၁၁ ရက်တွင် မူဆယ်(၁၀၅) မိုင် ကုန်သွယ်ရေးဇုန်အဖြစ် ဖွင့်လှစ်နိုင်ခဲ့ကြောင်း" ရှင်းပြသည်။

ရည်ရွယ်ချက်

မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန် တည်ဆောက်ရခြင်း ရည်ရွယ်ချက်ကို ဆက်လက်မေးမြန်းကြည့်ရာ-

"မိမိနိုင်ငံဘက်တွင် ဈေးကွက်ဖြစ်ပေါ်စေရေး၊မိမိနိုင်ငံ၏ထွက်ကုန်ပစ္စည်းများကို ကြိုက်ဈေးဖြင့် ပြည်ပသို့ တင်ပို့ရောင်းချနိုင်ရေး၊ မိမိနိုင်ငံထွက်ကုန်ပစ္စည်းများကို တန်ဖိုးမြှင့် (Value added)ပြုပြင်၍ တင်ပို့ခြင်းဖြင့်နိုင်ငံခြားဝင်ငွေပိုမိုတိုးတက်ရရှိရေးနှင့် နယ်စပ်ကုန်သွယ်ရေးမှ ပုံမှန်ကုန်သွယ်ရေးသို့ စနစ်တကျ ကူးပြောင်းနိုင်ရေးဆိုသည့် ရည်ရွယ်ချက်များဖြင့် မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်ကို ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း" ရှင်းပြသည်။

"မိမိနိုင်ငံဘက်မှာ ဈေးကွက် ဖြစ်ပေါ်စေရေး ရည်ရွယ်ဖွင့်လှစ်ခဲ့တာပါ"
ဦးသန်းဝင်း
ဒုတိယညွှန်ကြားရေးမှူး
နယ်စပ်ကုန်သွယ်ရေး
ဦးစီးဌာန။

မိမိနိုင်ငံဘက်တွင် ဈေးကွက် ဖြစ်ပေါ်စေရေး၊ မိမိနိုင်ငံ၏ ထွက်ကုန်ပစ္စည်းများကို ကြိုက်ဈေးဖြင့် ပြည်ပသို့ တင်ပို့ရောင်းချနိုင်ရေး၊ မိမိနိုင်ငံထွက်ကုန်ပစ္စည်းများကို တန်ဖိုးမြှင့်(Value added) ပြုပြင်၍ တင်ပို့ခြင်းဖြင့် နိုင်ငံခြားဝင်ငွေ ပိုမိုတိုးတက်ရရှိရေးနှင့် နယ်စပ်ကုန်သွယ်ရေးမှ ပုံမှန်ကုန်သွယ်ရေးသို့ စနစ်တကျကူးပြောင်းနိုင်ရေးဆိုသည့်ရည်ရွယ်ချက်များဖြင့် မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်ကို ဖွင့်လှစ်ခဲ့ခြင်းဖြစ်။

မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်တွင် တစ်ဖက်နိုင်ငံမှ တင်သွင်းလာသည့် ကုန်ပစ္စည်းများကို အစစ်ဆေးခံရန် စောင့်ဆိုင်းနေကြသည့် ကုန်တင်ယာဉ်ကြီးများအား တွေ့ရစဉ်။ (မြန်မာ့အလင်း)

မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်တွင် နယ်စပ်ကုန်သွယ်ရေး ဦးစီးဌာန၊ အကောက်ခွန်၊ ပြည်တွင်းအခွန်များဦးစီးဌာန၊ လဝက၊ မြန်မာ့စီးပွားရေးဘဏ်နှင့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ စသည့် ဌာနများဖြင့် တစ်နေရာတည်းတွင် ကုန်သွယ်ရေးလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

ဆက်လက်၍ကုန်သွယ်မှုပမာဏနှင့် ပတ်သက်၍ စေ့ငုကြည့်ရာ "မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန် မတည်ဆောက်မီ၂၀၀၅-၂၀၀၆ဘဏ္ဍာနှစ်၏ နှစ်နိုင်ငံကုန်သွယ်မှုပမာဏသည် အမေရိကန်ဒေါ်လာသန်း၅၀၀ကျော်ရှိခဲ့ရာမှ ကုန်သွယ်ရေးဇုန် တည်ဆောက်ဖွင့်လှစ်ခဲ့သည့်၂၀၀၆-၂၀၀၇ခုနှစ်တွင် အမေရိကန် ဒေါ်လာ သန်း ၈၀၀ ကျော်သို့ လည်းကောင်း၊၂၀၀၇-၂၀၀၈ ဘဏ္ဍာနှစ်တွင် အမေရိကန်ဒေါ်လာသန်း ၉၀၀ကျော်အထိလည်းကောင်း တိုးမြှင့်ဆောင်ရွက်နိုင်ပါကြောင်း" ရှင်းလင်းပြောပြသည်။

ကုန်သွယ်မှု

လက်ရှိအခြေအနေတွင် ကုန်သွယ်မှု အခြေအနေကို မေးမြန်းကြည့်ရာ-

"အရှေ့မြောက်တိုင်းစစ်ဌာနချုပ်နှင့် ဒေသအာဏာပိုင် အဖွဲ့အစည်းများ၏ ပံ့ပိုးကူညီပေးမှု၊ဝန်ကြီးဌာန၏ထိရောက်သော စီမံခန့်ခွဲမှုများကြောင့် မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်သည် နိုင်ငံတကာ စီးပွားရေး အကျပ်အတည်းဖြစ်ပေါ်နေသည့်ကာလအတွင်း ယခုနှစ် ၂၀၀၈-၂၀၀၉ခုနှစ် ကုန်သွယ်မှု ပမာဏသည် ယခင်နှစ်များကကဲ့သို့ပင် ပြည့်မီကျော်လွှားစွာ ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ဝန်ကြီးဌာနအနေဖြင့် အထက်အကြီးအကဲများ၏ ညွှန်ကြားမှုနှင့်အညီအစွမ်းကုန်ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ အမယ်သစ် ပို့ကုန်များ တင်ပို့ခြင်း၊ Value added တန်ဖိုးမြှင့်ထုတ်ကုန်များ တင်ပို့ခြင်းဖြင့် ကမ္ဘာ့စီးပွားရေးအကျပ်အတည်းကာလအတွင်း ထိခိုက်မှု အနည်းဆုံးဖြင့် ကုန်သွယ်မှုပမာဏသိသာစွာ ကျဆင်းမသွားစေရန် ထိန်းသိမ်းဆောင်ရွက်နိုင်ခဲ့ကြောင်း" ပြောပြသည်။

"မူဆယ်မြို့ဖွံ့ဖြိုးရေး အကြောင်း ပြောမယ်ဆိုရင် (၁၀၅)မိုင် ကုန်သွယ်ရေးဇုန်နဲ့ဆက်စပ်ပြောမှပြီးပြည့်စုံမှာပါ"
ဦးထွန်းမင်းဇော်
ဥက္ကဋ္ဌ
ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊
မူဆယ်မြို့။

မှန်ပါသည်။ ပို့ကုန်အမယ်သစ်အဖြစ် တင်ပို့ရာတွင် နိုင်ငံတော်၏ခွင့်ပြုချက်အရ ဆန်ကို တရားဝင် Export Licenseဖြင့် တရားဝင်တင်ပို့ခွင့်ပြုလျက်ရှိရာ ပမာဏအားဖြင့် တန်ချိန်သောင်းချီတင်ပို့နိုင်ပြီဖြစ်သည်။ အလားတူ ပြောင်းဖူးစေ့တင်ပို့မှုတွင်လည်း ယခင်နှစ်တန်ချိန် တစ်သိန်းကျော်မှ ယခုနှစ်တန်ချိန် နှစ်သိန်းကျော်အထိ နှစ်ဆကျော်ခန့်တင်ပို့နိုင်ခဲ့သည်။ နိုင်ငံတော်၏စီမံဆောင်ရွက်မှုဖြင့် မြန်မာ-တရုတ်နှစ်နိုင်ငံ နယ်စပ်ကုန်သွယ်မှု တိုးတက်လျက်ရှိရာ ယနေ့အချိန်တွင် နှစ်နိုင်ငံ ကုန်သွယ်မှုပမာဏသည် ဘဏ္ဍာနှစ်အရ နှစ်စဉ် အမေရိကန်ဒေါ်လာသန်း၁၀၀၀ကျော် ပတ်ဝန်းကျင် ရှိနေပေပြီ။ ယခုကဲ့သို့ နယ်စပ် ကုန်သွယ်မှု ပိုမိုတိုးမြှင့်ဆောင်ရွက်လာနိုင်သည့်အတွက် ဒေသတွင်း အလုပ်အကိုင် အခွင့်အလမ်း များပြားလာခဲ့ပြီး ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများလည်း ပိုမိုတိုးတက် ဆောင်ရွက်နိုင်သကဲ့သို့ ဒေသတွင်းလူနေမှု အဆင့်အတန်းများပိုမိုမြင့်မားလာပြီဖြစ်သည်။ နိုင်ငံတော်အတွက်လည်း အခွန်အခများပိုမိုတိုးတက်ရရှိလျက်ရှိရာ နယ်စပ်ဒေသ ကျန်းမာရေး၊ ပညာရေး၊ လူမှုရေး၊ စီးပွားရေးသည် ကုန်သွယ်ရေးဇုန်၏ ကုန်သွယ်မှုပမာဏ ဖွံ့ဖြိုးတိုးတက်လာမှုအပေါ် မူတည်၍ ပိုမိုတိုးတက်စည်ပင်လျက်ရှိသည်။

မူဆယ်(၁၀၅)မိုင်ကုန်သွယ်ရေးဇုန်တွင်သစ်သီးဝလံကုန်စည်ဒိုင်၊ရေထွက်ပစ္စည်းကုန်စည်ဒိုင်များ ဖွဲ့စည်းဖွင့်လှစ်၍ မိမိနိုင်ငံဘက်တွင် အရောင်းအဝယ်ဈေးကွက်ကြီး ဖြစ်ထွန်းနေသည်ကို မြင်တွေ့ခဲ့ရသည်။ သံထည်များဖြင့် အခိုင်အခံ့ ဆောက်လုပ်ထားသော စင်မြင့်ကြီးပေါ်တွင် သစ်သီးဝလံများ လေလံဆွဲဝယ်ယူမည့် ကုန်သည်ပွဲစားများသည်သစ်သီးများတင်ဆောင်လာသော၁၀ဘီး၊၁၂ဘီးကားကြီးများ စင်မြင့်ကြီးအောက်သို့ ဝင်ရောက်လာသည့်အခါ စင်မြင့်ပေါ်ရှိ ဝယ်လက်များက ဈေးပြိုင် လေလံစနစ်ဖြင့် အပြိုင်အဆိုင် ဆွဲဝယ်ယူနေကြသည်ကို တွေ့ရသည်။

"ကျွန်တော်တို့ ကုန်စည်ဒိုင်အနေနဲ့ဝယ်လက်ပိုများလာအောင် ရောင်းသူ၊ ဝယ်သူ အဆင်ပြေ စိတ်ချမ်းသာရအောင် ဆောင်ရွက်ပေးပါတယ်"
ဦးစိုင်းမောင်ညွှန့်
ဥက္ကဋ္ဌ
မူဆယ်(၁၀၅)မိုင်
သစ်သီးဝလံကုန်စည်ဒိုင်။

ဈေးပြိုင်စနစ်

အရောင်းအဝယ် ဈေးကွက် အခြေအနေကို သစ်သီးဝလံကုန်စည်ဒိုင် ဥက္ကဋ္ဌ ဦးစိုင်းမောင်ညွှန့်အား မေးကြည့်ရာ "ဈေးပြိုင်စနစ်နဲ့ ရောင်းချပေးနေပါတယ်။ နံနက်ရနာရီကစပြီး ဒိုင်ဖွင့်ရောင်းချနေကြတာပါ။ ဒေသခံကုန်သည်တွေရော၊ တရုတ်ပြည်က ကုန်သည်တွေပါ လာရောက် ဝယ်ကြတာပါ။ အခုရာသီမှာ သစ်သီးဝလံအနေနဲ့ ဖရဲ၊ စပျစ်၊ ဖရဲသခွား များပါတယ်။ ကျွန်တော်တို့ကုန်စည်ဒိုင်အနေနဲ့ရောင်းသူ ဝယ်သူ အဆင်ပြေ စိတ်ချမ်းသာအောင် ဆောင်ရွက်ပေးနေပါတယ်။ တစ်နေ့ ယာဉ်အစီး ၃၀၊၄၀လောက် ပုံမှန်အရောင်းအဝယ်ဖြစ်ပါတယ်" ဟု မြန်မာ့အလင်းသို့ ရှင်းပြသည်။

ထို့နောက် တော်ဝင်သစ်သီးပွဲရုံ ပိုင်ရှင်ဦးနိုင်ထွန်းအားမေးမြန်းကြည့်ရာ "တန်ချိန်နဲ့တွက်ပြီး အရောင်းအဝယ်လုပ်တာပါ။ တစ်တန်ကို အလုံး ၃၀၀၀ ပါတဲ့ ဖရဲသီးဆို ယွမ် ၁၈၀၀ လောက်ရပါတယ်။ တစ်တန်ကို အလုံး ၄၀၀၀ ပါတဲ့ ဖရဲသီးဆို ယွမ် ၁၄၀၀-၁၅၀၀လောက်ပဲ ရပါတယ်။ ဒါကြောင့် စိုက်တဲ့တောင်သူတွေကို အသိပေး ပြောကြားချင်တာကတော့ ဈေးကောင်းရဖို့ အရည်အသွေးမီ စိုက်ပျိုးကြပါလို့ ပြောချင်ပါတယ်။မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှာ သစ်သီးဝလံ ကုန်စည်ဒိုင် ၂၇ ဒိုင် ရှိပါတယ်" ဟု ရှင်းလင်းပြောပြသည်။

မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန် စစ်ဆေးရေး စခန်းကို တွေ့ရစဉ်။ (မြန်မာ့အလင်း)

အသီးအပွင့်များ

ထိုသို့ အရောင်းအဝယ် ဖွံ့ဖြိုးတိုးတက်လာမှု၏ အကျိုးကျေးဇူးများသည် နိုင်ငံတော်၏စီမံဆောင်ရွက်မှု၊ အရှေ့မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူးနှင့် ဒေသအာဏာပိုင်အဖွဲ့အစည်းများ၏ အနီးကပ်ကြီးကြပ်မှုနှင့် နိုင်ငံတော် တည်ငြိမ်အေးချမ်းမှုတို့ကြောင့် ရရှိခံစားရသော အသီးအပွင့်များဖြစ်သည်ဟု ဆိုရပါတော့မည်။ ။

(မြန်မာ့အလင်း)

ကျေးရွာ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ရေရှည်တည်တံ့ဖွံ့ဖြိုးတိုးတက်ရေး

အေဒီ ၁၁ရာစုခန့်ကပင် မြန်မာဆိုသည်မှာ ကိုယ့်ထီး ကိုယ့်နန်း ကိုယ့်ကြငှန်းနှင့် နေထိုင်ခဲ့သော နိုင်ငံဖြစ်သည်။ ကိုယ့်လူမျိုး၊ ကိုယ့်ဘာသာစကား၊ ကိုယ့်စာပေနှင့် ကိုယ့်ယဉ်ကျေးမှုများ ထွန်းကားတည်ရှိခဲ့သည့် သမိုင်းကြောင်းလည်း အထင်အရှားရှိသည်။ သို့သော်လည်း အေဒီ ၁၉ရာစုအရောက်တွင် ကမ္ဘာ့ဥဖြစ်ပေါ်ခဲ့သော ကိုလိုနီဝါဒကြောင့် တိုင်းတစ်ပါးကျွန်အဖြစ် သက်ဆင်းခဲ့ရဖူးသည်။ ထိုကာလများအတွင်း ဘာသာ၊ စကား၊ စာပေ၊ ယဉ်ကျေးမှုနှင့် အစဉ်အလာတို့မှာ မှေးမှိန်ကွယ်ပျောက်လုနီးနီး ဖြစ်ခဲ့ရသည်။ ၂၀ရာစုဆန်းစတွင် မြန်မာ့လွတ်လပ်ရေးအတွက် ပထမဆုံး သန္ဓေတည်ပေါ်ထွန်းလာသော အသင်းကြီးတစ်သင်းဖြစ်သည့် ဗုဒ္ဓဘာသာကလျာဏယုဝအသင်း(ဝိုင်အမ်ဘီအေ)က ထိုထိုသောအကြောင်းများကို တွေးဆမိပြီး မြန်မာ့ဇာတိသွေး၊ ဇာတိမာန်နှင့် အမျိုးဂုဏ်အတွက် ကြွေးကြော်သံတစ်ခု လှုံ့ဆော်ခဲ့ရသည်။ အဓိကမှာ ကိုယ့်စာပေကိုချစ်ဖို့နှင့် ကိုယ့်ဘာသာစကားကို လေးစားကြဖို့ပင်ဖြစ်သည်။ ယင်းလှုံ့ဆော်ကြွေးကြော်မှုကြောင့် မြန်မာ့လွတ်လပ်ရေး ပြန်လည်ရရှိပြီး မျက်မှောက်ခေတ်ရောက်သည့်တိုင်အောင် မြန်မာစာပေ၊ မြန်မာဘာသာစကားတို့မှာ ဆက်လက်ဖွံ့ဖြိုး ထွန်းကားနေခဲ့ခြင်းလည်း ဖြစ်လေသည်။

ယနေ့ ၂၁ရာစုကို မီဒီယာခေတ်ဟု တင်စားခေါ်ဝေါ်ကြသည်။ သတင်းနည်းပညာ တိုးတက်လာသည်နှင့်အမျှ ကမ္ဘာကြီးတစ်ခုလုံးတွင် ဖြစ်ပေါ်တိုးတက်နေသော ဖြစ်စဉ်ခြင်းရာအားလုံးကို စက္ကန့်ပိုင်းအတွင်း တစ်နေရာနှင့်တစ်နေရာသိရှိလာနိုင်ကြသည်။ သို့ဖြင့် ကမ္ဘာ့သူ ကမ္ဘာ့သားများ၏ လူပ်ရှားနေထိုင်မှုများကို ရွာတစ်ရွာအတွင်း နေထိုင်နေကြရသည့်ပမာ တင်စားခေါ်ဝေါ်မှုများလည်း ရှိလာခဲ့ပါသည်။ ထိုအခါ တစ်ကမ္ဘာလုံး ဆက်စပ်လွှမ်းခြုံဖြစ်ပေါ်မှုအစဉ်(Globalization)ဟူသော ဝေါဟာရတစ်ရပ် ပေါ်ထွက်လာခဲ့ပြန်သည်။ သာမန်အားဖြင့် ယင်းအစဉ်တွင် လိုက်၍ ဖြစ်ပေါ်လာမှုအားလုံးသည် ဖွံ့ဖြိုးတိုးတက်မှုဟု မှတ်ယူရန် အကြောင်းရှိသော်လည်း အခြားတစ်ဖက်၌ ဆိုးကျိုးများကိုလည်း ဖြစ်စေနိုင်ပါသည်။ တစ်နည်းအားဖြင့် ၁၉ရာစုက ကိုလိုနီနယ်ချဲ့တို့၏ ကျွန်နိုင်ငံအဖြစ် အတင်းသွတ်သွင်း သိမ်းပိုက်မှုမျိုးထက် ယခုမျက်မှောက်နိုင်ငံနှင့်လူမျိုးပျောက်ဆုံးသွားနိုင်သည့် အခြေအနေမျိုးမှာမူ ပို၍ပင်စိုးရိမ်ဖွယ်ကောင်းလှပေသည်။ အဓိကအချက်မှာ လူမျိုးတစ်မျိုး၏ **အခြေခံစိတ်ထား၊** ယဉ်ကျေးမှုထုံးတမ်းစဉ်လာနှင့် တည်ရှိထွန်းကားနေသောစာပေ၊ဘာသာစကားတို့ကိုပါ မှေးမှိန်ထိခိုက်လာစေနိုင်ခြင်းဖြစ်သည်။

ထို့ကြောင့် **ကိုယ့်နိုင်ငံ၊ ကိုယ့်လူမျိုးအတွက် ကမ္ဘာလုံး လွှမ်းခြုံဖြစ်ပေါ်မှုအစဉ်မှ ကောင်းတာတွေကို လေ့လာရွေးချယ်ယူနိုင်ရမည်ဖြစ်သကဲ့သို့ ဆိုးတာတွေကိုလည်း မှတ်ယူဖယ်ရှား ရှောင်ကြဉ်နိုင်ကြရမည်ဖြစ်သည်။ ယင်းသို့ဆောင်ရွက်နိုင်ရန်အတွက် အရေးအကြီးဆုံးအချက်မှာ နိုင်ငံသူ နိုင်ငံသားအားလုံး "ကိုယ်ခံအား"ကောင်းနေကြရန် လိုအပ်မည်ဖြစ်သည်။ ဤနေရာတွင် အဓိကဆိုလိုချင်သည်မှာ စိတ်ပိုင်းဆိုင်ရာ ကိုယ်ခံအားဖြစ်သည်။သာမန်အားဖြင့် စိတ်၏ကိုယ်ခံအားကို ဘာသာတရားမှလည်း သက်ဝင်ယုံကြည်ရရှိစေနိုင်ပါသည်။ ပြည်သူ့နီတိမျိုးကစ၍ ဘဝအတွက် အခြေခံလိုက်နာဆောင်ရွက်သင့်သည်များ၊ ရှောင်ကြဉ်သင့်သည်များကို စာသင်ကျောင်းများ၏ အထွေထွေဗဟုသုတ သင်ခန်းစာများက ရရှိနိုင်ပါသည်။ အလားတူ ထုံးတမ်းဓလေ့အရ အသက်အရွယ်ကြီးရင့်သူ၊ ဉာဏ်ပညာကြီးရင့်သူတို့ထံမှလည်း ရရှိနိုင်ပါသည်။ သို့သော်လည်း ကျောင်းသင်ခန်းစာဟူသည် ပညာရှာသည့်အရွယ်ကို ကျော်လွန်ချိန်၌ မရရှိနိုင်တော့သကဲ့သို့ အသက်အရွယ်ကြီးသူ၊ ဉာဏ်ပညာကြီးသူတို့ထံမှ အတွေ့အကြုံ၊ ဗဟုသုတဆိုသည်မှာလည်း အခါမလပ်ရရှိနိုင်သော ဖြစ်စဉ်မျိုးမဟုတ်သည်ကို တွေ့ရှိကြရပါမည်။ အမှန်စင်စစ်တွင်မူ ကိုယ်ခံအားကောင်းစေရန်(ဝါ) အကောင်းအဆိုး ခွဲခြားသိမြင်နိုင်ရန် အခါမလပ်ရရှိနိုင်သည့် ရင်းမြစ်များမှာ စာအုပ်၊ စာပေများသာ ဖြစ်ပါသည်။ သို့သော်လည်း ကိုယ်ခံအားကောင်းစေရန်အတွက် စာအုပ်၊စာပေများရှိသည်ဟူသော အပေါ်ယံသိရုံမျှဖြင့် အလုပ်မဖြစ်၊ ယင်းစာအုပ်၊ စာပေများကို အတွင်းကျကျ ဖတ်ရှုမှသာ အလုပ်ဖြစ်မည်ဖြစ်ပါသည်။ ထို့ကြောင့် "စာဖတ်ခြင်း" ဟူသော အလေ့အထကို စွဲစွဲမြဲမြဲဆောင်ရွက်ဖို့ရန် အထူးလိုအပ်လာပါသည်။ သို့မှသာ လူတစ်ဦးတစ်ယောက်၏ စိတ်ပိုင်းဆိုင်ရာကိုယ်ခံအား အထူးကောင်းမွန် တိုးတက်စေလိမ့်မည် ဖြစ်သည်။**

စာဖတ်ခြင်းဆိုရာ၌ သတင်းသိရုံဟူသောစိတ်ဖြင့် နေ့စဉ်သတင်းစာ၊ ဂျာနယ်မျှဖတ်ခြင်း၊ တစ်ခါတစ်ရံ အပျော်တမ်းစာပေမျှဖတ်ခြင်းကို မဆိုလိုချင်ပါ၊ မီဒီယာခေတ်ဖြစ်သည်နှင့်အညီ အချိန်မှန်ထုတ် စာအုပ်၊ စာစောင်များမှသော်လည်းကောင်း၊ အင်တာနက် အွန်လိုင်းများမှသော်လည်းကောင်း ကမ္ဘာ့အရပ်ရပ်ဖြစ်စဉ်များကို စက္ကန့်ပိုင်းအတွင်း သိရှိနိုင်ကြပါသည်။ ယင်းအသိမျှ လုပ်ဆောင်ခြင်းကို စာဖတ်ခြင်းဟု မဆိုလိုချင်ပါ။ သတင်းတစ်ပုဒ်ကို ချက်ချင်းဖတ်ရှုရမှုကြောင့် အသိတစ်ခုရရှိသည်မှန်သော်လည်း အပေါ်ယံအသိမျှသာ ဖြစ်ပါသေးသည်။ ယင်းသတင်းနှင့်ပတ်သက်သောဖြစ်စဉ် အစအဆုံးကို သေချာစွာ ရှာဖွေလေ့လာ အချိန်ယူဖတ်ရှုကြမှသာ မှန်ကန်သည့်သုံးသပ်မှုနှင့် အသိအမြင်မျိုးကို ရရှိလာနိုင်ပါသည်။

ဥပမာတစ်ခုအနေဖြင့် အာရှနိုင်ငံတစ်ခု၌ ဆယ်ကျော်သက်ကလေးများအထိ အင်တာနက်ကိုသုံးစွဲကြည့်ရှုလာကြဟူသောသတင်းမျိုးအတွက် အပေါ်ယံအသိနှင့် ဖွံ့ဖြိုးတိုးတက်မှုဟု ယူဆနိုင်သကဲ့သို့ ယင်းဖွံ့ဖြိုးတိုးတက်မှုသည် ဆယ်ကျော်သက်ကလေးငယ်များအပေါ် မည်မျှအထိ ဆိုးကျိုးများ ပြန်လည်ဖြစ်ပေါ်လာနိုင်သည်ဆိုသော အသိမျိုးကိုလည်း တစ်ဖက်၌ ဖတ်မှတ်သိရှိထားမှသာ အကောင်းအဆိုးကို ဒွန်တွဲဆင်ခြင်ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။ ထို့ကြောင့် လက်ရှိ ဆိုလိုချင်သော စာဖတ်ခြင်းဟူသည်မှာ သာမန်ဖြစ်ပေါ်နေသော နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး လက်ငင်းဖြစ်စဉ်တစ်ခုကို သိရှိရုံဖတ်သည်ဆိုခြင်းမျိုးမဟုတ်ဘဲ ဖြစ်စဉ်နှင့်ပတ်သက်သည့် အကောင်းအဆိုး၊ အကြောင်းအကျိုးအား ဝေဖန်သုံးသပ်နိုင်သည်အထိ လေ့လာဖတ်ရှုလိုခြင်းမျိုးကို ဆိုလိုရင်း ဖြစ်ပါသည်။ ထိုသို့သော စာဖတ်ခြင်းအလေ့အထများ ရှိလာကြမှသာ အနာဂတ်နိုင်ငံနှင့်လူမျိုး၏ **အခြေခံစိတ်ထား၊** စာပေ၊ ဘာသာစကားနှင့် ယဉ်ကျေးမှု အစရှိသည်တို့ တည်တံ့ထွန်းကားလိမ့်မည် ဖြစ်ပါသည်။

ယနေ့နိုင်ငံအတွင်း စာအုပ်၊ စာပေများကို လေ့လာပါက အရေအတွက်အားဖြင့် ကောင်းစွာဖွံ့ဖြိုးတိုးတက်လျက်ရှိသည်ကို လက်ခံကြရပါမည်။ ဥပမာ ကမ္ဘာ့တွင် ကျင့်သုံးလျက်ရှိသော ဒူဝီဒသမ စာအုပ်အမျိုးအစားခွဲနည်းအရ ၁၉၈၈ခုနှစ်တွင် မြန်မာနိုင်ငံအတွင်း ထွက်ရှိခဲ့သော စာအုပ်ပေါင်း ၁၅၉၇နှင့် အချိန်မှန်ထုတ် စာနယ်ဇင်းပေါင်း ၁၃၄သာရှိခဲ့ရာမှ ၂၀၀၈ခုနှစ် အရောက်တွင်မူ စာအုပ်ပေါင်း ၄၂၉၉နှင့် စာနယ်ဇင်းပေါင်း ၆၄၉၇အထိ တိုးမြှင့်ပုံနှိပ်ထုတ်ဝေလာခဲ့ကြသည်ကို တွေ့ရှိရပါသည်။ အရည်အသွေးအနေနှင့် ဆန်းစစ်ကြည့်ပါမူ တစ်ချိန်က တွေးခေါ်မြော်မြင်ရေးနှင့် လောကီပညာဆိုင်ရာ စာအုပ် ၁၃အုပ်၊ နိုင်ငံရေးနှင့် လူမှုရေးဆိုင်ရာစာအုပ် ၂၃အုပ်၊ ဘာသာစကားနှင့် စာပေဆိုင်ရာ စာအုပ် ၄၉အုပ်၊ သိပ္ပံပညာဆိုင်ရာစာအုပ် ၁၇အုပ်၊ စက်မှုလက်မှုနှင့် စိုက်ပျိုးမွေးမြူရေးဆိုင်ရာ စာအုပ်၂၃အုပ်၊ သမိုင်းနှင့်အတ္ထုပ္ပတ္တိစာအုပ် ၃၈အုပ် ထွက်ရှိခဲ့ရာမှ မျက်မှောက်အချိန်တွင် တွေးခေါ်မြော်မြင်ရေးနှင့် လောကီပညာဆိုင်ရာ စာအုပ် ၈၂အုပ်၊ နိုင်ငံရေးနှင့် လူမှုရေးဆိုင်ရာစာအုပ် ၂၅၆အုပ်၊ ဘာသာစကားနှင့် စာပေဆိုင်ရာစာအုပ် ၆၉၅အုပ်၊ သိပ္ပံပညာဆိုင်ရာစာအုပ် ၅၂အုပ်၊ စက်မှုလက်မှုနှင့် စိုက်ပျိုးမွေးမြူရေးဆိုင်ရာ စာအုပ် ၄၇အုပ်၊ သမိုင်းနှင့် အတ္ထုပ္ပတ္တိစာအုပ် ၁၅အုပ်ခန့်ထွက်ရှိကြောင်း တွေ့ရှိကြရပါသည်။ မျက်မှောက်မြန်မာစာပေပုံနှိပ်ထုတ်ဝေခြင်း အခြေအနေကို အရှိအတိုင်းဝေဖန်ရလျှင် အရေအတွက်သာမက အရည်အသွေးအားဖြင့်လည်း များစွာဖွံ့ဖြိုးတိုးတက်လာကြောင်း တွေ့ရှိရပါသည်။ သို့သော်လည်း အချိန်ကာလနှင့်ဖွံ့ဖြိုးမှုကို နှိုင်းယှဉ်ကြည့်ပါက အားရဖွယ်ကောင်းလောက်သည်အထိ တိုးတက်မှုမရှိသေးကြောင်းကိုမူ ဝန်ခံကြရပါလိမ့်မည်။ ယင်းအကြောင်းအရာကို ဆက်လက်ဆွေးနွေးရမည်ဆိုပါက မြန်မာစာပေလောက၊ စာပေလောကသားများနှင့် စာဖတ်ပရိသတ်ပြည်သူတို့အခြေအနေကို လေ့လာသုံးသပ်ရမည်ဖြစ်သည်။

ကျော်ဦးဆွေ

ဦးစွာအားဖြင့် မြန်မာနိုင်ငံ၏ ပုံနှိပ်မီဒီယာကဏ္ဍအကြောင်းကို ဆွေးနွေးမည်ဆိုလျှင် ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း စာပေစိစစ်နှင့် မှတ်ပုံတင်ဌာန အခြေအနေကိုလည်း မဖြစ်မနေထည့်သွင်းဆွေးနွေးရပါလိမ့်မည်။ ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ၏ ၁၉၆၂ခုနှစ် ပုံနှိပ်သူများနှင့် ထုတ်ဝေသူများ မှတ်ပုံတင်ဥပဒေ၊ နည်းဥပဒေ၊ ညွှန်ကြားချက်များအရ ပုံနှိပ်ထုတ်ဝေမည့် စာပေအားလုံးအား ကြိုတင်စိစစ်ပြီး ခွင့်ပြုချက်ရရှိမှသာ ထုတ်ဝေဖြန့်ချိနိုင်ခြင်းဖြစ်သဖြင့် မျက်မှောက် ပုံနှိပ်ထုတ်ဝေနေမှု အရည်အသွေးများ ကျဆင်းနေရခြင်းမှာ ယင်းကြောင့်လောဟု ပွင့်ပွင့်လင်းလင်း မေးခွန်းထုတ်နိုင်ပါသည်။ စင်စစ်တွင်မူ ၂၀၀၈ခုနှစ်အတွင်း ပုံနှိပ်ထုတ်ဝေသူများက စာပေစိစစ်နှင့် မှတ်ပုံတင်ဌာနသို့ တင်ပြခဲ့သောစာမူများကို အမျိုးအစားအလိုက် ခွဲခြားဆန်းစစ်ကြည့်ပါက တွေးခေါ်မြော်မြင်ရေးနှင့် လောကီရေးရာ ၁၂၅အုပ်တင်ပြခဲ့ပြီး ၁၂၅အုပ်လုံးကို ခွင့်ပြုခဲ့သော်လည်း ၈၂အုပ်သာ ပုံနှိပ်ထုတ်ဝေနိုင်ခဲ့ပါသည်။ နိုင်ငံရေးနှင့် လူမှုရေးဆိုင်ရာစာအုပ်များတွင် စုစုပေါင်း ၂၈၃အုပ် ထုတ်ဝေခွင့်ပြုရန်တင်ပြခဲ့သည်။ ယင်းတို့အား တစ်ခုချင်း အသေးစိတ်ခွဲခြမ်းဆန်းစစ်ပါက နိုင်ငံရေးစာမူ ၁၄၉ အုပ်တင်ပြခဲ့ပြီး ၁၄၁ အုပ်ခွင့်ပြုခဲ့သော်လည်း ၇၇ အုပ်သာ ပုံနှိပ်ထုတ်ဝေနိုင်ခဲ့သည်။ လူမှုရေးစာအုပ် ၂၈၃ အုပ်တင်ပြခဲ့ပြီး အားလုံးခွင့်ပြုခဲ့သော်လည်း ၁၇၉ အုပ်သာပုံနှိပ်ထုတ်ဝေခဲ့သည်။ ကဗျာစာအုပ် ၇၉ အုပ်တင်ပြခဲ့ပြီး ၇၈ အုပ်ခွင့်ပြုခဲ့သော်လည်း ၅၂ အုပ်သာ ပုံနှိပ်ထုတ်ဝေခဲ့သည်။ ဘာသာစကားနှင့် စာပေဆိုင်ရာစာအုပ် ၇၈၂ အုပ်တင်ပြခဲ့ပြီး အုပ်၇၈၀ ခွင့်ပြုခဲ့သော်လည်း ၆၉၅အုပ်သာ အမှန်တကယ် ပုံနှိပ်ထုတ်ဝေခဲ့ကြသည်။ သိပ္ပံပညာဆိုင်ရာစာအုပ် ၇၃အုပ် တင်ပြခဲ့ပြီး အားလုံးခွင့်ပြုခဲ့သော်လည်း ၅၂အုပ်သာ ပုံနှိပ်ထုတ်ဝေခဲ့သည်။ စက်မှုလက်မှုနှင့်စိုက်ပျိုးရေးဆိုင်ရာ စာအုပ် ၉၈အုပ်တင်ပြပြီး အားလုံးခွင့်ပြုခဲ့သော်လည်း ၄၇အုပ်သာ ပုံနှိပ်ထုတ်ဝေခဲ့သည်။ သမိုင်းနှင့်အတ္ထုပ္ပတ္တိစာအုပ် ၅၅အုပ်တင်ပြခဲ့ပြီး ၅၁အုပ်ခွင့်ပြုခဲ့သော်လည်း ၁၅အုပ်သာ ပုံနှိပ်ထုတ်ဝေနိုင်ခဲ့ပါသည်။ ထို့ကြောင့် စာပေစိစစ်နှင့် မှတ်ပုံတင်ဌာနသို့ ပုံနှိပ်ထုတ်ဝေသူများက တစ်နှစ်အတွင်း တင်ပြခဲ့သော စာအုပ်များအားလုံး၏ ထက်ဝက်ကျော်ခန့်ကိုသာ မြန်မာစာပေလောကသားများအနေဖြင့် ယင်းနှစ်အတွင်း အမှန်တကယ်ပုံနှိပ်ထုတ်ဝေခြင်းပြုနိုင်ကြောင်းကို သုံးသပ်တွေ့ရှိနိုင်ပါသည်။ အလားတူ ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း စာပေစိစစ်နှင့်မှတ်ပုံတင်ဌာနသည်လည်း ပုံနှိပ်သူ၊ ထုတ်ဝေသူများက တစ်နှစ်အတွင်း တင်ပြလာသောစာမူများကို အချိန်နှင့်တစ်ပြေးညီစိစစ်ပြီး ရာနှုန်းပြည့်နီးပါး ပုံနှိပ်ထုတ်ဝေခွင့်ပြုနိုင်ခဲ့ကြောင်း တွေ့ရှိကြရပါမည်။ ယင်းအချက်အလက်များကို လေ့လာသုံးသပ်ကြည့်ပါက မြန်မာစာပေလောကရှိ ပုံနှိပ်သူများနှင့် ထုတ်ဝေသူများသည် စာရေးသူကဏ္ဍမှ ရေးသားပြုစုသော စာအုပ်များကို အားရကျေနပ်ဖွယ်ကောင်းလောက်သည်အထိ ပုံနှိပ်ထုတ်ဝေခြင်း မပြုနိုင်သေးကြောင်းကို ထင်ထင်ရှားရှား တွေ့မြင်ကြရပါမည်။

သို့ဆိုလျှင် မြန်မာစာပေနှင့် စာပေလောကသားများ ယခုထက်ပိုမိုဖွံ့ဖြိုးတိုးတက်ရေးအတွက် မည်သို့ဆောင်ရွက်ကြပါမည်နည်း။ အဓိကအားဖြင့် မြန်မာစာပေလောကကို အကြမ်းဖျင်း အပိုင်းသုံးပိုင်းခွဲ၍ လေ့လာနိုင်မည်ဖြစ်သည်။ ယင်းမှာ စာရေးဆရာနှင့် ကဗျာဆရာများ၊ စာနယ်ဇင်းလုပ်ငန်းဆောင်ရွက်နေသူများ၊ ပုံနှိပ်ထုတ်ဝေဖြန့်ချိသူများ ဟူ၍ ဖြစ်သည်။ စာရေးဆရာနှင့် ကဗျာဆရာများသည် တစ်ဦးချင်း လုံးချင်းစာအုပ်များ ရေးသားပြုစုကြသကဲ့သို့ ဝတ္ထုတို၊ ဝတ္ထုရှည်၊ ဆောင်းပါးများကိုလည်း အချိန်မှန်ထုတ်စာနယ်ဇင်းများတွင် အခါအားလျော်စွာ ရေးသားကြပါသည်။ စာနယ်ဇင်းလုပ်ငန်းတွင် စာတည်းအဖွဲ့ဝင်များ၊ သတင်းထောက်၊ စာစီ၊ စာပြင်၊ သရုပ်ဖော်ပန်းချီ၊ သတင်း ဓာတ်ပုံသမားများ၊ ကာတွန်းဆရာများ အစရှိသဖြင့်ပါဝင်ကြပြီး အချိန်မှန်ထုတ် ဂျာနယ်၊ မဂ္ဂဇင်းများကို ပြုစုဆောင်ရွက်ကြပါသည်။ ပုံနှိပ်ထုတ်ဝေဖြန့်ချိအပိုင်းတွင်မူ စာရေးဆရာ အလွှာနှင့်စာနယ်ဇင်းအလွှာမှ ပြုစုလာသော စာအုပ်၊ စာစောင်များအား ထုတ်ဝေသူများက ချိတ်ဆက်ရယူပြီး ပုံနှိပ်ထုတ်ဝေကြပါသည်။ ပုံနှိပ်ပြီး စာအုပ်၊ စာစောင်များအား ဖြန့်ချိသူများနှင့်ဆက်စပ်ပြီး စာဖတ်ပြည်သူများထံသို့ ဆက်လက်ဖြန့်ချိမှုပြုကြပါသည်။ ယင်းအပိုင်းသုံးပိုင်းသည် စာအုပ်၊ စာစောင်ပြုစုပုံနှိပ်ထုတ်ဝေရေးအတွက် မရှိမဖြစ် ဆက်စပ်ဆောင်ရွက်ကြရမည့် အပိုင်းကြီးများဖြစ်ပြီး တစ်ပိုင်းနှင့် တစ်ပိုင်း သဟဇာတ ညီညွတ်မျှတစွာ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်နိုင်ကြမှသာလျှင် မြန်မာစာပေသည်လည်းကောင်း၊ မြန်မာစာပေလောကသားများသည် လည်းကောင်း ဖွံ့ဖြိုးတိုးတက်သည်ထက် ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်ပါသည်။

စာရေးဆရာအလွှာကို လေ့လာပါက အထက်တွင်တင်ပြခဲ့သော ဒူဝီဒသမ စာအုပ်ခွဲနည်းအရ အမျိုးအစား ၁၀မျိုးတွင် အသက်မွေးဝမ်းကျောင်းအလိုက်သော်လည်းကောင်း၊ ဝါသနာနှင့် စိတ်ဝင်စားမှုအရသော်လည်းကောင်း အသီးသီးပြုစုရေးသားပေးလျက် ရှိကြပါသည်။ သုတပိုင်းလည်း အများအပြားပါရှိသလို ရသပိုင်းအနေဖြင့်လည်း ဖော်ဆောင်ရေးသားနေကြသည်ကိုတွေ့ရှိကြရပါမည်။ ကမ္ဘာ၏ တိုးတက်ဖြစ်ပေါ်လာသော နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် စစ်ရေးဆိုင်ရာ အယူအဆသစ်များ၊ မူဝါဒအသစ်များ၊ ဝေါဟာရအသစ်များလည်း ဘာသာပြန်ဆို ရေးသားထုတ်ဝေကြလျက်ရှိပါသည်။ ၂၀၀၈ ခုနှစ်အတွင်း ပုံနှိပ်ထုတ်ဝေသူများက စာရေးဆရာများ၏ စာအုပ်ပေါင်း ၂၁၀၆အုပ်ကို ပုံနှိပ်ထုတ်ဝေရန် ပြုစုတင်ပြခဲ့ကြပြီး စာပေစိစစ်နှင့် မှတ်ပုံတင်ဌာနက၂၀၉၁အုပ်အထိခွင့်ပြုပေးခဲ့သော်လည်း အမှန်တကယ်တွင်မူ ၁၃၉၈အုပ်

စာမျက်နှာ ၁၁ ကော်လံ ၁

အမှန်စင်စစ်တွင်မူ ကိုယ်ခံအားကောင်းစေရန်(ဝါ) အကောင်းအဆိုး ခွဲခြားသိမြင်နိုင်ရန် အခါမလပ်ရရှိနိုင်သည့် ရင်းမြစ်များမှာ စာအုပ်၊ စာပေများသာဖြစ်။ သို့သော်လည်း ကိုယ်ခံအားကောင်းစေရန်အတွက် စာအုပ်၊ စာပေများရှိသည်ဟူသော အပေါ်ယံသိရုံမျှဖြင့် အလုပ်မဖြစ်၊ ယင်းစာအုပ်၊ စာပေများကို အတွင်းကျကျ ဖတ်ရှုမှသာ အလုပ်ဖြစ်မည်။ ထို့ကြောင့် "စာဖတ်ခြင်း" ဟူသော အလေ့အထကို စွဲစွဲမြဲမြဲ ဆောင်ရွက်ဖို့ရန် အထူးလိုအပ်။ သို့မှသာ လူတစ်ဦးတစ်ယောက်၏ စိတ်ပိုင်းဆိုင်ရာ ကိုယ်ခံအား အထူးကောင်းမွန် တိုးတက်စေလိမ့်မည်။

30-3 (10).pmd 1 3/30/2009, 1:54 AM

မြန်မာ့ရုပ်မြင်သံကြား

၃၀-၃-၂၀၀၉ ရက် (တနင်္လာနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး
၇:၅၀ ၅။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
၈:၀၀ ၆။ အတီးပြိုင်ပွဲ
၈:၁၀ ၇။ ချစ်စရာ့အရွယ်ကကြိုးသွယ်
၈:၂၀ ၈။ (၆၄)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
၈:၃၀ ၉။ International News
၈:၄၀ ၁၀။ စေတနာပန်းများ ဖူးပွင့်ဝေစည် ငွေတောင်ပြည်
၈:၅၀ ၁၁။ တေးဂီတအစီအစဉ်
၉:၀၀ ၁၂။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
၄:၁၀ ၂။ အဆိုပြိုင်ပွဲ
၄:၂၀ ၃။ အကပဒေသာ
၄:၃၀ ၄။ တီးကွက်ညီညာညွှန့်သံသာ
၄:၄၀ ၅။ တေးဂီတအစီအစဉ် (မြန်မာ့အသံ ခေတ်ပေါ်တေးဂီတ အဖွဲ့ ဖျော်ဖြေခြင်း)
၄:၅၀ ၆။ နွေအတွက်စိုက်ပျိုးရေမခက် အလင်းပါဆောင် (ခပေါင်းရေလှောင်တမံ)
၅:၀၀ ၇။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ တတိယနှစ် (ရူပဗေဒ အရေးအသားအထူးပြု) (ရူပဗေဒ အရေးအသား)
၅:၁၅ ၈။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၅:၂၅ ၉။ တေးဂီတအစီအစဉ်
၅:၃၅ ၁၀။ မြန်မာစာ မြန်မာစကား
၅:၅၀ ၁၁။ (၆၄)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
၆:၀၀ ၁၂။ ညနေခင်းသတင်း
၆:၃၀ ၁၃။ မိုးလေဝသအခြေအနေ
၆:၃၅ ၁၄။ ဆိုကြမယ်ပျော်ကြမယ်
၇:၀၅ ၁၅။ တေးဂီတအစီအစဉ်
၇:၁၅ ၁၆။ နိုင်ငံခြားဇာတ်လမ်းတွဲ **နှဲ့ဆိုးဆိုးသူ ကိုယ့်ချစ်သူ** (အပိုင်း-၂၂)
၈:၀၀ ၁၇။ ပြည်တွင်းသတင်း
၁၈။ နိုင်ငံတကာသတင်းများ
၁၉။ မိုးလေဝသအခြေအနေ
၂၀။ ပြည်သူ့အတွက်တပ်မတော် (နယ်စပ်စည်ပင်၊ ဆက်သွယ်ရေး၊ ပြန်ကြားရေး၊ ယဉ်ကျေးမှု)
၂၁။ နိုင်ငံခြားဇာတ်လမ်းတွဲ **ချစ်သူ့သံစဉ်**(အပိုင်း-၄)
၂၂။ အစီအစဉ်ပြီး၏။

စာမျက်နှာ ၁၀ ဆောင်းပါးမှအဆက်

ခန့်သာ ပုံနှိပ်ထုတ်ဝေဖြန့်ချိနိုင်ခဲ့ကြောင်း တွေ့ရှိရပါသည်။ ၂၀၀၈ခုနှစ်အတွင်း ဝတ္ထု၊ ပုံပြင်ရေးသားပြုစုသော စာရေးဆရာများ၏ စာမူ ၂၂၄၅အုပ်ကို ပုံနှိပ်ထုတ်ဝေရန်တင်ပြခဲ့ကြပြီး စာပေစိစစ်နှင့်မှတ်ပုံတင်ဌာနက ၂၀၅၈အုပ်အထိ ခွင့်ပြုခဲ့သော်လည်း အမှန်တကယ် ပုံနှိပ်ဖြန့်ချိနိုင်မှုမှာ ၁၅၄၂အုပ်သာရှိခဲ့ကြောင်း လေ့လာတွေ့ရှိရပါသည်။ ထို့ကြောင့် စာရေးဆရာအလွှာမှ စာပေလောကသားများအနေဖြင့် ပြည်သူလူထု စာဖတ်ပရိသတ်အတွက် စာကောင်းပေမွန်များကို တာဝန်ကျေစွာ ပြုစုရေးသားနေကြကြောင်း သုံးသပ်တွေ့ရှိရပါသည်။

စာနယ်ဇင်းအလွှာသည် အချိန်မှန်ထုတ် ဂျာနယ်၊ မဂ္ဂဇင်းများ အရေအတွက် ပွားများလာမှုနှင့်အတူ ဖွံ့ဖြိုးတိုးတက်လျက်ရှိသည်ဟု ဆိုနိုင်ပါသည်။ သတင်းခေတ်ဖြစ်သည်နှင့်အညီ အချိန်နှင့်အမျှ ဖြစ်ပေါ်ပြောင်းလဲနေသော သတင်းအသစ်အဆန်းများကို စာဖတ်ပရိသတ်က စိတ်ဝင်စားသည်နှင့်အမျှ ဂျာနယ်၊ မဂ္ဂဇင်းများသည်လည်း ရှင်သန်လျက်ရှိပါသည်။ ၂၀၀၈ခုနှစ်အတွင်း စာပေစိစစ်နှင့် မှတ်ပုံတင်ဌာနတွင် ခွင့်ပြုထားသော ဂျာနယ်ထုတ်ဝေသူ မှတ်ပုံတင် ၁၉၂ဦးရှိပြီး မဂ္ဂဇင်းထုတ်ဝေသူ မှတ်ပုံတင် ၂၃၀အထိရှိခဲ့ပါသည်။ ၎င်းတို့အနေဖြင့် တစ်နှစ်အတွင်း ပုံနှိပ်ထုတ်ဝေခဲ့သော မဂ္ဂဇင်း၊ ဂျာနယ် စုစုပေါင်းမှာ ၆၄၉၇စောင်ရှိခဲ့ပြီး တစ်လလျှင် ပျမ်းမျှစောင်ရေ ၅၀၀ကျော် ပုံနှိပ်ထုတ်ဝေနေကြကြောင်း တွေ့ရှိကြရပါမည်။ ၂၀၀၆ခုနှစ်သည် မြန်မာနိုင်ငံ၏ စာနယ်ဇင်းလောက တစ်ခေတ်ဆန်းသည်ဟု မှတ်ကျောက်တင်ကြရမည်ဖြစ်သကဲ့သို့ ဂျာနယ်၊ မဂ္ဂဇင်းများစွာသည်လည်း ပေါ်ထွက်လာခဲ့ပါသည်။ အလားတူ စာနယ်ဇင်းလုပ်ငန်းနှင့် အသက်မွေးကြသော လူ့အရင်းအမြစ် အသီးသီးသည်လည်း များစွာ ဖွံ့ဖြိုးတိုးတက်ခဲ့ပါသည်။ ပြန်ကြားရေးဝန်ကြီးဌာန၏ လမ်းညွှန်မှုဖြင့် စာပေစိစစ်နှင့် မှတ်ပုံတင်ဌာနသည် ပုဂ္ဂလိက ဂျာနယ်၊ မဂ္ဂဇင်းများအား တစ်စထက်တစ်စ ပိုမိုဖွံ့ဖြိုးတိုးတက်လာရန် ပျိုးထောင်ပေးလျက်ရှိသကဲ့သို့ ဂျာနယ်၊ မဂ္ဂဇင်းထုတ်ဝေသူများနှင့် စာနယ်ဇင်းအလွှာကလည်း ပိုမိုဖွံ့ဖြိုးတိုးတက်သည်ထက် ဖွံ့ဖြိုးတိုးတက်ရန် ကြိုးပမ်းဆောင်ရွက်နေကြကြောင်း တွေ့ရှိနိုင်ပါသည်။

စာပေလောက ဖွံ့ဖြိုးတိုးတက်ရန်အတွက် အဓိက ဆောင်ကြဉ်းပေးနိုင်သော အလွှာမှာ ပုံနှိပ်၊ ထုတ်ဝေ၊ ဖြန့်ချိ အလွှာပင်ဖြစ်ပါသည်။ စာရေးဆရာအလွှာက မည်မျှပင် ပြုစုရေးသားနိုင်ကြသည်ဖြစ်စေ၊ စာနယ်ဇင်းအလွှာ လူ့အရင်းအမြစ်များက မည်မျှပင် အပင်ပန်းခံဆောင်ရွက်နိုင်ကြသည်ဖြစ်စေ ပုံနှိပ်သူနှင့် ထုတ်ဝေသူသာ မရှိပါက စာစောင်တစ်စောင်၊ စာအုပ်တစ်အုပ် ဖြစ်လာမည်မဟုတ်သကဲ့သို့ ဖြန့်ချိသူ မရှိပါကလည်း ပြည်သူလူထု စာဖတ်ပရိသတ်လက်သို့ ၎င်းစာအုပ်၊ စာစောင်များ မည်သို့မျှ မရောက်ရှိနိုင်ပေ။ ထို့ကြောင့် ပုံနှိပ်၊ ထုတ်ဝေ၊ ဖြန့်ချိသူများသည် စာပေလုပ်ငန်းအပေါ် ကြီးစွာ ဩဇာသက်ရောက်နေမည်ဖြစ်သကဲ့သို့ ပို၍ အရေးကြီးသည်မှာ တစ်ကိုယ်ရေ အကျိုးစီးပွားထက် တိုင်းပြည်နှင့် လူထု၏ အမျိုးသား အကျိုးစီးပွားကို ဆောင်ကြဉ်းပေးလိုသည့် စိတ်ဆန္ဒများရှိနေရန် ဖြစ်ပါသည်။ မိမိလုပ်ငန်း ရပ်တည်နိုင်ရန် အကျိုးအမြတ်ကိုမကြည့်နှင့်ဟု မဆိုလိုသော်လည်း မိမိ၏ နိုင်ငံသားများနှင့် နိုင်ငံတော်၏ အသိဉာဏ်ပညာ ဖွံ့ဖြိုးတိုးတက်လာရေးအတွက်လည်း ကြည့်ရှုပေးကြရမည် ဖြစ်ပါသည်။ တစ်နည်းအားဖြင့် ပုံနှိပ်၊ ထုတ်ဝေ၊ ဖြန့်ချိသူများအနေဖြင့် အတ္တနှင့်ပရ ညီညွတ်မျှတကြဖို့ဖြစ်ပါသည်။ လတ်တလော စာအုပ်ထုတ်ဝေမှု အချက်အလက်များကို ဆန်းစစ်ပါက ပုံနှိပ်ထုတ်ဝေသူများအနေဖြင့် သေချာပေါက် အမြတ်အစွန်းရရှိနိုင်သည့် စာအုပ်အမျိုးအစားမျိုးကိုသာ ဦးစားပေး ပုံနှိပ်ထုတ်ဝေလိုကြပြီး အမျိုးသား အကျိုးစီးပွားအတွက်မူ ဆောင်ကြဉ်းမှု အားနည်းနေသေးသည်ကို ဝန်ခံကြရပါလိမ့်မည်။ ယင်းအတွက် ပုံနှိပ်၊ ထုတ်ဝေ၊ ဖြန့်ချိသူများအနေဖြင့် စာရေးဆရာအလွှာမှ လူ့အရင်းအမြစ်များ၊ စာနယ်ဇင်းအလွှာမှ လူ့အရင်းအမြစ်များနှင့် ညှိနှိုင်းပေါင်းစပ်ပြီး ညီညွတ်မျှတစွာ ဆောင်ရွက်သွားကြရန် လိုအပ်နေသေးကြောင်း သုံးသပ်တွေ့မြင်ရပါသည်။

(ဆက်လက်ဖော်ပြပါမည်)

နေပြည်တော်ရှိ တပ်မတော်ပန်းခြံနှင့် ရင်ပြင်၌ ပြည်သူများ လာရောက်ကြည့်ရှုလေ့လာ အပန်းဖြေအနားယူ

၂၀၀၉ခုနှစ် (၆၄)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားကျင်းပသည့် စစ်ရေးပြကွင်းကြီးအတွင်းရှိ တပ်မတော်ပန်းခြံနှင့် ရင်ပြင်တွင် နေပြည်တော်ရှိ အစိုးရဝန်ကြီးဌာနရုံးများမှ ဝန်ထမ်းများ၊ ပျဉ်းမနားတပ်နယ်အတွင်းရှိ တပ်ရင်းတပ်ဖွဲ့များမှ မိသားစုများနှင့် ပြည်သူများ လာရောက်ကြည့်ရှုလေ့လာကြစဉ်။ (သတင်းစဉ်)

နေပြည်တော် မတ် ၂၉

၂၀၀၉ခုနှစ် (၆၄)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားကျင်းပသည့် စစ်ရေးပြကွင်းကြီးအတွင်းရှိ တပ်မတော်ပန်းခြံနှင့် ရင်ပြင်ကို အများပြည်သူများ လေ့လာကြည့်ရှု အပန်းဖြေနိုင်ရန် ယမန်နေ့ နံနက် ၇နာရီမှ ည ၁၀နာရီအထိ ဖွင့်လှစ်ထားရှိရာ နေပြည်တော်ရှိ အစိုးရဝန်ကြီးဌာနရုံးများမှ ဝန်ထမ်းများ၊ ပျဉ်းမနားတပ်နယ်အတွင်းရှိ တပ်ရင်းတပ်ဖွဲ့များမှ မိသားစုများနှင့် ပြည်သူများ လာရောက်ကြည့်ရှု လေ့လာကြသည်။

အနားယူအပန်းဖြေ

တပ်မတော်ပန်းခြံနှင့် ရင်ပြင်ရှိ ရောင်စုံပန်းအလှပင်များ၊ ရောင်စုံမီးဆိုင်းများ၊ ရေပန်းများမှာ ကြည့်ရှုသူကို မျက်စိပသာဒနှင့် အမြင်အာရုံသစ်ဆန်းစေလျက်ရှိရာ ပြည်သူများသည် စိတ်လက်ချမ်းသာစွာ အနားယူအပန်းဖြေလျက် ရှိကြသည်။

ထို့အပြင် တပ်မတော်ပန်းခြံနှင့် ရင်ပြင်သို့ နေပြည်တော်အနီးပတ်ဝန်းကျင်ရှိ ပြည်သူများ လွယ်ကူစွာ လာရောက်ကြည့်ရှု အပန်းဖြေနိုင်ရေးအတွက် သွားလာရေး လွယ်ကူအဆင်ပြေစေရန် မော်တော်ယာဉ်လိုင်းများလည်း ပြေးဆွဲပေးလျက်ရှိသည်။

ဖွင့်လှစ်ထားရှိ

အဆိုပါ တပ်မတော်ပန်းခြံနှင့် ရင်ပြင်ကို မတ် ၃၁ရက်အထိ နေ့စဉ် နံနက် ၇နာရီမှ ည ၁၀နာရီအထိ ဖွင့်လှစ်ထားရှိမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

၂၀၀၉ခုနှစ် (၆၄)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားကျင်းပသည့် စစ်ရေးပြကွင်းကြီးအတွင်းရှိ တပ်မတော်ပန်းခြံနှင့် ရင်ပြင်တွင် နေပြည်တော်ရှိ အစိုးရဝန်ကြီးဌာနရုံးများမှ ဝန်ထမ်းများ၊ ပျဉ်းမနားတပ်နယ်အတွင်းရှိ တပ်ရင်းတပ်ဖွဲ့များမှ မိသားစုများနှင့် ပြည်သူများ လာရောက်ကြည့်ရှုလေ့လာကြစဉ်။ (သတင်းစဉ်)

မြန်မာ့အလင်း သ တင်း ပ ဒေ သာ အ တို အ ထွာ

ရန်ကုန် မတ် ၂၉

နက္ခတ်တာရာပြခန်း(နေပြည်တော်) ဖွင့်လှစ်ပြသမည်

နက္ခတ်တာရာပြခန်း(နေပြည်တော်)ကို ဧပြီ ၁ရက်မှစ၍ အများပြည်သူ ကြည့်ရှုနိုင်ရန် ဖွင့်လှစ်ပြသမည်ဖြစ်ရာ တနင်္လာနေ့မှအပ ကျန်ရက်များတွင် နေ့စဉ် နံနက် ၁၀နာရီမှ ညနေ ၄နာရီအထိ ဖွင့်လှစ်မည်ဖြစ်ပြီး နက္ခတ်တာရာပြပွဲ အစီအစဉ်များကို ပြခန်းဖွင့်ရက်များ၌ တစ်နေ့လျှင်နှစ်ကြိမ် နံနက် ၁၁နာရီနှင့် မွန်းလွဲ ၁နာရီတို့တွင် တင်ဆက်ပြသမည် ဖြစ်သည်။

ဂျပန်-မြန်မာ အသိအမှတ်ပြု စာမေးပွဲကျင်းပမည်

IT ပညာဖွံ့ဖြိုးတိုးတက်ရေးအတွက် ဂျပန်နိုင်ငံ IPA နှင့် မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်တို့ ပူးပေါင်းကျင်းပမည့် ဂျပန်-မြန်မာ အပြန်အလှန်အသိအမှတ်ပြု ITPEC Exam စာမေးပွဲကို ဧပြီ၂၆ရက်(တနင်္ဂနွေနေ့)တွင် ရန်ကုန်မြို့ လှိုင်မြို့နယ်ရှိ မြန်မာအင်ဖိုတက်ခ် အဆောက်အအုံ၌ ကျင်းပမည်ဖြစ်ရာ စိတ်ပါဝင်စားသူများ ဖုန်း-၆၅၂၃၀၇နှင့် ၇၀၇၅၀၃တို့သို့ စုံစမ်းမေးမြန်းနိုင်ကြသည်။

ကသာခရိုင်အသင်း နှစ်ပတ်လည်စည်းဝေးမည်

ကသာခရိုင် ခုနစ်မြို့နယ်မှ အသင်းဝင်မိသားစုများ၏ သင်းလုံးကျွတ်အစည်းအဝေးတွင် သက်ကြီးပူဇော်ပွဲ၊ ၂၀၀၈ တက္ကသိုလ်ဝင်စာမေးပွဲ ဂုဏ်ထူးရရှိသော အသင်းဝင်သားသမီးများ ပညာရည်ချွန်ဆုပေးပွဲတို့ကို ဧပြီ ၅ရက်(တနင်္ဂနွေနေ့) နံနက် ၉နာရီမှ မွန်းတည့် ၁၂နာရီအထိ ရွှေတိဂုံဘုရား တောင်ဘက်မုခ် သစ်လုပ်ငန်းဓမ္မာရုံ၌ ကျင်းပမည်ဖြစ်ရာ ဖုန်း-၅၇၃၇၂၈၊ ၆၄၂၄၆၄နှင့် ၅၀၀၄၈၈တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။

အလင်းတံခါးပန်းချီပြပွဲ ခင်းကျင်းပြသ

ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ် ကုန်သည်လမ်း အမှတ် ၆၂၈/၆၃၂(ပထမထပ်) မန္တလေးအသင်း(ရန်ကုန်)ရတနာပုံအနုပညာခန်းမဆောင်ကြီး၌ မန္တလေးမြို့မှ ပန်းချီပညာရှင် စူးမြင့်သိန်းနှင့် ဇနီးမကျုန်ယီတို့၏ အလင်းတံခါးအမည်ရှိ ပန်းချီပြပွဲကို မတ် ၂၇ရက်မှ ၃၁ရက်အထိ ပြသလျက်ရှိပြီး အခြားပန်းပုရုပ်တုများလည်း ပြသထားရာ စိတ်ပါဝင်စားသူများ လာရောက်ကြည့်ရှုနိုင်သည်။

နှစ်ဆယ်ရာစု စာဆိုစစ်သည်များ စာအုပ်ဖြန့်ချိ

နိုင်ငံတော်၏ ခေတ်သမိုင်းအဆက်ဆက်ကို စာပေဖြင့်ရေးသားမှတ်တမ်းပြုခဲ့ကြသည့် စာဆိုစစ်သည်များအား ဂုဏ်ပြုသောအားဖြင့် နှစ်ဆယ်ရာစုစာဆိုစစ်သည်များ (ဒုတိယတွဲ)ကို ထုတ်ဝေဖြန့်ချိထားသည်။ စာပေဗိမာန်စာအုပ်အရောင်းဆိုင်၊ ရန်ကုန်မြို့နှင့် အမြို့မြို့အနယ်နယ်ရှိ စာအုပ်ဆိုင်နှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးများတွင် ဝယ်ယူရရှိနိုင်သည်။

မိုးလေဝသ/ဇလဗေဒခန့်မှန်းချက် ဟောပြောပွဲကျင်းပမည်

၂၀၀၉ခုနှစ်အတွက် မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက် အသိပညာပေးဟောပြောပွဲကို မတ်၃၁ရက် (အင်္ဂါနေ့) နံနက် ၁၀နာရီတွင် ရန်ကုန်မြို့ အင်းစိန်မြို့နယ် ဘုရင့်နောင်လမ်းရှိ မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် အဆောက်အအုံ၌ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းလွင်က ဟောပြောမည်ဖြစ်ရာ မည်သူမဆိုတက်ရောက်နိုင်သည်။

အထက(၁) လှိုင် အာစရိယပူဇော်မည်

အထက(၁)လှိုင်တွင် ၁၉၈၆ခုနှစ်မှ ၁၉၉၄ခုနှစ်အထိ ပညာသင်ကြားခဲ့သော ကျောင်းသားကျောင်းသူဟောင်းများ၏ အာစရိယပူဇော်ပွဲကို မေ၁ရက် (သောကြာနေ့) နံနက် ၉နာရီတွင် အဆိုပါကျောင်း ဘုရင့်နောင်ခန်းမ၌ ကျင်းပမည်ဖြစ်ရာ ဖုန်း-၀၉-၅၁-၁၁၅၂၀၊ ၀၉-၅၀-၆၈၁၆၂နှင့် ၅၁၆၁၂၀တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။ **(မြန်မာ့အလင်း)**

စုစည်းရေးသားသူ - ဝင်းကျော်

တရုတ်ပြည်သူ့သမ္မတနိုင်ငံကွန်မြူနစ်ပါတီ ဗဟိုကော်မတီ အမြဲတမ်းကော်မတီအဖွဲ့ဝင် H.E.Mr. Li Changchun နှင့်အဖွဲ့ မန္တလေးမြို့မှ ပြန်လည်ထွက်ခွာ

နေပြည်တော် မတ် ၂၉

မန္တလေးမြို့၌ ရောက်ရှိနေသည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ အမြဲတမ်းကော်မတီအဖွဲ့ဝင် H.E.Mr.Li Changchun ခေါင်းဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များသည် ယနေ့နံနက်ပိုင်းတွင် မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိကြပြီး လေဆိပ်ဧည့်ခန်းမ၌ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်တင်ငွေက မန္တလေးမြို့ခရီးစဉ်မှတ်တမ်းတင် ဓာတ်ပုံအယ်(လ်)ဘမ်နှင့် ခရီးစဉ်မှတ်တမ်း စီဒီခွေတို့ကို ဧည့်သည်တော် H.E.Mr.Li Changchun အားပေးအပ်သည်။

ပို့ဆောင်နှုတ်ဆက်

ထို့နောက် ဧည့်သည်တော် H.E.Mr.Li Changchun နှင့် အဖွဲ့ဝင်များသည် မန္တလေးမြို့မှ အထူးလေယာဉ်ဖြင့် ပြန်လည်ထွက်ခွာကြရာ တိုင်းမှူးဗိုလ်ချုပ်တင်ငွေ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်၊ အမှတ်(၂)စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ကျော်စွာခိုင်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တပ်မတော်အရာရှိကြီးများ၊ မန္တလေးမြို့ရှိ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံကောင်စစ်ဝန်ချုပ် Mr.Tang YANG နှင့် ကောင်စစ်ဝန်ချုပ်ရုံးမှ တာဝန်ရှိသူများက မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။ **(သတင်းစဉ်)**

မတ် ၂၃ရက်က ဒေါပုံမြို့နယ် ဗမာအေးရပ်ကွက် တက်လမ်းစာကြည့်တိုက်၌ နယ်လှည့်စာကြည့်တိုက်၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် စာကြည့်တိုက် ရေရှည်တည်တံ့ ခိုင်မြဲရေးအကြောင်း ဟောပြောပွဲကျင်းပရာ မြို့နယ်ဦးစီးမှူး ဒေါ်အုန်းညွန့် ဟောပြောစဉ်။ (မြို့နယ် ပြန်/ဆက်)

အလက(၁)ကမာရွတ်၊ ကွမ်းခြံ(ယခင်သရေရုံကျောင်း) အာစရိယပူဇော်ပွဲကျင်းပမည်

ရန်ကုန် မတ် ၂၉

အလက(၁)ကမာရွတ် ကွမ်းခြံ(ယခင်သရေရုံကျောင်း) ပထမအကြိမ် အာစရိယပူဇော်ပွဲကို ဧပြီ ၂၆ရက် (တနင်္ဂနွေနေ့) နံနက် ၈နာရီခွဲတွင် Lion City Restaurant Golden Dragon Hall (ရွှေစပယ်ရိပ်မွန်နှင့်ရွှေမာလာရိပ်မွန်ကြား) ဘုရင့်နောင်လမ်းမကြီး ရေကြောင်းသိပ္ပံကျောင်းရှေ့၌ ကျင်းပမည်ဖြစ်သည်။ ယခင်သရေရုံကျောင်း၌ တာဝန်ထမ်းဆောင်ခဲ့ကြသော အငြိမ်းစားကျောင်းအုပ်ဆရာ၊ ဆရာမကြီးများနှင့် အသက်(၆၀)ပြည့် ဆရာ၊ ဆရာမကြီးများ အားလုံးနှင့် ကျောင်းသား၊ ကျောင်းသူ ဟောင်းများအားလုံး ဖိတ်စာရသည် ဖြစ်စေ၊ မရသည်ဖြစ်စေ မပျက်မကွက် တက်ရောက်ကြရန်နှင့် အသေးစိတ်သိလိုပါက ဆရာမဒေါ်ကြင်မုံ ဖုန်း-၅၀၉၇၇၇ လိုင်းခွဲ ၃၇၈ထံ ဆက်သွယ်စုံစမ်းနိုင်ကြောင်းနှင့် အလှူငွေနှင့် ပစ္စည်းများ လှူဒါန်းလိုပါက ဦးချစ်ဆွေ ဖုန်း-၀၉-၅၀-၆၁၂၉၃၊ ဦးမြသောင်း ဖုန်း-၅၁၁၉၃၉၊ ဦးတင်ဌေး ဖုန်း-၅၀၂၁၇၄၊ ဦးအေးမြင့် ဖုန်း-၇၂၂၅၄၉၊ ဦးမောင်စစ် ဖုန်း-၀၉-၅၁-၂၃၅၃၅၊ ဦးမြင့်လွင် ဖုန်း-၅၂၇၄၅၂၊ ဇော်မိုးဦး ဖုန်း-၀၉-၅၁-၃၂၈၁၁နှင့် ဦးရဲဆွေ ဖုန်း- ၀၉-၈၀-၃၀၄၈၀ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ **(မြန်မာ့အလင်း)**

မြန်မာ့အလင်း အင်တာနက် ကျန်းမာရေး

တေးဂီတသံစဉ်များ နားထောင်ပေးပါလျှင် လေဖြတ် ဝေဒနာရှင်များ ရောဂါသက်သာစေနိုင်

လေဖြတ်ခြင်းဝေဒနာ ခံစားနေရသူများအနေဖြင့် တေးဂီတ နားထောင်ခြင်းသည် ရောဂါ ဖြစ်ပွားမှု လျော့နည်းစေကြောင်း ဗြိတိသျှသုတေသနပညာရှင်များက ပြောကြားသည်။

အထောက်အကူပြု

တေးဂီတ သံစဉ်များ နားထောင်ချိန်တွင် ကိုယ်ခန္ဓာအတွင်း သွေးလည်ပတ်မှု မှန်ကန်ကြောင်း၊ သွေးကြောများ ပိတ်ဆို့မှုများကို ပုံမှန်အတိုင်း ပြန်ဖြစ်လာစေရန် အထောက်အကူပြုစေကြောင်း သိရသည်။

ထို့အပြင် တေးဂီတ သံစဉ်ကြောင့် ဦးနှောက်ဆဲလ်များ ရှင်သန်နိုးကြားစေပြီး ဦးနှောက်နာဗ့်ကြောများ လန်းဆန်းမှုရှိစေကြောင်း၊ တေးဂီတ သံစဉ်ကြောင့် ဦးနှောက်ဆဲလ်များ ပျက်စီးမှုကို လျော့နည်းစေကြောင်း တွေ့ရှိရသည်ဟု ၎င်းတို့က ပြောကြားသည်။

ခေတ်ပေါ် တေးဂီတသံစဉ်များကြောင့် ခန္ဓာကိုယ်အတွင်း သွေးလည်ပတ်စီးဆင်းမှု မြန်ဆန်သွက်လက်စေကြောင်း၊ ငြိမ့်ညောင်းသော တေးဂီတသံစဉ်များသည်လည်း ဝေဒနာရှင်၏ စိတ်ပိုင်းဆိုင်ရာ တိုးတက်မှုဖြစ်စေကြောင်း သုတေသနပြုချက်များအရ တွေ့ရှိရသည်ဟု ၎င်းတို့က ဆက်လက်ပြောကြားသည်။

မြန်မာနိုင်ငံမြောက်ပိုင်းဒေသများ၌ နေရာကွက်ကျားမိုးထစ်ချုန်းရွာနိုင်

ရန်ကုန် မတ် ၂၉

ယနေ့နံနက် ၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄နာရီအတွင်းက စစ်ကိုင်းတိုင်း အထက်ပိုင်းနှင့် ပဲခူးတိုင်းတို့တွင် နေရာကွက်ကျား မိုးအနည်းငယ်ထစ်ချုန်းရွာခဲ့ပြီး ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်း အောက်ပိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့ကာ ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် အများအားဖြင့် သာယာခဲ့သည်။

ပျမ်းမျှအပူချိန်

နေ့အပူချိန်များမှာ စစ်ကိုင်းတိုင်းနှင့် မန္တလေးတိုင်းတို့တွင် မတ်လ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ဒီဂရီစင်တီဂရိတ်မှ ၄ဒီဂရီစင်တီဂရိတ်အထိ လျော့နည်းခဲ့ပြီး ကချင်ပြည်နယ်နှင့် ပဲခူးတိုင်းတို့တွင် မတ်လ၏ ပျမ်းမျှအပူချိန်ထက် ၃ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီ စင်တီဂရိတ်အထိပိုခဲ့ကာ ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် မတ်လ၏ ပျမ်းမျှအပူချိန် ခန့်သာရှိခဲ့သည်။

ထူးခြားသည့်နေ့အပူချိန်များမှာ သာယာဝတီမြို့တွင် ၄၀ဒီဂရီစင်တီဂရိတ်၊ မင်းဘူးမြို့၊ အောင်လံမြို့နှင့် ပြည်မြို့တို့တွင် ၃၉ဒီဂရီစင်တီဂရိတ်စီတို့ဖြစ်ကြသည်။

တိမ်အသင့်အတင့်

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

မတ် ၃၀ရက် ညနေအထိ ခန့်မှန်းချက်မှာ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်း၊ မန္တလေးတိုင်း၊ မကွေးတိုင်းနှင့် ပဲခူးတိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်ပြီး ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ ရွာရန်ရာနှုန်း ၆၀ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းအငယ်မှ အသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံမြောက်ပိုင်းဒေသများတွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ ။

မြန်မာ့အလင်း စာတည်းထံပေးစာများ

စာတည်းထံပေးစာ ပေးပို့လိုပါက အမည်၊ နေရပ်လိပ်စာ အပြည့်အစုံရေးသား၍ နိုင်ငံသားစိစစ်ရေးကတ် မိတ္တူပူးတွဲကာ စာတည်းထံပေးစာကဏ္ဍ၊ မြန်မာ့အလင်းသတင်းစာတိုက် အမှတ် ၅၃၊ နတ်မောက်လမ်းသွယ်(၁) ဗဟန်းမြို့နယ် ရန်ကုန်မြို့သို့ လိပ်မူပြီး ပေးပို့နိုင်ပါသည်။

ရေလုံလောက်စွာ လွှတ်ပေးစေချင်

စာတည်းခင်ဗျား-

မကွေးတိုင်း ပခုက္ကူမြို့နယ် အမှတ်(၁၂)ရပ်ကွက် စည်ပင်သာယာအမှတ်(၂)ဈေးရှိ စည်ပင်သာယာ ရေစက်ရုံမှ စည်ပင်သာယာ ရေတိုင်ယူကြသူများအတွက် သုံးရက်တစ်ခါ ရေလွှတ်သော်လည်း ရေလွှတ်ချိန်နည်းခြင်း၊ ရေလွှတ်လျှင်လည်း ရေတိုင်အပေါ်တက်အောင် ရေမသန်ခြင်း၊ ရေလွှတ်ရမည့်ရက် ရောက်လျှင်လည်း ရက်ကျော်မှ လွှတ်ပေးခြင်းတို့ကြောင့် ရေရရှိရေး အခက်အခဲများ တွေ့ကြရသဖြင့် ရေကို လုံလောက်စွာလွှတ်ပေးနိုင်ရေး ကြပ်မတ်ပေးပါရန် တင်ပြအပ်ပါသည်။

ရေအခက်ကြုံရသူ

ပုံကျဈေးသည်များ ဖယ်ရှားပေးပါ

စာတည်းရှင့်-

ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မုန့်လက်ဆောင်းကုန်းတောင်ရပ်ကွက် ရန်ပြုလမ်းနှင့် ဂန္ဓမာလမ်းပေါ်တွင် ပုံကျဈေးသည်များ ရောင်းချလျက်ရှိရာ နံနက်တိုင်း အနေးယာဉ်များ၊ မော်တော်ကားများ၊ လမ်းသွားလမ်းလာများ အလွယ်တကူသွားလာရန် အခက်အခဲရှိပါ၍ အဆိုပါပုံကျဈေးသည်များအား ဖယ်ရှားပေးပါရန် တင်ပြအပ်ပါသည်။

ဂန္ဓမာသူ

လမ်းပေါ်မှကျူးကျော်ဆိုင်များ ဖယ်ရှားပေးပါ

စာတည်းခင်ဗျား-

ရန်ကုန် အရှေ့ပိုင်းခရိုင် တာမွေမြို့နယ် ဖိုးရေအိုးစင်ကွက်သစ်ရပ်ကွက်အတွင်းရှိ လမ်းများပေါ်သို့ ကျူးကျော်၍ ဆိုင်များ ဖွင့်လှစ်ရောင်းချနေကြခြင်းကြောင့် လူများ၊ ယာဉ်များသွားလာရန် ခက်ခဲလျက်ရှိပါသဖြင့် သက်ဆိုင်ရာမှ ဖယ်ရှားပေးပါရန် တင်ပြအပ်ပါသည်။

တာမွေသား

ညှော်နံ့များ နေ့စဉ် ရှူရှိုက်နေရ

စာတည်းခင်ဗျား-

ရန်ကုန်မြို့ အင်းစိန်မြို့နယ် ဓော်ဘွားကြီးကုန်းရပ်ကွက် ပြည်လမ်းနှင့် အနန္တသူရိယလမ်းထောင့်ရှိ စည်ပင်သာယာ နယ်နိမိတ်ထဲတွင် အမိုးအကာဖြင့် တဲထိုး၍ နေ့စဉ် ကြော်လှော်ချက်ပြုတ် ဆိုင်ဖွင့်ရောင်းချနေပါသဖြင့် ပတ်ဝန်းကျင်မှ ညှော်နံ့များ နေ့စဉ်ရှူရှိုက်ခံစားနေရပါသောကြောင့် ဖယ်ရှားပေးပါရန် တင်ပြအပ်ပါသည်။ **ညှော်နံ့ရှူနေရသူ**

မုန့်ဟင်းခါးဖိုပြောင်းရွှေ့ပေးပါ

စာတည်းရှင့်-

ပဲခူးမြို့ ရှင်စောပုရပ်ကွက် ဆိုရှယ်လစ် ၁၀လမ်းထိပ် ဗန္ဓုလလမ်းရှိ မုန့်ဟင်းခါးဖိုမှစွန့်ပစ်သောပစ္စည်းများ၊ ရေဆိုး ရေညစ်များကြောင့် ရေမြောင်းတစ်လျှောက် ပိတ်ဆို့ပြီး အနံ့အသက်ဆိုးများကြောင့် ပတ်ဝန်းကျင်တွင်နေထိုင်သူများကျန်းမာရေး ထိခိုက်ရပါသဖြင့် ယင်းမုန့်ဟင်းခါးဖိုအား ပြောင်းရွှေ့ပေးပါရန် တင်ပြအပ်ပါသည်။

အနံ့ဆိုးမခံနိုင်သူများ

ညအချိန်မတော် ရောင်းချဆိုင်များ ရှင်းလင်းပြီးစီး

၂၂-၁၂-၂၀၀၈ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ **မြစ်ကြီးနားမြို့ အမှတ်(၁)နှင့် အမှတ်(၂)ဈေးကြားမှ ထမင်းကြော်ဆိုင်များ ညအချိန်မတော် ဆူညံစွာဖြင့် ရောင်းဝယ်စားသောက်နေ** ပေးစာနှင့်ပတ်သက်၍ ဆောင်ရွက်ပြီးစီးပါကြောင်း ဖော်ပြအပ်ပါသည်။ **မြို့နယ်စည်ပင်သာယာရေးအဖွဲ့**

မိတ္ထီလာ၌ ရေဆိုးအနံ့များမရှိရေး ဆောင်ရွက်ပြီးစီး

၂၃-၂-၂၀၀၉ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ မိတ္ထီလာမြို့နယ်စည်ပင်သာယာဈေးကြီးအတွင်း **နေ့စဉ်နှင့်အမျှ စွန့်ပစ်နေသော စည်းကမ်းမဲ့ စွန့်ပစ်သော အမှိုက်၊ အညစ်အကြေးတို့နှင့် ရေဆိုးအနံ့များကြောင့် ပတ်ဝန်းကျင်နေထိုင်သူများ ကျန်းမာရေးထိခိုက်** ပေးစာနှင့် ပတ်သက်၍ ဆောင်ရွက်ပြီးစီးပါကြောင်း ဖော်ပြအပ်ပါသည်။ **မြို့နယ်စည်ပင်သာယာရေးအဖွဲ့**

ဟောပြောပွဲ ကျင်းပမည်

ရန်ကုန် မတ် ၂၉

မြန်မာနိုင်ငံ ဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်း၏ စီစဉ်မှု Silver View Resort ပံ့ပိုးကူညီမှုဖြင့် ကထိကဒေါက်တာဝါဝါမောင် (အသုံးချ ဘောဂဗေဒ၊ ရန်ကုန်စီးပွားရေးတက္ကသိုလ်)က ဖွံ့ဖြိုးမှုသို့ သွားရာလမ်းကြောင်းများ (Path-ways to Development) ခေါင်းစဉ်ဖြင့် ဗဟန်းမြို့နယ် ရွှေဂုံတိုင်ရှိ ယုဇနဟိုတယ်၌ ဧပြီ၂ရက် (ကြာသပတေးနေ့)ညနေ ၄နာရီတွင် ဟောပြောဆွေးနွေးမည်ဖြစ်ရာ စိတ်ပါဝင်စားသူ မည်သူမဆိုတက်ရောက်နိုင်ကြောင်းသိရသည်။

(သတင်းစဉ်)

ခေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ အောင်ရတနာလမ်း၊ အမှတ်(၄/က)နေ
ဦးခင်မောင်ညွှန့်-ဒေါ်ဝါဝါထူး တို့၏ သားကြီး

မောင်မင်းသက်ပိုင် B.C.Sc(UCSY)
IADCS(NCC, UK)Microsoft Certified System Engineer
Manager(IT Dept)Htoo Group of Companies

နှင့်

ရန်ကုန်မြို့၊ သုဝဏ္ဏ၊ သဃ်ာန်းကျွန်းမြို့နယ်၊ ကမာကြည်လမ်း၊ အမှတ် ၂၃၈ နေ
ဦးရန်ပြေ-ဒေါ်သူဇာဦး တို့၏ သမီးလတ်

မနှင်းနှင်းဇာပြေ B.E(Mechatronic)
Air Bagan Ltd.

တို့သည် ၂၉-၃-၂၀၀၉ ရက်တွင် နှစ်ဖက်သောလူကြီးမိဘဆွေမျိုးများရှေ့မှောက်တွင် ခေ့စပ်ကြောင်းလမ်း ပြီးစီးပါကြောင်း။

မောင်မင်းသက်ပိုင်-မနှင်းနှင်းဇာပြေ။

ဝန်ထမ်းအလိုရှိသည်

Success & Success International Limited ...

၁။ (Human Resources Manager)

၂။ Chief Auditor
- B.Com, CPA, Internal Audit Department ... MD နှင့် Director ... Accounting Software, Computer ...

၃။ (Branch Admin Manager)

၄။ ...

၅။ Store Keeper
- ... Computer ...

၆။ Auditor
- B.Com,DA,LCCI (Level III) ...
- Computer ...

၇။ ...

Success & Success International Limited ... Samsung Plaza ...

ထိပ်တန်း ရွှေခုံညို

ရန်ကင်းမြို့နယ် အမှတ်(၁၁)ရပ်ကွက် မူခင်းကျဆင်းရေးနှင့် မူးယစ်ဆေးဝါးပပျောက်ရေး အသိပညာပေးဟောပြောပွဲအခမ်းအနားကို (၁၁)ရပ်ကွက် ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ မတ်၁၇ရက်က ကျင်းပရာ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးဇော်မင်းက မူခင်းကျဆင်းရေးနှင့် မူးယစ်ဆေးဝါးပပျောက်ရေးအတွက် အသိပညာပေးဟောပြောစဉ်။ (၁၇၀)

တာမွေမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၏ ကြီးကြပ်မှုဖြင့် တာမွေကြီး(ခ)ရပ်ကွက် မချစ်တီးလမ်းတွင် သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရေးလုပ်ငန်းများဖြစ်သော ခြင်ထောင်ဆေးစိမ်ခြင်း၊ ရေမြောင်းများ ရေစီးရေလာကောင်းမွန်ရေး၊ ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းဆောင်ရွက်ခြင်းများကို မတ် ၂၈ရက်က ပြုလုပ်ရာ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိန်မောင်ဝင်း၊ ရပ်ကွက်ဥက္ကဋ္ဌ ဦးအောင်ဆန်းကြွယ်နှင့် လူမှုရေးအဖွဲ့အစည်းဝင်များ စုပေါင်းဆောင်ရွက်ကြစဉ်။ (၁၇၁)

အားကစားနှင့် ကာယပညာသိပ္ပံ(မန္တလေး)၌ ထူးချွန်ဆုချီးမြှင့်ပွဲ ကျင်းပ

နေပြည်တော် မတ် ၂၉

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ် သူရအေးမြင့်သည် အားကစားနှင့် ကာယပညာသိပ္ပံ(မန္တလေး)၌ ယနေ့ နံနက်စနာရီတွင် ကျင်းပသည့် ၂၀၀၈-၂၀၀၉ ပညာသင်နှစ် အစည်းအဝေးသို့ တက်ရောက်ပြီး လိုအပ်သည်များမှာကြားသည်။

ထို့နောက် ဝန်ကြီးက ၂၀၀၈-၂၀၀၉ ပညာသင်နှစ်တွင် ထူးချွန်ဆုရရှိသော သင်တန်းသား/သင်တန်းသူ အားကစားသမားဆုများ၊ ဝန်ထမ်းကောင်းဆုများနှင့် နည်းပြထူးချွန်ဆုရရှိသူများအား ဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား

အေစီမီလန်နည်းပြ အန်ဆယ်လော့တီ အသင်းမပြောင်းဟု ဂယ်လီယာနီပြောကြား

မီလန် မတ် ၂၉

အေစီမီလန်နည်းပြကားလို့စ်အန်ဆယ်လော့တီသည် အသင်းတွင် ဆက်လက်ကိုင်တွယ်နည်းပြမည်ဖြစ်ကြောင်း အသင်းဒုတိယဥက္ကဋ္ဌ အက်ဒရီယာနိုဂယ်လီယာနီက ထုတ်ဖော်ပြောကြားသည်။

အန်ဆယ်လော့တီသည် စပိန်ထိပ်သီးကလပ်ရီးရဲလ်မက်ဒရစ်သို့ ပြောင်းရွှေ့ရန် ကြာရှည်စွာဆက်သွယ်နေခဲ့သည်ဟူသော ထင်ကြေးများ ထွက်ပေါ်နေခဲ့သည်ဟု အီတလီ သတင်းစာများက ဖော်ပြကြသည်။ သို့သော်လည်း ယင်းသို့ရွှေ့ပြောင်းမည်ဆိုသည့် သတင်းသည် အမှန်တကယ်ဖြစ်လာမည် မဟုတ်ကြောင်း ဂယ်လီယာနီက ဆိုသည်။

သို့သော်လည်း ယခုနွေရာသီကစားသမားအပြောင်းအရွှေ့ ဈေးကွက်မဖွင့်မီ



လာမည့် ရာသီအတွက် ဥရောပပြိုင်ပွဲများ ပါဝင်ယှဉ်ပြိုင်ခွင့်ရရေး ရလဒ်များကို သိရသည့်တိုင်အောင် မီလန်အသင်းက စောင့်ဆိုင်းမည်ဖြစ်ကြောင်း ဆက်လက်ပြောကြားသည်။ **(အင်တာနက်)**

အယ်လ်ပီဂျီအေ ဂေါက်သီးရိုက်ပြိုင်ပွဲ တောင်ကိုရီးယားမှ ကင်မ်ဦးဆောင်နေ

ဖိုးနစ်က်စ် မတ် ၂၉

အမေရိကန်နိုင်ငံ အရီဇိုးနားပြည်နယ်၏မြို့တော် ဖိုးနစ်က်စ်မြို့တွင် ကျင်းပသည့် ဂျေဂေါ့ဖ်ဖိုးနစ်က်စ် အယ်လ်ပီဂျီအေ နိုင်ငံတကာ ဂေါက်သီးရိုက်ပြိုင်ပွဲတွင် နှစ်ကြိမ်မြောက် ချန်ပီယံကာကွယ်သည့် ဂေါက်သီးမယ် လိုရီနာအိုချိုအာနှင့် မီချယ်လီဝိုင်တို့သည် မတ်၂၆ရက် မွန်းလွဲပိုင်းက လေထန်သဖြင့် အတော်ရုန်းကန်ခဲ့ကြရသည်။ ထိုအချိန်တွင် တောင်ကိုရီးယားဂေါက်သီးမယ် အင်ကျွမ်ကင်မ်သည် သတ်မှတ်ရိုက်ချက် ဖိချက်အောက် လေးချက်လျှော့ရိုက်ခဲ့သည်။

ဦးဆောင်

ကင်မ်သည် တစ်နိုင်ငံတည်းသူ ဂေါက်သီးမယ်များဖြစ်ကြသည့် ဂျီယိုင်ရှင်၊ အင်မ်ဘီပွဲခ်၊ အွန်ဟီးဂျီနှင့် နောက်ဆုံးကျင်းတွင် သတ်မှတ်ရိုက်ချက်အောက် နှစ်ချက်လျှော့ရိုက်နိုင်ခဲ့သည့် အမေရိကန်တင်းနစ်မယ် ခရစ္စတီကားရ်နှင့် နောက်ဆုံးကျင်းတွင်ပင် သတ်မှတ်ရိုက်ချက်အောက် တစ်ချက်လျှော့ရိုက်ခဲ့သူ နော်ဝေတင်းနစ်မယ် ဆူဇန်ပက်တာဆန်တို့ထက် လျှော့ရိုက်ချက်တစ်ချက်အသာဖြင့် ဦးဆောင်နေခဲ့သည်။ **(အင်တာနက်)**

အေတီပီမာစတာနှင့် ဒဗလျူတီအေတင်းနစ်ပြိုင်ပွဲ ဆီရီနာနှင့်ဂလက်ချ်တို့ဆုံတွေ့

မီယာမီ မတ် ၂၉

အမေရိကန်တင်းနစ်မယ် အလက်ဆာဂလက်ချ်သည် အလွတ်တန်းဖိတ်ခေါ်တင်းနစ်ပြိုင်ပွဲတွင်ဒုတိယအဆင့်ပတ်လည်ပြိုင်ပွဲ၌ လက်စွမ်းပြအနိုင်ယူကာ ဧပြီ၂ရက်၌ မီယာမီတွင်ကျင်းပနေသည့် အေတီပီမာစတာနှင့် ဒဗလျူတီအေ မြေမာကွင်း တင်းနစ်ပြိုင်ပွဲတွင် ကမ္ဘာ့အဆင့်(၁)ရှိ တင်းနစ်မယ် ဆီရီနာဝီလျံနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

ကမ္ဘာ့အဆင့်(၁၂၄)ရှိ ဂလက်ချ်သည် ဆွစ်ဇာလန်မှ တင်းနစ်မယ် ပက်တီဗာဘက်ဆင်စကီးအား ၆-၄၊ ၆-၁ဖြင့် အနိုင်ရရှိခဲ့ပြီး ယခုနှစ်တွင် သြစတြေးလျအိုးပင်းတင်းနစ်ပြိုင်ပွဲ၌ (၁၀)လုံးမြောက် ဂရင်းဆလမ်ဖလားကို ဆွတ်ခူးပြီး မီယာမီတင်းနစ် ဆုဖလား ငါးကြိမ်ဆွတ်ခူးထားသူ တင်းနစ်အကျော်အမော် ဆီရီနာဝီလျံနှင့် ယှဉ်ပြိုင်ရမည်ဖြစ်သည်။ (အင်တာနက်)

မန်ယူကို နှုတ်ဆက်ထွက်ခွာတော့မှာလား ဖာဂူဆန်

မောင်မောင်မြင့်ဆွေ ရေးသားတင်ပြ၍ ဉာဏ်ဟိန်းစိုး စာမျက်နှာဖွဲ့စည်းသည်

လန်ဒန် မတ် ၂၉

လာမယ့် ၂၀၁၀ပြည့်နှစ်ကျရင် မန်ယူနည်းပြဖာဂူဆန်ဟာ နည်းပြအဖြစ်က အနားယူတော့မယ်လို့ ဖာဂူဆန်ရဲ့ သားဖြစ်သူဒါရင်ဖာဂူဆန်က ပြောကြားလိုက်တာမို့ မန်ယူပရိသတ်တွေ လှုပ်လှုပ်ရွရွဖြစ်သွားပါတယ်။

ပရီမီယာလိဂ် လောကမှာတော့ ကလပ်အသင်းတစ်သင်းကို သက်တမ်းအရှည်ဆုံးကိုင်တွယ်ခဲ့တဲ့ နည်းပြအဖြစ် စံချိန်တင်ထားနိုင်တဲ့ မန်ယူနည်းပြ ဖာဂူဆန်ဟာ တကယ်တမ်းမှာတော့ မန်ယူအသင်းရဲ့ ထင်ရှားတဲ့အမှတ်အသားတစ်ခုလို ဖြစ်နေပါတယ်။

စွဲကျန်ရစ်ဝဲနေ

မန်ယူနဲ့ဖာဂူဆန်ဟာ ခွဲခြားလို့မရဘဲ တစ်သားတည်းဖြစ်နေတာမို့ကမ္ဘာတစ်ဝန်းက မန်ယူပရိသတ်တွေအတွက် ဒီသတင်းဟာ ဝမ်းနည်းစရာသတင်းပဲ ဖြစ်နေပါတယ်။ ဘောလုံးကွင်းထဲမှာ နူပျိုတဲ့ မန်ယူကစားသမားတွေနဲ့အတူ အောင်ပွဲတွေရချိန် ဖာဂူဆန်ပြုံးပန်းပွင့်ခဲ့တာတွေ၊ ရှုံးပွဲကြုံရချိန်မှာ ပြုံမလိုမိုးလို ကြေကွဲခံစားခဲ့ရတဲ့ ပုံရိပ်တွေဟာ ကမ္ဘာတစ်ဝန်းက မန်ယူပရိသတ်မျက်ဝန်းထဲမှာ စွဲကျန်ရစ်ဝဲနေကြတာပါပဲ။

ပြောကြား

မန်ယူနည်းပြဘဝကနေပြီး နောက်နှစ်မှာ အနားယူတော့မယ်လို့ ပြောကြားတဲ့ဖာဂူဆန်ရဲ့သားဖြစ်သူဒါရင်ဖာဂူဆန်ဟာ

အင်္ဂလိပ်လိဂ်ဝမ်း အသင်းတစ်သင်းဖြစ်တဲ့ ပီတာဘိုရော့ ကလပ်ရဲ့နည်းပြအဖြစ်တာဝန်ယူဆောင်ရွက်နေသူဖြစ်ပါတယ်။ သူကတော့ "အဖေဟာ လာမယ့်နှစ်ဘောလုံးရာသီကုန်မှာ မန်ယူအသင်းနည်းပြအဖြစ်က အနားယူပါလိမ့်မယ်။ ကျန်းမာရေးကောင်းနေရင် ဘောလုံးအသင်းတစ်သင်းကို ထူထောင်ဖို့လည်း ဆန္ဒရှိနေပါတယ်" လို့ပြောကြားလိုက်ပါတယ်။

ရေပန်းစားနေ

ဒါ့အပြင် ဒါရင်ဖာဂူဆန်က ဆက်ပြောတာကတော့ "အဖေ့ရဲ့ အခုလိုဆုံးဖြတ်ချက်ဟာ ဒီနှစ်ပရီမီယာလိဂ်ဖလားကို လီဗာပူးတို့ ဆွတ်ခူးသွားမယ်ဆိုရင်ပိုပြီး ခိုင်မာသွားမှာပါ" လို့ပြောကြားနေပါတယ်။ လီဗာပူးအသင်းဟာ ဒီနှစ်ပရီမီယာလိဂ်ဖလားကို ရရှိဖို့ရေပန်းစားနေပြီး မန်ယူကို ဖိအားပေးနေတဲ့ အသင်းဖြစ်ပါတယ်။

ဖာဂူဆန်ဟာ လွန်ခဲ့တဲ့ ၂၀၀၁-၂၀၀၂ခုနှစ်တုန်းကလည်း မန်ယူနည်းပြအဖြစ်က အနားယူဖို့စီစဉ်ခဲ့သလို အသက် ၆၅နှစ်ပြည့်တုန်းကလည်း အနားယူဖို့ကြိုးစားခဲ့ပေမယ့် လက်တွေ့အကောင်အထည် မဖော်နိုင်ခဲ့ပါဘူး။

စောင့်ကြည့်

ဖာဂူဆန်ကိုယ်တိုင်ကလည်း အသက် ၇၀ပြည့်ပြီး နောက်ပိုင်းမှာတော့ နည်းပြအလုပ်ကို လုံးဝမလုပ်ဘဲ အနားယူတော့မယ်လို့ အခိုင်အမာပြောကြားထားပါတယ်။ မိမိဟာ အသက်အရွယ်နဲ့မမျှတဲ့ တာဝန်ကို ထမ်းဆောင်ဖို့အထိ မစွန့်စားပါဘူးလို့ ပြောကြားနေတာမို့ နောက်နှစ်မှာ မန်ယူကလပ်ကို နှုတ်ဆက်ထွက်ခွာမှုရှိ မရှိ ကိုတော့ စောင့်ကြည့်ရမှာ ဖြစ်ပါတယ်။ ။ **(အင်တာနက်)**

ကလေးငယ်များ နေ့စဉ်ငါးမိနစ်ခန့် ကိုယ်လက်လှုပ်ရှားမှုပြုလုပ်လျှင် အဝလွန်မှုနှင့် ဆက်စပ်ရောဂါများ မဖြစ်ပွားနိုင်ဟုဆို

ကလေးငယ်များအနေဖြင့် တစ်နေ့လျှင် ငါးမိနစ်ခန့် ကိုယ်လက်လှုပ်ရှားလေ့ကျင့်ခန်းများ ပြုလုပ်ပေးပါက ငယ်ရွယ်စဉ်ဘဝ၌ အဝလွန်မှုမဖြစ်ပေါ်နိုင်ကြောင်း ဗြိတိသျှသုတေသနပညာရှင်များက ပြောကြားသည်။

ကလေးငယ်များဆိုသည်မှာ ငါးနှစ်မှ ရှစ်နှစ်အတွင်းရှိ ကလေးငယ်များကို ဆိုလိုခြင်းဖြစ်ပြီး အသက်ရှစ်နှစ်မှ ၁၇နှစ်အတွင်း လူငယ်များလည်း ပါဝင်ကြောင်း သိရသည်။

သတိပေးထား

အချို့ကလေးငယ်များသည် လှုပ်ရှားမှုနည်းတတ်ကြသည်ဖြစ်ရာ ကလေးငယ်ဘဝ၌ ကိုယ်လက်လှုပ်ရှားမှုနည်းခဲ့သည့် ကလေးငယ်များသည် ကိုယ်အလေးချိန်များကာ အဝလွန်မှုဖြစ်ပေါ်စေနိုင်ကြောင်း ၎င်းတို့က သတိပေးထားသည်။

နည်းပါး

ကလေးငယ်များအား ကိုယ်လက်လှုပ်ရှားမှုဆိုရာတွင် ပုံမှန်ပြေးလွှား ဆော့ကစားသည့်အချိန်များ မပါဝင်ဘဲ သီးခြား ကိုယ်လက်လေ့ကျင့်ခန်းမျိုးဖြစ်ကြောင်း၊ နေ့စဉ်အနည်းဆုံး ငါးမိနစ်ခန့် ကိုယ်လက်လှုပ်ရှားမှုပြုလုပ်ခဲ့သော ကလေးငယ်များသည် အသက်အရွယ်ရလာသည့်အခါ သွေးတိုးနှင့် ဆီးချိုရောဂါဖြစ်ပွားစေမှု နည်းပါးစေကြောင်း ၎င်းတို့က ပြောကြားသည်။

အင်တာနက်ကျန်းမာရေး

ဘဝအမောပြေ

စူပါမင်း....

မူလတန်းကျောင်းတစ်ကျောင်း၌ တပည့်များအား ဆရာမက မေးခွန်းများ မေးလျက်ရှိသည်။

ဆရာမ ။ ။ ဝွန်… မင်းအဖေ ဘာအလုပ်လုပ်သလဲ…
ဝွန် ။ ။ လေယာဉ်မှူး
ဆရာမ ။ ။ ကောင်းတယ်…စမစ်အဖေကရော ဘာလုပ်သလဲပြောပါဦး။
စမစ် ။ ။ ဆရာဝန်
ဆရာမ ။ ။ ဟုတ်ပြီ…ဂျက်အဖေကရော ဘာအလုပ်လုပ်သလဲ ပြောပြပါဦး။
ဂျက် ။ ။ ဆုံးသွားပါပြီ။
ဆရာမ ။ ။ ဟုတ်လား… စိတ်မကောင်းပါဘူး။ မဆုံးခင်က ဘာလုပ်ခဲ့သလဲ…
ဂျက် ။ ။ စူပါမင်း…
ဆရာမ ။ ။ အိုး…ကမ္ဘာကျော်ပဲ…သရုပ်ဆောင်သိပ်ကောင်းတဲ့ သူပေါ့…
ဂျက် ။ ။ မဟုတ်ဘူးဆရာမ…စူပါမင်းလို ဝတ်ဆင်ပြီး အထပ်၃၀ အမြင့်က ခုန်ချလိုက်တာပါ။
ဆရာမ ။ ။ ‘ဟေ’

ဘဝဒဿန

■ *Better die with the sword, than by the sword.*

ဓားဖြင့် အထိုးခံရ၍ သေဆုံးရခြင်းထက် ဓားဖြင့် ခုခံတိုက်ခိုက်၍ သေဆုံးရခြင်းက ပိုကောင်းသေးသည်။

ဆင်မြူယယ်ဒယ်နရယ်လ်
(အင်္ဂလိပ်လူမျိုး ကဗျာဆရာ)

နိုင်ငံတကာ သတင်း စုစည်းဘာသာပြန်သူများ

တိုး၊ မောင်မောင်မြင့်ဆွေ၊ မြင့်မောင်စိုး ချစ်စိုးနိုင်၊ တင်မာဝင်းနှင့် အေးသန္တာသိန်း

ဇီဝသိပ္ပံ

ဆင်နှင့်တူသော ငါးမျိုးစိတ်တွေ့ရှိ

အင်ဒိုနီးရှားကမ်းလွန်ရေနက်ပိုင်း၌ ဆင်ပုံသဏ္ဌာန် ခန္ဓာကိုယ်အရွယ်အစားရှိသော ငါးမန်းမျိုးစိတ်ကို တွေ့ရှိရကြောင်း စင်ကာပူနိုင်ငံမှ အဏ္ဏဝါဗေဒ သုတေသနပညာရှင်များက ပြောကြားသည်။

ရှာဖွေတွေ့ရှိ

ဦးခေါင်းနှင့်အမြီးပိုင်းသည် ငါးမန်းတစ်ကောင်၏ ပုံသဏ္ဌာန်အတိုင်းဖြစ်သော်လည်း ခန္ဓာကိုယ်မှာ ဆင်တစ်ကောင်၏ ကိုယ်လုံးကဲ့သို့ရှိကြောင်း၊ ရေနက်ပိုင်းများ၌သာ ကျက်စားလေ့ရှိကြောင်း၊ ငါးမန်းမျိုးစိတ်အသစ် ရှာဖွေတွေ့ရှိရခြင်းဖြစ်သည်ဟု ၎င်းတို့က ဆက်လက် ပြောကြားသည်။

ပြောကြား

ဆင်၏ခန္ဓာကိုယ်နှင့်တူသော ငါးမန်းများမှာ လွန်ခဲ့သောနှစ်ပေါင်းသန်း ၄၅၀ခန့်က သမုဒ္ဒရာနှင့် ပင်လယ်များပြောင်းလဲမှုဖြစ်စဉ်အရ ပေါက်ဖွားခဲ့သည့် ငါးမန်းမျိုးစိတ်ဖြစ်နိုင်ကြောင်း ၎င်းတို့က ပြောကြားသည်။

ကြောက်ရွံ့

အဆိုပါ ငါးမန်းမျိုးစိတ်သည် မျိုးပေါက်ဖွားမှုနည်းကြပြီး ပင်လယ်နှင့် သမုဒ္ဒရာတို့၏ ရေနက်ပိုင်း၌သာ ကျင်လည်ကျက်စားကာ နေထိုင်လေ့ရှိသဖြင့် လူတို့နှင့် ထိတွေ့မှုကို ကြောက်ရွံ့လျက်ရှိနေတတ်ကြောင်း သိရသည်။ **(အင်တာနက်)**

စင်ကာပူသမ္မတနိုင်ငံ၏ သမိုင်းကြောင်း

သတင်းအက်ဆေး

စင်ကာပူ သမ္မတနိုင်ငံသည် အရှေ့တောင်အာရှတွင် တည်ရှိသည်။ ဤနိုင်ငံသည် အရှေ့တောင်အာရှဒေသမှ အဆင့်မြင့်နည်းပညာ ပိုင်ဆိုင်ပြီး ချမ်းသာသော မြို့ပြနိုင်ငံ ဖြစ်သည်။

စင်ကာပူအပါအဝင် ကျွန်းပေါင်း ၆၃ကျွန်းဖြင့် ဖွဲ့စည်းထားသည့် ဤနိုင်ငံမှာ ယခုအခါတွင် နိုင်ငံအကျယ်အဝန်း ၇၀၄ စတုရန်းကီလိုမီတာရှိပြီး လူဦးရေ လေးသန်းကျော်သာရှိသော်လည်း စီးပွားရေးတောင့်တင်းသည်။ ကမ္ဘာပေါ်တွင် လူနေမှုအဆင့်အတန်း မြင့်မားသည့် နိုင်ငံတစ်နိုင်ငံလည်း ဖြစ်သည်။

အမျိုးအပြားရှိ

လူဦးရေ တိုးပွားရေးနှင့်တကွ ပြည်သူများအနေဖြင့် အင်္ဂလိပ် ဘာသာစကားကို အဆင့်မြင့်မြင့် ပြောဆိုကြရေးကို အစိုးရက အားပေးလှုံ့ဆော်ထားသည်။ လူဦးရေ၏ ၇၅ရာခိုင်နှုန်းမှာ တရုတ်လူမျိုးဖြစ်သည်။ ကျန်အများစုက မလေးနှင့်အိန္ဒိယလူမျိုးများ ဖြစ်သည်။ နိုင်ငံခြားသား အလုပ်သမား အမျိုးအပြားရှိသည်။

တွင်ကျယ်လာ

စင်ကာပူကျွန်းပေါ်တွင် ဗြိတိသျှအရှေ့အိန္ဒိယကုမ္ပဏီမှ ဆာစတမ်းဖို့ရက်ဖဲလ်က ၁၈၁၉ခုနှစ်တွင် ကုန်သွယ်ရေးစခန်း စတင်ထူထောင်ခဲ့သည်။ ၁၈၆၇ခုနှစ်တွင် ဗြိတိသျှလက်အောက်ခံ ကိုလိုနီ ဖြစ်လာသည်။ ၁၈၆၉ခုနှစ် စူးအက်တူးမြောင်း ဖွင့်လှစ်သောအခါ စင်ကာပူကုန်သွယ်ရေး ကြီးထွားကျယ်ပြန့်လာသည်။ ၁၉၂၂ခုနှစ်တွင် ဗြိတိန်၏ အရှေ့အာရှ ရေတပ်စခန်းဌာနချုပ် ဖြစ်လာသည်။

၁၉၄၁ ခုနှစ် ဒုတိယကမ္ဘာစစ်ကြီးအတွင်း ဂျပန်တို့က ဗုံးကြဲချသည်။ ၁၉၄၂ခုနှစ်တွင် ဂျပန်လက်အောက်ရောက်သွားသည်။ ၁၉၄၅ခုနှစ် ဂျပန်စစ်ရှုံးသောအခါ စင်ကာပူမှာ ဗြိတိန်စစ်အုပ်ချုပ်မှုအောက် ရောက်သွားရသည်။ ၁၉၅၉ခုနှစ်တွင် ဝန်ကြီးချုပ်လီကွမ်ယုလက်အောက်တွင် ကိုယ်ပိုင်အုပ်ချုပ်ခွင့် ရရှိသည်။ ၁၉၆၃ခုနှစ်တွင် စင်ကာပူသည် မလေးဖက်ဒရေးရှင်းသို့ ဝင်ရောက်သည်။ ၁၉၆၅ခုနှစ် ရောက်သောအခါ ခွဲထွက်လိုက်သည်။ လွတ်လပ်သော သမ္မတနိုင်ငံ ဖြစ်လာသည်။ ကုလသမဂ္ဂအဖွဲ့ကြီးသို့ ဝင်ရောက်သည်။

ဆုတ်ခွာ

၁၉၆၇ခုနှစ်တွင် ဤနိုင်ငံသည် အရှေ့တောင်အာရှနိုင်ငံများအသင်း (အာဆီယံ)၏ မူလထူထောင်သည့် အသင်းဝင်နိုင်ငံ ဖြစ်သည်။ ၁၉၇၁ခုနှစ်တွင် ဗြိတိသျှနောက်ဆုံးတပ်ဖွဲ့ ဤနိုင်ငံမှ ဆုတ်ခွာသွားသည်။

သမ္မတဖြစ်လာ

၁၉၉၀ပြည့်နှစ်တွင် ဝန်ကြီးချုပ်လီကွမ်ယုသည် ၃၁နှစ်ကြာ နိုင်ငံတာဝန်ထမ်းဆောင်အပြီး ဝန်ကြီးချုပ်ရာထူးမှ နုတ်ထွက်သည်။ ဝန်ကြီးချုပ်သစ် ဂိုချောက်တောင်ဖြစ်လာသည်။ သို့သော် လီကွမ်ယုက ဝါရင့်ဝန်ကြီးအဖြစ် စင်ကာပူအစိုးရအဖွဲ့တွင် ဆက်ရှိနေသည်။ ၁၉၉၃ခုနှစ်တွင် အွန်တိမ်ချောင်းသည် စင်ကာပူနိုင်ငံ၏ ပထမဆုံးတိုက်ရိုက်ရွေးချယ် တင်မြှောက်ခံရသည့် သမ္မတဖြစ်လာသည်။ ၁၉၉၉ခုနှစ်တွင် အက်စ်အာရ်နေသန် သမ္မတဖြစ်လာသည်။ ၂၀၀၅ခုနှစ် စက်တင်ဘာတွင် ဒုတိယအကြိမ် ခြောက်နှစ်သက်တမ်းအတွက် သမ္မတဖြစ်လာပြန်သည်။

စင်ကာပူအပါအဝင် ကျွန်းပေါင်း ၆၃ကျွန်းဖြင့် ဖွဲ့စည်းထားသည့် ဤနိုင်ငံမှာ ယခုအခါတွင် နိုင်ငံအကျယ်အဝန်း ၇၀၄ စတုရန်းကီလိုမီတာရှိပြီး လူဦးရေ လေးသန်းကျော်သာ ရှိသော်လည်း စီးပွားရေး တောင့်တင်း။ ကမ္ဘာပေါ်တွင် လူနေမှုအဆင့်အတန်း မြင့်မားသည့် နိုင်ငံတစ်နိုင်ငံလည်းဖြစ်။



၂၀၀၁ခုနှစ် စက်တင်ဘာတွင် မလေးရှားနှင့် စင်ကာပူနှစ်နိုင်ငံသည် ရေဝေခြမ်းရေးမှသည် လေကြောင်းပိုင်နက်အထိ အကျုံးဝင်သော အချိန်ရှည်ကြာစွာ နှစ်နိုင်ငံအငြင်းပွားမှုများကို အဆုံးသတ်ရန် သဘောတူကြသည်။

လက်မှတ်ထိုး

၂၀၀၂ခုနှစ် ဇန်နဝါရီလတွင် ဂျပန်နှင့် လွတ်လပ်စွာကုန်သွယ်ရေးကိုလည်းကောင်း၊ ၂၀၀၃ခုနှစ် မေလတွင် အမေရိကန်နှင့် လွတ်လပ်စွာကုန်သွယ်ရေးကိုလည်း နှစ်ဖက်သဘောတူ လက်မှတ်ထိုးသည်။

တာဝန်ယူ

၂၀၀၄ခုနှစ် ဩဂုတ်လတွင် လီကွမ်ယု၏သားကြီးဩရသ လီရှန်လွန်းသည် ဝန်ကြီးချုပ်အဖြစ် ကျမ်းသစ္စာကျိန်ဆို ရာထူးလက်ခံသည်။ တစ်ဖန် ဝန်ကြီးချုပ်ဟောင်း ဂိုချောက်တောင်က ဝါရင့်ဝန်ကြီးအဖြစ် အစိုးရအဖွဲ့တွင် ဆက်လက်တာဝန်ယူသည်။

လူကြိုက်များ

၂၀၀၆ခုနှစ် မေလတွင် ရွေးကောက်ပွဲကျင်းပသောအခါ ဝန်ကြီးချုပ်လီရှန်လွန်း၏ အာဏာရပြည်သူ့အက်ရှင်ပါတီ(ပီအေပီ)က အနိုင်ရသည်။ ယင်းမှာ ဝန်ကြီးချုပ်အပေါ် လူကြိုက်များကြောင်း စမ်းသပ်တွေ့ရှိရခြင်း ဖြစ်သည်။

လက်ခံကျင်းပ

၂၀၀၆ခုနှစ် စက်တင်ဘာလတွင် စင်ကာပူနိုင်ငံက နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့(အိုင်အမ်အက်ဖ်)နှင့် ကမ္ဘာ့ဘဏ်တို့၏ နှစ်ပတ်လည်အစည်းအဝေးကို အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့သည်။

စမ်းသပ်ပျံသန်း

၂၀၀၇ခုနှစ် အောက်တိုဘာလတွင် ကမ္ဘာ့အကြီးဆုံး ခရီးသည်တင်လေယာဉ် ဖြစ်သည့် အဲယားဘတ်စ် အေ-၃၈၀ကို စင်ကာပူမှ ဆစ်ဒနီသို့ အောင်မြင်စွာ စမ်းသပ်ပျံသန်းနိုင်ခဲ့သည်။ ။

ကိုးကား-အင်တာနက်

တိုး ရေးသားသည်

တီးတိန်မြို့နယ်စည်ပင် လမ်းတာချဲ့လုပ်ငန်းဖွင့်

တီးတိန် မတ် ၂၉

(၆၄)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် တီးတိန်မြို့နယ် ဆွောင်းပီးကျေးရွာ လမ်းတာချဲ့ခြင်းလုပ်ငန်း ဖွင့်ပွဲအခမ်းအနားကို မတ် ၂၃ ရက်က အဆိုပါမုခ်ဦး၌ကျင်းပရာ ဆွောင်းပီး ကျေးရွာဥက္ကဋ္ဌ ဦးရှင်းထွန်းစိန်နှင့် အမှုဆောင်အရာရှိ ဦးနန်ဒိုးဆူမ်းမန်တို့က ဖဲကြိုး ဖြတ်ဖွင့်လှစ်ပေးခဲ့သည်။

(မြို့နယ် ပြန်/ဆက်)



ဝမ်းတွင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်ဆောင်ရွက်သော မိုးရေလျှောင်ကန် တည်ဆောက်ခြင်းလုပ်ငန်းကို မတ် ၅ရက်က မန္တလေးတိုင်းစည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးထွန်းဇော်ချစ် ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိက ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

မီးဘေးကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောပွဲနှင့် လက်တွေ့မီးငြိမ်းသတ်မှု သံဖြူဇရပ်၌ သရုပ်ပြသ

သံဖြူဇရပ် မတ် ၂၁

မီးလောင်မှုမဖြစ်ပွားစေရေး၊ မီးဘေးကြိုတင်ကာကွယ်တားဆီးရေးအတွက် ပြည်သူများသိရှိလိုက်နာ ဆောင်ရွက်ရေး အသိပညာပေး ဟောပြောပွဲကို မတ် ၉ ရက် နံနက်ပိုင်းက သံဖြူဇရပ်မြို့နယ် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှင်းလင်းပြောကြား

အခမ်းအနားတွင် မြို့နယ်မီးဘေးကာကွယ်တားဆီးရေးကော်မတီဥက္ကဋ္ဌ မြို့နယ်ဥက္ကဋ္ဌ ဦးမောင်မောင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးညီလှ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမြင့်၊ မြို့နယ်မီးသတ် ဦးစီးဌာနမှူး ဦးမင်းခင်မောင်ဦးတို့က မီးဘေးကြိုတင်ကာကွယ်တားဆီးရေးဆိုင်ရာ အသိပညာပေးမှုများကို ရှင်းလင်းပြောကြားသည်။

အသုံးပြုပုံ

ဆက်လက်၍ မြို့နယ်မီးသတ်ဦးစီးဌာနမှူးနှင့်တပ်ဖွဲ့ဝင်များက တက်ရောက်လာကြသူများအား ရုံးရှေ့တွင် မီးသတ်ဆေးဘူးအသုံးပြု၍ လက်တွေ့မီးငြိမ်းသတ်နည်း သရုပ်ပြပြီး ပြည်သူများကိုယ်တိုင် မီးသတ်ဆေးဘူး ကိုင်တွယ်အသုံးပြုပုံ ပြသခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)** **(မြို့နယ် ပြန်/ဆက်)**

အထွက်တိုးပြောင်း တိုးချဲ့စိုက်ပျိုးရေး မြေပြုပြင်

နောင်ချို မတ် ၂၅

ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချို မြို့နယ်အတွင်းရှိ ပြောင်းစိုက်ပျိုးသည့် တောင်သူကြီးတို့သည် ၂၀၀၉ခုနှစ် မိုးရာသီ ပထမပတ်အတွင်း အထွက်တိုး ပြောင်းဖူး များကို ယမန်နှစ်ကထက် ယခုနှစ်ပြောင်း စိုက်ရာသီတွင် တိုးချဲ့စိုက်ပျိုးကြမည်ဖြစ်ရာ မတ်လဆန်းပိုင်းမှစပြီး မြေများပြုပြင်ခြင်း၊ မြေဩဇာများ စုဆောင်းခြင်းနှင့် ထယ်ရေး လှန်ခြင်း စသည့်လုပ်ငန်းများကို စတင် ဆောင်ရွက်လျက်ရှိရာ ပြောင်းစိုက်တောင်သူ ဦးကြီးများက ပြောင်းစိုက်ခင်းများတွင် နှစ်သီးစားသီးညှပ်အဖြစ် ဆီထွက်နေကြာ၊ ပဲစင်းငုံစသည့် သီးနှံများကို သီးညှပ်အဖြစ် စိုက်ပျိုးကြမည်ဖြစ်သည်။ (ဝ၂၅)

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် ရဲတပ်ဖွဲ့မှူးရုံးကကြီးမှူး၍ ကျိုက်ထိုမြို့နယ်ရှိ ရပ်ကွက်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များအား မူခင်းကျဆင်းရေး အသိပညာပေးဟောပြောပွဲကို မတ်၁၄ရက်က မြို့နယ်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးခင်အောင်က မူခင်းကျဆင်းရေး အတွက် ဥပဒေနှင့်အညီ နေထိုင်ကျင့်ကြံသွားရေးတို့ကို အသိပညာပေး ဆွေးနွေးဟောပြောစဉ်။ (သတင်းစဉ်)

ပုဏ္ဏားကျွန်းမြို့နယ် အောင်ဖြူပြင်ကျေးရွာ စာကြည့်တိုက် အောင်နေလင်း အုတ်မြစ်စီမင်္ဂလာကျင်းပ

ပုဏ္ဏားကျွန်း မတ် ၁၅

ပုဏ္ဏားကျွန်းမြို့နယ် အောင်ဖြူပြင်ကျေးရွာရှိ အောင်နေလင်းစာကြည့်တိုက် အုတ်မြစ်စီ မင်္ဂလာအခမ်းအနားကို မတ် ၈ရက် နံနက် ၉ နာရီက အဆိုပါစာကြည့်တိုက်ပိုင်မြေနေရာ၌ ကျင်းပသည်။

အုတ်မြစ်စီ

အခမ်းအနားတွင် မြို့နယ်အေးချမ်း သာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအတွင်း ရေးမှူး ဦးမြတ်ကျော်က အမှာစကားပြော ကြားပြီး မင်္ဂလာအုတ်မြစ်တော်ကို စီပေး သည်။ **(အပေါ်ပုံ)**

ပေးအပ်လှူဒါန်း

ဆက်လက်ပြီး ကျေးရွာရှိ စေတနာ ရှင်များက စာကြည့်တိုက်ပရိဘောဂများ အတွက် လှူဒါန်းငွေကျပ်သုံးသိန်းငါးသောင်း ကို ကျေးရွာဥက္ကဋ္ဌ ဦးစံယဉ်မောင်က ပေးအပ်လှူဒါန်းရာ မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးလှ ဘော်သူက လက်ခံယူကြောင်းသိရသည်။

(မြို့နယ် ပြန်/ဆက်)

မြို့နယ် သတင်းများ

ခန္တီးမြို့နယ် စည်ပင်သာယာရေး အဖွဲ့ မြို့တွင်းလမ်းများ ကောင်းမွန် စေရေး ဆောင်ရွက်လျက်ရှိရာ ဈေးလမ်း ကတ္တရာအဆင့်မြှင့်တင်ခြင်းအတွက် ကျောက်ခင်းမှုကို အမှုဆောင်အရာရှိ ဦးစိုးအောင် ကွင်းဆင်းစစ်ဆေးစဉ်။

(မြို့နယ်စည်ပင်)

ကျီးခါးမြို့ ရေပေးရေး တိုးချဲ့ဆောင်ရွက်

ကျီးခါး မတ် ၂၃

ကျီးခါးမြို့ သောက်သုံးရေဖူလုံစွာ ရရှိရေးအတွက် စည်ပင်သာယာရေးဦးစီးဌာန(ရုံးချုပ်)မှ အိပ်ချ်ဒီပီအီးပိုက် ၁၁၂ချောင်း ထောက်ပံ့ပေးခဲ့ရာ ကျီးခါးမြို့နယ်မှ ခြောက်မိုင်ခွဲခန့် ကွာဝေးသော လန်လွီးစိမ့်စမ်းရေထွက်မှ သွယ်တန်းတပ်ဆင်ပြီးစီးခဲ့ပြီး မတ် ၂၀ရက်က ဒေသခံပြည်သူများ သောက်သုံးရေဖူလုံစွာ ရရှိမှုကို မြို့တာဝန်ခံ ဦးဝုန့်ပြင်းထန် ကြီးကြပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ထန်းတပင် ပြန်/ဆက်ရုံး၌ စာအုပ်များ ပေးအပ်လှူဒါန်း

ထန်းတပင် မတ် ၂၃

ရန်ကုန်မြောက်ပိုင်းခရိုင် (အင်းစိန်) ထန်းတပင်မြို့နယ်ရုံး၌ မတ် ၁၉ရက်မွန်းလွဲ ၂နာရီက စာအုပ်လှူဒါန်းပွဲ ကျင်းပခဲ့ပြီး အဆိုပါ လှူဒါန်းပွဲတွင် မြို့နယ်အမျိုးသမီး ရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ပေါက်ပေါက်က ဂျာနယ်၊ မဂ္ဂဇင်းမျိုးစုံ အုပ် ၅၀ လှူဒါန်းရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံ ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်ငြိမ်းငြိမ်းက လက်ခံယူသည်။

(မြို့နယ် ပြန်/ဆက်)

အကြိမ်(၉၀)ပြည့် သွေးလှူဒါန်း

ရန်ကုန် မတ် ၂၉

ပညာရေးဝန်ကြီးဌာန ပညာရေး စီမံကိန်းနှင့်လေ့ကျင့်ရေးဦးစီးဌာန (ပြည်ပ သင်တန်း)မှ လူမှုထူးချွန် ပထမဆင့် ဦးကံ ညွန့်**(အပေါ်ပုံ)**သည် ဖေဖော်ဝါရီ ၅ရက်က နေပြည်တော် ခုတင်၁၀၀၀ဆံ့ ဆေးရုံကြီး သွေးလှူဘဏ်သို့ အကြိမ် (၉၀)ပြည့် သွေးလှူဒါန်းခဲ့သည်။ **(မြန်မာ့အလင်း)**

မှုခင်းသတင်း ဖြူးမြို့၌ ကုန်တင်ယာဉ်တိမ်းမှောက် နှစ်ဦးသေဆုံးပြီး နှစ်ဦးဒဏ်ရာပြင်းထန်

ဖြူး မတ် ၁၀

ဖြူးမြို့နယ် ဖြူးမြို့အနောက်မြောက်ဘက် ခြောက်မိုင်ခန့်အကွာ ပဲခူးရိုးမတောင်ပေါ် ဖြူးချောင်းတာတမံစီမံကိန်း ဆည်မြောင်းလမ်းပေါ်တွင်ပုဂ္ဂလိကကုန်တင်မော်တော်ယာဉ် တစ်စီးတိမ်းမှောက်ရာ ယာဉ်ပေါ်ပါ အလုပ်သမားလေးဦးအနက် နှစ်ဦးမှာပွဲချင်းပြီးသေဆုံး ပြီး နှစ်ဦးမှာ ဒဏ်ရာပြင်းထန်စွာရရှိခဲ့သည်။

ဖြစ်ပွားပုံမှာ ဖေဖော်ဝါရီ ၆ရက် ည ၁၀နာရီခန့်တွင် ပဲခူးရိုးမတောင်ပေါ် ဆည်မြောင်း လမ်းအတိုင်း ယာဉ်မောင်း သက်နိုင်ဝင်း အသက်(၄၀) (ဘ)ဦးခင်မောင်ဝင်း ဖြူးမြို့ မြို့မအနောက်ရပ်ကွက် မောင်းနှင်သော ယာဉ်အမှတ် ယာယီ ၅၆/ အပြာရောင် ထော်လာဂျီ ယာဉ်ဖြင့် ဆည်မြောင်းလုပ်ငန်းသုံးပစ္စည်းများ တင်ဆောင်မောင်းနှင်လာစဉ် သရက်ပင် မောင်နှမ တောင်အတက် ဆည်မြောင်းလမ်း မိုင်တိုင် အမှတ် ၅/၄နှင့် ၅/၅ အကြား ရောက်ရှိစဉ် အရှိန်မထိန်းနိုင်ဘဲ လမ်း၏ယာဘက် ရေဆင်းမြောင်းထဲထိုးကျ တိမ်းမှောက် သွားခဲ့သည်။ ယာဉ်ပေါ်မှ လိုက်ပါစီးနင်းလာသည့် ဖြူးမြို့ မြို့မအနောက်ရပ်ကွက်နေ ကျော်မင်းဦး(၁၉နှစ်) (ဘ)ဦးကံဆောင်၊ ထွန်းထွန်းဦး(၂၁နှစ်) (ဘ)ဦးစန်းကို နှစ်ဦးမှာ ဒဏ်ရာများ ပြင်းထန်စွာရရှိသွားသဖြင့် ဖြူးမြို့နယ်ဆေးရုံသို့ တင်ပို့လိုက်ရပြီး လူချော(ခ) အောင်ဇော်ထွန်း အသက်(၂၀) (ဘ)ဦးသိန်းဇော်နှင့် အေးမင်းဖြိုး အသက်(၂၀) (ဘ)ဦးသန်း ဝင်းတို့ နှစ်ဦးမှာ နေရာတွင်ပင် ပွဲချင်းပြီး သေဆုံးခဲ့သည်။

ယာဉ်ကို မဆင်မခြင် မောင်းနှင်သူ သက်နိုင်ဝင်းအား ဖြူးမြို့နယ်ရဲစခန်းမှ ပြစ်မှု ဥပဒေပုဒ်မ ၃၀၄-ကအရ အမှုဖွင့် အရေးယူထားကြောင်း သိရသည်။ (ဝ၅၁)

မြင်းခြံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့တွင်းလမ်းဘေးဝဲယာများတွင် ချုံနွယ်များနှင့် အမှိုက်များ မရှိစေရေးအတွက် မတ် ၁၂ရက်က အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးလေးလွင်ဦးစီး၍ အဖွဲ့ဝင်များဖြင့် မင်းရဲကျော်စွာလမ်းဘေး ဝဲယာတစ်လျှောက် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

(၆၄)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ပဲခူးတိုင်း ကျောက်တံခါးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ပဲနွယ်ကုန်း-ကြိမ်ခါးကုန်း ကျေးလက်ဂဝံလမ်းသစ် ဖွင့်ပွဲအခမ်းအနားကို မတ် ၂၃ ရက်က အဆိုပါလမ်းသစ် မုခ်ဦး၌ကျင်းပရာ တာဝန်ရှိသူများနှင့် ကျေးရွာရပ်မိရပ်ဖ ဦးကျော်မြင့်တို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ် ပြန်/ဆက်)

တောင်ကြီး စည်ပင်သာယာရေးအဖွဲ့ နောင်အင်လမ်း ကတ္တရာလမ်းသစ်ဖွင့်

တောင်ကြီး မတ် ၂၆

(၆၄)နှစ်မြောက်တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် တောင်ကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဆောင်ရွက်သည့် တောင်ကြီးမြို့နယ် အေးသာယာမြို့သစ် နောင်အင်လမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲကို မတ် ၂၃ရက် နံနက် ၈ နာရီက အဆိုပါလမ်းသစ်ထိပ် မုခ်ဦး၌ ကျင်းပသည်။

ရှေးဦးစွာတောင်ကြီးမြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးအောင်မြင့်က လမ်းသစ်နှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဦးခင်မောင်ကြီးနှင့် ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်မြင့်ဆွေတို့က လမ်းသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ အဆိုပါ နောင်အင်ကတ္တရာလမ်းမှာ လမ်းအရှည် ပေ ၁၅၀၀၊ အကျယ် ၁၂ပေရှိပြီး စည်ပင်သာယာရေးအဖွဲ့ ရန်ပုံငွေကျပ်၄၉သိန်းကျော်ဖြင့် အကုန်အကျခံ၍ ဆောင်ရွက်ကြောင်း သိရသည်။ **(တောင်ကြီးကိုယ်ပွား)**

ဗဟန်းပြန်/ဆက် စာဖတ်စွမ်းရည်ပြိုင်ပွဲဆုချီးမြှင့်

ရန်ကုန် မတ် ၂၉

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဗဟန်းမြို့နယ်ရုံးက ကြီးမှူး ကျင်းပသော စာဖတ်စွမ်းရည်ပြိုင်ပွဲ၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် ဟောပြောပွဲ ဖွင့်ပွဲအခမ်းအနားကို မတ်၂၃ရက် နံနက် ၁၀နာရီက ဗိုလ်စိန်မှန်ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ ကျင်းပရာ မြို့နယ်ဦးစီးမှူး ဒေါ်အေးအေးဆင့်နှင့် ဗိုလ်စိန်မှန်ရပ်ကွက် ဥက္ကဋ္ဌဦးတင့်ဝေတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ရှေးဦးစွာ ဗိုလ်စိန်မှန်ရပ်ကွက်ဥက္ကဋ္ဌ ဦးတင့်ဝေက အဖွင့်အမှာစကား ပြောကြားပြီး မြို့နယ်ဦးစီးမှူးဒေါ်အေးအေးဆင့်က စာဖတ်စွမ်းရည်ပြိုင်ပွဲကျင်းပရခြင်း ရည်ရွယ်ချက်၊ စာကြည့်တိုက်ရေရှည်တည်တံ့ခိုင်မြဲရေး၊ စံ(၅)ရပ်နှင့်အညီ ဆောင်ရွက်နိုင်ရေးတို့ကို ရှင်းလင်းပြောကြားသည်။

ပေးအပ်ချီးမြှင့်

ဆက်လက်၍ စာဖတ်စွမ်းရည်ပြိုင်ပွဲ ကျင်းပရာ ချစ်နိုင်(စိတ်ပညာ)ရေးသားသော အသက်နှစ်ဆယ်အရွယ်များသို့ စာအုပ်မှ ပေတစ်ပင်လုံးခေါင်းစဉ်ကို ဖတ်ကြားပြီး ပထမဆုရရှိသည့် မောင်အောင်ကောင်းဇော်အား မြို့နယ်ဦးစီးမှူးဒေါ်အေးအေးဆင့်က ဆုများ ပေးအပ်ချီးမြှင့်ကြောင်း သိရသည်။**(အပေါ်ပုံ)** **(မြို့နယ် ပြန်/ဆက်)**

ရွှေကူ မင်းရဲကျော်စွာလမ်း ကတ္တရာလမ်းသစ်ဖွင့်

ရွှေကူ မတ် ၂၈

(၆၄)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ကချင်ပြည်နယ် ဗန်းမော်ခရိုင် ရွှေကူမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၈-၂၀၀၉ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်သော အမှတ်(၄)ရပ်ကွက် မင်းရဲကျော်စွာလမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို မတ် ၂၅ရက်က ကျင်းပသည်။

အခမ်းအနားတွင် နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီးခင်မောင်မော်က အဖွင့်အမှာစကားပြောကြားပြီး ကတ္တရာလမ်းသစ်ကို နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီး ခင်မောင်မော်၊ မြို့နယ်ဥက္ကဋ္ဌ ဦးကြည်ဝင်းနှင့် အမှုဆောင်အရာရှိ ဦးခင်အောင်နီတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ကြပြီး လမ်းဖွင့်ပွဲအထိမ်းအမှတ်အလံများကို စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးခင်အောင်နီက ဗိုလ်မှူးကြီးခင်မောင်မော်ထံပေးအပ်သည်။

ကုန်ကျငွေ

အဆိုပါ မင်းရဲကျော်စွာ ကတ္တရာလမ်းသစ်မှာ အကျယ် ၁၂ပေ၊ အရှည် ပေ ၁၀၀၀ရှိပြီး လမ်းကုန်ကျငွေမှာ ကျပ် ၅၇သိန်းခန့်ဖြင့် အကုန်အကျခံဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ပုလောမြို့နယ် စည်ပင်သာယာဈေးကြီးအတွင်း မီးဘေးကြိုတင်ကာကွယ်ရေး ဓာတ်တိုက်လေ့ကျင့်မှုလုပ်ငန်းကို ဖေဖော်ဝါရီ ၁၈ရက်က မြို့နယ်ဥက္ကဋ္ဌဦးညွန့်ငွေ၊ အမှုဆောင်အရာရှိဦးဇော်နိုင်ဦး၊ မြို့နယ်မီးသတ်တာဝန်ခံဦးအောင်ကျော်မြင့်နှင့်ဈေးအကျိုးတော်ဆောင်အဖွဲ့ ဦးကြည်စိုးတို့ ကြီးကြပ်ဆောင်ရွက်ပေးစဉ်။ (မြို့နယ်စည်ပင်)

လှိုင်းဘွဲ့မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးအတွင်း မီးဘေးကြိုတင် ကာကွယ်တားဆီးရေးအတွက် ဖေဖော်ဝါရီ ၂ရက်က မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ ဈေးအရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဈေးသူ ဈေးသားများ စုပေါင်း၍ မီးငြိမ်းသတ်မှု ဓာတ်တိုက် လေ့ကျင့်မှုကိုအမှုဆောင်အရာရှိဦးမောင်မောင်ငြိမ်၊ မြို့နယ်ဥက္ကဋ္ဌ ဦးကြည်သက်မောင်နှင့် မြို့နယ်မီးသတ်တပ်ဖွဲ့မှူး ဦးဌေးဝင်းတို့ ကြီးကြပ်၍ စုပေါင်း လေ့ကျင့်ကြစဉ်။ (မြို့နယ်စည်ပင်)



မွန်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအေးဆွေ မတ် ၅ ရက်က သံဖြူဇရပ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့လယ်ပန်းခြံကို ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးမြင့်က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

အင်္ဂပူမြို့နယ်စည်ပင်အဖွဲ့ ကတ္တရာထပ်ပိုးလွှာခင်း

အင်္ဂပူ မတ် ၂၂

အင်္ဂပူမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်အတွင်း မြို့ပြလမ်းများ ကောင်းမွန်ရေးအတွက် ငွေလုံးငွေရင်းလုပ်ငန်းဖြင့် ဆောင်ရွက်သည့် မဲဇလီကုန်း-ဘူတာလမ်း အရှည် ၁၆၁၃ပေ၊ အကျယ် ၁၀ ပေရှိ ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းကို ဖေဖော်ဝါရီ ၂၅ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးခင်မောင်ဦးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးတင်မောင်စိုးတို့ ကွင်းဆင်းကြီးကြပ်ဆောင်ရွက်ပေးကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

ရှင်တစ်ထောင် အလှူတော်မင်္ဂလာ

'သပြေမင်း ပြည်ပအလုပ်အကိုင်ရှာဖွေရေးကုမ္ပဏီ'မှ ပရိက္ခရာ (၈)ပါးနှင့် အကျွေးအမွေးတာဝန်ယူကြီးမှူး၍ ၃-၅-၂၀၀၉ရက်(တနင်္ဂနွေနေ့)တွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တ ဇာဂရာဘိဝံသအားအမှူးထား၍ ရှင်တစ်ထောင်ရဟန်းခံ၊ ရှင်ပြု၊ သီလရှင်ဝတ် အလှူတော်မင်္ဂလာကို ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် (စွယ်တော်မြတ်စေတီအနီး) နာဂလိုဏ်ဂူဘုရားကုန်းမြေ ကလေးဝတောရစာသင်တိုက်၌ ကျင်းပပြုလုပ်ပါမည်။ သို့ဖြစ်ပါ၍ ရဟန်းခံ၊ ရှင်ပြု၊ သီလရှင်ဝတ်ရန် ဆန္ဒရှိကုန်သော 'သပြေမင်း ပြည်ပအလုပ်အကိုင်ရှာဖွေရေး ကုမ္ပဏီ'၏ နယ်ကိုယ်စားလှယ်များ၊ ပြည်ပနိုင်ငံများသို့ သွားရောက်၍ အလုပ်လုပ်ကိုင်နေကြသော အလုပ်သမားများ၏ သား၊ သမီး၊ မိသားစုအရင်းအချာများသည် ၁၀-၄-၂၀၀၉ရက်(သောကြာနေ့)နောက်ဆုံးထား၍ ဤကုမ္ပဏီတွင် စာရင်းပေးသွင်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်အပ်ပါသည်။

ဆက်သွယ်ရန်
အမှတ်(၁၄၁/၁၄၅)၊ တတိယထပ်
ဗိုလ်အောင်ကျော်လမ်း၊
ကျောက်တံတားမြို့နယ်
ဖုန်း-၃၈၁၉၉၀၊ ၃၇၅၅၇၄၊၇၀၄၅၀၉၊
၀၉-၈၅-၈၆၃၆၀၊ ၀၉-၈၅-၈၆၃၆၁

ဦးခင်မောင်သန်း-ဒေါ်သီဂီနွယ်
သမီး မဆုရည်အောင်၊ သား မောင်ကောင်းဇင်လှိုင်
သပြေမင်း ပြည်ပအလုပ်အကိုင်ရှာဖွေရေး
ကုမ္ပဏီ မိသားစု။

Time ရုံးသုံးကွန်ပျူတာ
InterNet7000

ဖြူးမဟာစည်(ရန်ကုန်)သင်္ကြန်တွင်း တရားစခန်းကျင်းပမည်

ရန်ကုန်တိုင်း၊ လှိုင်မြို့နယ်၊ အမှတ်(၅)ရပ်ကွက်၊ (ကမာရွတ်ဘူတာအနီး) ဓမ္မရက္ခိတ ဖြူးမဟာစည်သာသနာ့ရိပ်သာ၌(၁၃)ကြိမ်မြောက် မဟာစည် သတိပဋ္ဌာန် ဝိပဿနာ သင်္ကြန်တွင်း ၁၅ရက် အထူးတရားစခန်းကို ၁၃၇၀ပြည့်နှစ် နှောင်းတန်ခူးလပြည့်ကျော် ၁ရက်၊ (၁၀-၄-၂၀၀၉ရက်)မှ ၁၃၇၁ခုနှစ် ကဆုန်လဆန်း ၁ရက် (၂၄-၄-၂၀၀၉ရက်) အထိ ဘဒ္ဒန္တနရပတိ (သာသနဓဇ ဓမ္မာစရိယ၊ ဓမ္မကထိက ဗဟုဇနဟိတဓရ) ကမ္ဘာ့ဗုဒ္ဓသာသနာပြု ဖြူးဆရာတော်ဦးစီး၍ ဖွင့်လှစ်မည်ဖြစ်ရာ တရားစခန်းဝင်လိုသူများ ကြိုတင်စာရင်းပေးရန်နှင့် အရဏ်ဆွမ်း၊ နေ့ဆွမ်း၊ ဖျော်ရည် လှူဒါန်းလိုသူများ ဖုန်း-၀၁-၅၃၀၀၆၈၊ ၅၀၁၈၄၆ (လိုင်းခွဲ-၁၈၁)သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

YANGON METAL INDUSTRY CO., LTD.
ဘက်ထရီ
အိုးဟောင်းများဝယ်သည်
TOYO,GS,3K,FB,YUASA,YUCON

20 Ah	(2,100)	NS100	(80 Ah)	(7,700)
35 Ah	(3,500)		100 Ah	(9,000)
45 Ah	(4,200)	N120PP	(110 Ah)	(10,500)
60 Ah	(6,000)		120 Ah	(12,000)
70 Ah	(7,000)		150 Ah	(14,000)
75 Ah	(7,400)		200 Ah	(18,000)

Ph:682268
Ph: 252495, 250241
YMI
F/S14
Ph:527667, 701719, 701720

မြန်မာ့အလင်းသတင်းစာကြော်ငြာများ အောက်ပါလိပ်စာများ၌ထည့်သွင်းနိုင်

ရန်ကုန် မတ် ၂၉

သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း မြန်မာ့အလင်းသတင်းစာတွင် ရန်ကုန်မြို့မှ ကြော်ငြာထည့်သွင်း လိုသော ကြော်ငြာရှင်များ ဆက်သွယ်သွားလာမှု လွယ်ကူစေရန်အတွက် လက်ရှိ **အမှတ် ၅၃၊ နတ်မောက်လမ်းသွယ်(၁)၊ ဗဟန်းမြို့နယ်၊ ဖုန်း-၅၄၅၈၃၄** ၌ ကြော်ငြာများ နေ့စဉ်လက်ခံနေသည့် အပြင် အထူးအစီအစဉ်ဖြင့် **အမှတ် ၇၇၊ ၅၂လမ်း၊ (မဟာဗန္ဓုလလမ်းထောင့်) ကြေးမုံသတင်းစာတိုက် ဖုန်း-၂၉၉၄၂၇**တွင်လည်း မြန်မာ့အလင်းသတင်းစာ ကြော်ငြာဌာနကို တိုးချဲ့ဖွင့်လှစ်၍ ကြော်ငြာများ လက်ခံပေးလျက်ရှိပါသည်။ **အထက်ပါနှစ်နေရာတွင်သာ လာရောက်ထည့်သွင်းကြပါရန် ဖော်ပြအပ် ပါသည်။** **(မြန်မာ့အလင်း)**

မာလာတင်

အမျိုးသမီးကိုယ်ကာယအလှသင်တန်း

စာရင်းလက်ခံပြီ

၄-၅-၂၀၀၉ရက်စမည်၊ စုံစမ်းချိန် နံနက် ၉နာရီမှ ညနေ ၆နာရီအတွင်း လူဦးရေကန့်သတ်သည်။ အမှတ် ၂၉၇၊ အခန်း(၆)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၃၇၉၇၃၅၊ ၃၈၄၉၂၄။

စာအုပ်စာပေ လှူမိတ်ဆွေ

လေနှင့် ရေလှိုင်းစွမ်းအားတို့ဖြင့် အင်တာနက်ထုတ်လွှင့်မည်

ဘာသာပြန်သတင်းမှတ်စု - မိုးမြင့်လင်းလက်၊ စာမျက်နှာဖွဲ့စည်းမှု - ဟန်စိုး (မြန်မာ့အလင်း)



လေနှင့် ပင်လယ်ရေလှိုင်းများ၏ စွမ်းအားဖြင့် အင်တာနက်ထုတ်လွှင့်မှုများ ပြုလုပ်ရန် ဂူဂဲလ်အင်တာနက်လိုင်းမှ ပညာရှင်များက စီစဉ်နေပြီဖြစ်သည်။

ထုတ်လွှင့်မှု

ပင်လယ်ရေပေါ်တွင် ပေါ်နေမည့် အင်တာနက်ရုံများကို တည်ဆောက်ကာ တာဘိုင်များ၊ ဂျင်နရေတာများအားဖြင့် အင်တာနက်ထုတ်လွှင့်မှုများကို ပြုလုပ်မည်ဖြစ်ရာ ပါဝင် ဖွဲ့စည်းထားသည့် ပစ္စည်းများမှာမူ များပြားလှသည်။

စာမျက်နှာ ၃ ကော်လံ ၃

နိုင်ငံရေးဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့်အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ကိုယ့်နိုင်ငံ၊ ကိုယ့်လူမျိုးအတွက် ကမ္ဘာလုံး လွှမ်းခြုံဖြစ်ပေါ်မှုအစဉ်မှ ကောင်းတာတွေကို လေ့လာရွေးချယ်ယူနိုင်ရမည်ဖြစ်သကဲ့သို့ ဆိုးတာတွေကိုလည်း မှတ်ယူဖယ်ရှား ရှောင်ကြဉ်နိုင်ကြရမည်ဖြစ်သည်။ ယင်းသို့ ဆောင်ရွက်နိုင်ရန်အတွက် အရေးအကြီးဆုံးအချက်မှာ နိုင်ငံသူ နိုင်ငံသားအားလုံး "ကိုယ်ခံအား" ကောင်းနေကြရန် လိုအပ်မည်ဖြစ်သည်။

ကျော်ဦးဆွေ၏ ဆောင်းပါး စာ-၁၀ နှင့် ၁၁တွင် ဖတ်ရှုနိုင်ပါသည်။

လျှပ်စစ်သုံးလျှင်
သတိယှဉ်
ဝန်အားမမျှ မသုံးရ

သတင်းခရီးသည် - ထိန်လင်း (မြန်မာ့အလင်း)
ဓာတ်ပုံမှတ်တမ်း - အောင်သန်း(မင်္ဂလာတောင်ညွန့်)
စာမျက်နှာဖွဲ့စည်းမှု - ဉာဏ်ဖြိုး (မြန်မာ့အလင်း)

သစ်သီးဝလံနှင့် ရေထွက်ပစ္စည်း ကုန်စည်ဒိုင်များဖွင့်ပြီး မြန်မာနိုင်ငံဘက်တွင် အရောင်းအဝယ်ဈေးကွက်ဖြစ်နေသည့်

မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်တွင် ရောင်းချမည့် သစ်သီးဝလံများကို တရုတ်ကုန်သည်များက ဈေးပြိုင်စနစ်ဖြင့် ဝယ်ယူရန် ကုန်စည်ဒိုင်စင်မြင့်မှ ဤသို့ ကြည့်ရှုကြသည်။ (မြန်မာ့အလင်း)

မူဆယ် မတ် ၂၉

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကွမ်းလုံမြို့တွင် ရောက်ရှိနေသော မြန်မာ့အလင်းသတင်းအဖွဲ့သည် မူဆယ်မြို့၏ ဖွံ့ဖြိုးတိုးတက်မှုများကို သတင်းဆောင်းပါး ရေးသားရန်အတွက် ကွမ်းလုံမြို့မှတစ်ဆင့် မူဆယ်မြို့သို့ ခရီးဆက်ခဲ့ကြသည်။

မတ်၅ရက် နံနက်၁၁နာရီ....။

ကွမ်းလုံမြို့မှ သိန်းနီ၊ သိန်းနီမှ ကွတ်ခိုင် စသော မြို့များကို ဖြတ်သန်းခဲ့ရပြီး ညနေပိုင်းတွင် မူဆယ်မြို့သို့ ရောက်ရှိခဲ့သည်။

စည်ကားမှု

မူဆယ်မြို့သို့ ရောက်လျှင် ရောက်ချင်း နယ်စပ်ဒေသ မူဆယ်မြို့၏ ဖွံ့ဖြိုးတိုးတက် စည်ကားမှုမြင်ကွင်းကို တွေ့မြင်လိုက်ရသည်နှင့် အံ့သြဘနန်း ဖြစ်ရသည်။ မူဆယ်မြို့တွင်းတွင် သပ်ရပ်ကောင်းမွန်သော လူနေအိမ်ရာ တိုက်တာ အဆောက်အအုံများ၊ ဟိုတယ်ကြီးများ၊ တည်းခိုခန်းများ၊ စူပါမားကက်ကြီးများ၊ လမ်းတစ်ဖက်တစ်ချက်တွင် ဈေးဆိုင်များဖြင့် စည်ကားနေသကဲ့သို့

စာမျက်နှာ ၉ ကော်လံ ၁

30-3 (20).pmd 1 3/30/2009, 1:54 AM